ဓမ္မဘောဂီစာစဉ်(၁၀)



# ဓမ္မဘောဂီအရှင်ပိရိယ

(တောင်စွန်း)

## လောကကျက်သရေ


# ကျက်သရေလမ်းညွှန်

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။ ။


ဓမ္မပဒ - ၁၄၆

When this world is ever ablaze,
Why this laughter, Why this Jubilation?
Shrouded in darkness ,
will you not seek the light?

ကိလေသာမီး လောကမီးတွေ ညီးညီးပြောင်ပြောင်
အမြဲ တောက်လောင်နေပါလျက်
ဘာကြောင့် ပျော်ရွှင်ဝမ်းမြောက်နေကြသလဲ။
အမှောင်ထုကြီး ကာဆီးပိတ်ပုံးထားပါလျက်
ဘာကြောင့် လင်းရာကို မရှာမှီးကြသလဲ။ ။



ဓမ္မဘေရီ အရှင်ဝီရိယ



"တစ်လောကလုံး ကျက်သရေရှိစေချင်တာ
စာရေးသူရဲ့ စေတနာပါ။
တစ်လောကလုံး ဖြစ်ဖို့ဆိုတာ
တစ်ယောက်ကပဲ စ ရတာဖြစ်လို့
တစ်ယောက်တလေ ကျက်သရေကိုသိပြီး
ကျက်သရေ ရှိသွားမယ်ဆိုရင်လည်း ကျေနပ်စရာပါ။
အဲဒီတစ်ယောက်ဟာ စာဖတ်သူကိုယ်တိုင်
ဖြစ်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့။ ။"

/ ဓမ္မဘောရီ အရှင်ဝီရိယ /



တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက အရှင်ဝီရိယအား
"နိကာယဒွေဓာတက ဒီဃဘာဏက"ဘွဲ့လက်မှတ် ပေးအပ်စဉ် (၁၃၄၂ - ခု)

## ဝီရိယပုဂ္ဂိုလ်အကျဉ်း

၁။ ၁၃၀၇ ခုနှစ်တွင် နတ်မောက်မြို့နယ်၊ ဥယျာဉ်တောင်ရွာမှာ ဦးသု + ဒေါ်မင်းစိန်တို့က မွေးဖွားတယ်။

၂။ ၁၃၁၉ နှစ်မှာ ရှင်သာမဏေပြုပြီး၊ ၁၃၂၃ နှစ်မှာ အမရပူရ တူမောင်းတိုက်ကို ပညာသင်ရောက်ရှိ။

၃။ ၁၃၂၅ ခုနှစ်မှာ ပထမငယ်တန်း တစ်နိုင်ငံလုံး တတိယဖြင့် အောင်မြင်၊ ၁၃၂၆ ခုနှစ်မှစ၍
တူမောင်းတိုက်မှာ သာမဏေဘဝဖြင့် စာချ စာသင် နှစ်တာဝန်ကို ထမ်းဆောင်ခဲ့။

၄။ ၁၃၃၂ ခုနှစ်မှာ သာသနဓဇ ဓမ္မစရိယဘွဲ့ အောင်မြင်ရရှိ။ ၁၃၄၂ ခုနှစ် တိပိဋကရွေးချယ်ရေး
စာမေးပွဲမှာ ပိဋကတစ်ပုံဆောင် ဒီဃဘာဏက ဘွဲ့ရရှိ။ ၁၃၄၃ ခုနှစ်မှာ" ဒီဃနိကာယအဋ္ဌကထာ ဓမ္မာစရိယ"
ဘွဲ့ကို တစ်နိုင်ငံလုံး ဒုတိယဖြင့် အောင်မြင်ရရှိ။

၅။ ၁၃၄၂ နှစ်ကစပြီး အမရပူရမြို့ တူမောင်းတိုက်၊ တောင်ကြီးမြို့ - သိမ်တောင်ပရိယတ္တိတိုက်တို့မှာ
ပဋ္ဌာန်းညဝါကို နှစ်စဉ် တစ်နှစ် (၂)ကြိမ် ပို့ချခဲ့။

၆။ ၁၃၆၀ နှစ်မှစပြီး မော်ဘီမြို့ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်မှာ
အဘိဓမ္မာ နေ့ဝါနှင့် ပဋ္ဌာန်းညဝါ ကို ယခုတိုင် ပို့ချဆဲ။

၇။ ၂၀၀၀ ခုနှစ်မှစပြီး စာရေးဆရာကြီး မောင်မဲ၊ ကံထွန်းသစ် နှင့် ရဝေနွယ်(အင်းမ)တို့ရဲ့
တိုက်တွန်းမှုအရ မြတ်သတိဝါဒီ၊ ဓမ္မရိပ်၊ ဓမ္မဗျူဟာ၊ အတွေးသစ်၊ အလင်းတန်း၊ ရွှေမန္တလေး တို့မှာ
မထေရ်မြတ်တို့ စကားဝိုင်းနှင့် ဓမ္မရေးရာ စာပေများ ရေးသားခဲ့ပြီး၊ အခါအားလျော်စွာ
တရားဓမ္မဟောကြားခြင်း၊ ယဉ်ကျေးလိမ္မာကလေးသင်တန်းများ ပို့ချခြင်း စတဲ့ လောကရေး၊ ဓမ္မရေး
အလုပ်များကို စွမ်းနိုင်သမျှ လုပ်ဆောင်နေပါတယ်။
လုံးချင်း စာအုပ်များအဖြစ် မထေရ်မြတ်တို့ စကားဝိုင်း၊ ကြောက်တတ်ရင်ရှေ့တိုး၊
လျှောက်တတ်ရင် လမ်း၊ စိန်ခေါ်ရင် တိမ်ပေါ်ရောက်ရမယ်၊ အောင်ပွဲဆင်မယ့် ခြေလမ်းများ၊
ဖောင်ဖျက်တိုက်ပွဲ၊ ရှင်ရာဟုလာရတဲ့ အမွေများ၊ တရားဦး၊ ယောကျ်ားမြတ်တို့ အမှတ်လက္ခဏာ၊
ဘုန်းရယ်ကံရယ်ကုသိုလ်ရယ် စတဲ့ စာအုပ်ကြီးငယ် (၁၇)အုပ်တို့ ထွက်ရှိပြီး ဖြစ်ပါတယ်။

# မာတိကာ


၁ ■ လောကကျက်သရေ ၁

၂ ■ လက်တစ်ဘက်တော့ စင်ကြယ်ပါစေ ၁၃

၃ ■ ကျက်သရေရှိသူ ၂၃

၄ ■ အနေရိုးစေ၊ အသိတိုးစေ ၃၁

၅ ■ ကျက်သရေဆုံမှတ် ၃၉

၆ ■ ရွှေခိုးတဲ့ ပန်းထိမ် နှင့် ရေမထိုးတဲ့ တံငါ ၄၉

၇ ■ ကျက်သရေရိပ် ၅၉

၈ ■ ကောင်းကင်လုံး ပျံ့နှံ့သွားစေတဲ့ တိမ်တိုက်ကလေးများ ၆၇

၉ ■ မျိုးစေ့တို့ရဲ့ လားရာ ၇၇

၁၀ ■ နှလုံးကောင်းဒါရိုက်တာ၊ အာဇာနည် သရုပ်ဆောင်နှင့် မြင့်မြတ်ဇာတ်လမ်း ၈၅


၁၁ ■ ဘုရားပေးတဲ့ ဇာတ်ညွှန်း ၉၅

၁၂ ■ ရင်သွေးမဟုတ်တဲ့ ရင်နှစ် ၁၀၅

၁၃ ■ ရင်နှစ်မဟုတ်တဲ့ ရင်သွေး ၁၁၃

၁၄ ■ မခံနိုင်စိတ်နဲ့ မခံချင်စိတ် ၁၂၇

၁၅ ■ အမတာမော်ကွန်း ၁၃၉



လောကကျက်သရေ

နမော ဗုဒ္ဓဿ

## လောက ကျက်သရေ

အသစ်တရား ခေတ်စားပါစေ၊
အဟောင်းတရား ကောင်းစားပါစေ။
အသိတရား ချည့်မသွားစေ၊
အဲဒါမှ လောကကျက်သရေ။
– ကံထွန်းသစ်

ဒီကဗျာတိုကလေးကို လွန်ခဲ့တဲ့နှစ်(၂၀)ခန့်က ငွေတာရီမဂ္ဂဇင်းကြီးမှာ ညွှန့်ခံကဗျာအဖြစ်နဲ့ သီးခြားဖော်ပြတာကို တွေ့လိုက်ရလို့ ဖတ်ကြည့်မိရာက ခုထိမှတ်မိနေသလို၊ ဒီကဗျာအကြောင်း အကျယ်ချဲ့စဉ်းစားမိတဲ့အခါမှာတော့ ဒီကဗျာဟာ လောက, ဓမ္မနှစ်ဌာနလုံးကို ကျွမ်းကျွမ်းကျင်ကျင် ခြုံငုံမိတဲ့ စာဆိုရှင်တစ်ဦးရဲ့ လက်ရာကောင်းကလေးပဲလို့လည်း မှတ်ချက်ချလိုက်မိပါတယ်။

ဒီကဗျာတိုတိုကလေးကို မဂ္ဂဇင်းကြီးတစ်စောင်က ဘာဖြစ်လို့ ဧည့်ခံကဗျာအဖြစ်နဲ့ ဖေါ်ပြရသလဲဆိုတာကိုလည်း အထပ်ထပ် ရွတ်ဆိုကြည့်လေ သဘောပေါက်လေပဲ၊ ဟုတ်တယ်၊ တချို့က စာပေ,ဂီတ, အနုပညာနယ်ပယ်မှာပဲဖြစ်ဖြစ်၊ လူသုံးကုန်တွေနဲ့ လူမှုရေး, စီးပွားရေး, နိုင်ငံရေးနယ်ပယ်တွေမှာပဲဖြစ်ဖြစ်၊ အသစ်အသစ်တွေ ပေါ်ပေါက်လာတာကို ကြောက်စရာလန့်စရာ တစ်ခုလို အတော်လေး မခံမရပ်နိုင် ဖြစ်နေကြတယ်၊ ဝတ်စား ဆင်ယင်မှုတွေ၊ ပြုပြင်ချယ်သမှုတွေမှာ ဆိုရင်တော့ ပိုလို့ တောင် ဆိုးသေးလို့ဆိုရလိမ့်မယ်။

ကဗျာဆရာကတော့ အသစ်တရားတွေနဲ့ ပတ်သက်လို့ ဒီလိုတစ်ဖက်သတ်သဘောမထားပါဘူး၊ သူ့ခေတ်နဲ့သူ ခေတ်စားပါစေတဲ့၊ ဟုတ်တာပေါ့ .. အသစ်တွေသာ ခေတ်စားမလာဘူး ဆိုရင် 'ခေတ်မီတိုးတက်တယ်' ဆိုတာလည်း ဘယ်လိုလုပ်ရှိနိုင်တော့မှာလဲ၊ အရိုးဆုံး အရှင်းဆုံး နဲ့ အနီးဆုံးကို ကြည့်မယ်ဆိုရင် 'မျိုးဆက်သစ်' ဆိုတဲ့ အသစ်တရားတွေ ခေတ်မစားဘဲ ဆိတ်သုဉ်းသွားမယ်ဆိုရင် 'မျိုးချစ်စိတ်'ဆိုတာကကော ဘယ်အမျိုးကို ဘယ်အမျိုးက ချစ်ရမှာလဲ။

ဒီနေ့ ခေတ်မီတိုးတက်တယ်ဆိုတဲ့ အရာတွေအားလုံး ဟာ အသစ်တရားတွေ တိုးတက်ဖြစ်ပေါ်နေတာကိုပဲ

ဆိုနေကြတာ မဟုတ်လား၊ သမိုင်းနဲ့ချီပြီးပြောရရင် ကြီးကျယ် လွန်းရာများ ကျနေမလားတော့မသိဘူး၊ အသစ်တရားတွေ သာ ခေတ်စားမလာဘူးဆိုရင် တောနေဂူအောင်း ကျောက် ခေတ်ကြီးကနေ ဒီနေ့မျက်မှောက်ခေတ်မျိုးအထိ ပြောင်းလဲ တိုးတက်မှု ဘယ်လိုလုပ်ဖြစ်လာပါ့မလဲနော်။ ဒါကြောင့် ကဗျာစာဆိုက 'အသစ်တရား ခေတ်စားပါစေ' လို့ မုဒိတာ အပြည့်နဲ့ တောင်းဆိုလိုက်တာ ဖြစ်မှာပါ။

တချို့ကတော့ အဟောင်းတရားတွေကို သိပ် ကြောက်ကြတာလည်း ရှိတယ်၊ အနီးကပ်ဆုံးအဖြစ်နဲ့ လူတွေကို မေးကြည့်ဖူးတယ် 'ခန္ဓာကိုယ်ကြီး ဟောင်းလာ တာဟာ ကောင်းသလား၊ မကောင်းဘူးလား'လို့၊ အားလုံး တပြိုင်နက် ပဲ 'မကောင်းပါဘူး' လို့ဖြေကြပါတယ်။

ဟုတ်တော့လည်းဟုတ်ပါတယ်၊ ပုဂ္ဂလိက ခံစားချက်၊ ကစ်နည်းပြောရရင်တော့ ကိုယ်ကျိုးအတွက် သက်သက် ကြည့်ရင်တော့ ခန္ဓာကိုယ်ကြီး အိုလာတာ၊ ဟောင်းလာတာ မကောင်းဘူးလို့ခံစားကြရမှာပါ။ အားလုံးက အမြဲနုပျို နေချင်ကြတာကိုး။

အဲဒီလိုအခွင့်အရေးမျိုး ဟိုး .. ဘိုးဘွားဘီဘင် အဆက်ဆက်တွေကလည်း တောင့်တခဲ့ကြမှာပဲ၊ တကယ်လို့ သာ တောင့်တတိုင်းပြည့်ဝသွားကြလို့ သူတို့တွေသာ မအို၊ မနာ၊ မသေကြဘူးဆိုရင် လောကကြီး ဘယ်လိုများ ဖြစ်နေ

ကြမလဲလို့ မေးကြည့်တဲ့ အခါမှာတော့ အားလုံးက 'ဟဲ' ကနဲ အသံထွက်သွားကြတယ်။ အိုမျိုး၊ နာမျိုး၊ သေမျိုး တွေဖြစ်နေကြတာတောင် ဒီလောက်လောဘ ဒေါသ မာန်မာနတွေနဲ့ ကိုယ်ကျိုးအတွက် သူကျိုးတွေကို ဖျက်ကွယ် ပြုနေကြသေးရင် မအို၊ မနာ၊ မသေကြဘူးသာဆိုရင် သဘာဝမသတ်ရင် ငါကသတ်မယ် ဆိုတာတွေ တိုးပွား ဆိုးဝါးမလာ လောက်ပေဘူးလား၊ ပြီးတော့ ဘိုးဘွားဘင်ဘီ တွေ အဆက်ဆက် မသေကြဘူးဆိုရင်ကော လူ့ဘုံ လောကကြီးဟာ ဘယ်လိုနေကြမလဲ၊ ခြေချစရာမဆိုထားနဲ့ အသက်ရှူစရာကွက်လပ်တောင်မရှိတဲ့ 'အဝီစိ' ဆိုတဲ့ ငရဲဘုံကြီးလို ဖြစ်မသွားလောက်ပေဘူးလားလို့ ထပ်မေး တော့မှ 'အိုတာလည်း ကောင်းပါတယ်'တို့၊ ဘိုးဘွား ဘီဘင်တို့ ပုံမှန်အတိုင်း သေပေးကြလို့သာ တို့တစ်တွေ မြေပြင်ပေါ် ခြေချစရာ ကွက်လပ်ကလေးတွေ ရှိနေတာ တို့ဆိုတဲ့ အဖြေမှန်၊ အမြင်မှန်တွေ ထွက်လာကြပါတယ်။

အတွေ့အကြုံတို့၊ ဘာသာတရားတို့၊ ယဉ်ကျေးမှု တို့၊ အစဉ်အလာကောင်းတို့၊ မျိုးချစ်စိတ်တို့ ဆိုတာတွေ ကလည်း အဟောင်းတရားတို့ ကောင်းစားခွင့်ပြုမှ ရရှိနိုင်တဲ့ လောကရဲ့ အနှစ်ကျရတနာ၊ အမတေတရားဟောင်းတွေပဲ မဟုတ်လား။ ဒါကြောင့်လည်း စာဆိုရှင်က 'အဟောင်း တရား ကောင်းစားပါစေ' လို့ မုဒိတာပွားလိုက်တာဖြစ်မှာပါ။

ဒါပေမယ့် ကဗျာစာဆိုရှင်က 'သစ်လွင်ရင် ချစ်ခင်ရမယ်'၊ 'အဟောင်းတရားအားလုံးက အကောင်းစားချည်းဖြစ်တယ်'လို့တော့ လက်လွတ်စပယ် ပြောတာမဟုတ်ပါဘူး၊ ဒီကဗျာရဲ့ အသက်ဝိညာဉ်ဖြစ်တဲ့ နောက်တစ်ပိုဒ်မှာ 'အသိတရားချည့်, မသွားစေ' လို့ သတိပေးထားပါတယ်။ 'အသစ်တရား'ဆိုပေမယ့် အသိဉာဏ်ကို ချည့်နဲ့သွားစေမယ်ဆိုရင် ခေတ်စားခွင့်ပြုဖို့ မတိုက်တွန်းသလို၊ အဟောင်းတရားများကိုလည်း ဒီလိုပါပဲ အသိတရား ထိပါးချည့်နဲ့စေတဲ့ အဟောင်းတရားများကို ကောင်းစားခွင့်မပြုဖို့ အလေးအနက် ကန့်ကွက်ထားပါတယ်။ နောက်ဆုံးတော့ အသိတရား တိုးပွါးခြင်းဟာ လောကကျက်သရေဖြစ်တယ်လို့ ခံယူတင်ပြထား တာပါ။

ဒီအပိုဒ်ကို ဖတ်ပြီးတဲ့အခါမှာတော့ ဒီကဗျာစာဆိုဟာ ရဟန်းတော်တစ်ပါးများ ဖြစ်လေမလားလို့ အတွေးရှိပါတယ်။

စာဆိုရှင်က 'ကျက်သရေ' အရ 'အသိတရား' လို့ ကောက်ချက်ချထားတာဟာ ပဓာနနည်းအရဖြစ်ပါတယ်။ အမှန်ကတော့ ကျက်သရေဆိုတာမှုချအားဖြင့်အသိတရားနဲ့ ကိုယ်ကျင့်တရားတို့ရဲ့ အမည်ဖြစ်တယ်။ အလျော်အနေနဲ့တော့ အသိတရား ကိုယ့်ကျင့်တရားတို့ရဲ့ အကျိုးဆက်ဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ပြည့်စုံတင့်တယ်မှု၊ ဘဝရဲ့ပြည့်စုံ

တင့်တယ်မှုများကိုလည်း ကျက်သရေလို့ ခေါ်ပါတယ်လို့ အဘိဓမ္မာဋီကာ (မူ၊ဋီ၊၁၊၈)မှာ ဖွင့်ဆိုပါတယ်။

ဦးဇင်းလေး(ရဝေနွယ်)က "ဘုန်းကြီးစာရေးတဲ့ အခါ လိုအပ်တဲ့ သာဓက ဝတ္ထုလေးတွေ ထည့်ပေးပါ၊ ဒါမှ စာဖတ်သူတွေပိုပြီး မှတ်ရလွယ်ကူမယ်" လို့တိုက်တွန်းခဲ့တာ အကြိမ်ကြိမ်ရှိနေပြီ၊ ဒါပေမယ့် စာရေးတာထက် စာချတာကို ပိုပြီးအားသန်တဲ့ မိမိအနေနဲ့ သတ်မှတ်ချိန်အတွင်းမှာ သိသင့်သိထိုက်တဲ့ သဘောတရားအချက်အလက် တင်ပြနိုင်ရေးကိုချည်း စိတ်ရောက်နေလို့ သာဓကဝတ္ထု ဖော်ပြတာနည်းတယ်၊ အခု ဒီအကြောင်းအရာလေးတွေကို ရေးနေရင်းတောင် ရဝေနွယ်တို့ အရှင်ဆန္ဒာဓိကတို့ဆိုရင်တော့ ဒီအကြောင်းအရာတွေကို ပိုပြီး သွက်သွက်လက်လက် မြိုင်မြိုင်ဆိုင်ဆိုင်ကလေး ဖြစ်မယ်လို့ အောက်မေ့မိသေးတယ်။ အခုတော့ကြုံတုန်း သာဓကလေးတစ်ခု ပြောချင်ပါတယ်။

တစ်ခါက မြတ်စွာဘုရားရှင်နဲ့ နောက်ပါ သံဃာတော် ငါးရာတို့ ဗိမ္ဗိသာရမင်းကြီးရဲ့ အင်ပါယာဖြစ်တဲ့ အင်္ဂတိုင်းမှာ ဒေသစာရီ လှည့်လည်ရင်း စမ္ပာဆိုတဲ့ တိုက်နယ်မြို့လေးကို ရောက်တဲ့အခါ ဒီမြို့ငယ်ကို အပိုင်စားရတဲ့ သောဏဒဏ္ဍပုဏ္ဏားကြီးနဲ့ နောက်ပါတပည့်တွေရယ် ထင်ရှားတဲ့ မြို့သူမြို့သား တွေရယ် ဘုရားရှင်ထံရောက်ပြီး

ခရီးဦးကြို နှုတ်ဆက်ကြပါတယ်။

ဗြဟ္မဏမျိုးနွယ်တို့ အလေးထားသင်ယူကြတဲ့ ဗေဒဝိဇ္ဇာပညာခေါ်တဲ့ ဗေဒကျမ်းများအကြောင်း ဆွေးနွေးကြတဲ့အခါမှာ ဘုရားရှင်က 'ဗေဒကျမ်းများရဲ့ အလိုအရ ဘယ်အချက်အလက်တွေနဲ့ ပြည့်စုံသူကို ဗြဟ္မဏစစ် ဗြဟ္မဏမှန်လို့ ပညတ်ပါသလဲ၊ (မြင့်မြတ်ပြီး ကျက်သရေနဲ့ ပြည့်စုံတဲ့ ဗြဟ္မဏလို့ ခေါ်ဆိုရပါသလဲ) လို့ မေးတော်မူပါတယ်။

၁။ အမျိုး ခုနစ်ဆက်တိုင်တိုင် ဇာတ်တစ်ပါးနဲ့ မရောနှောတဲ့ဗြဟ္မဏ စစ်စစ်ဖြစ်ခြင်း။

၂။ မန္တာန်များနဲ့ ဝေဒသုံးကျမ်းတို့ကို အာဂုံ နှုတ်တက်ဆောင်နိုင်ခြင်း။

၃။ ရုပ်အဆင်းအင်္ဂါ တင့်တယ်လှပခြင်း။

၄။ ကိုယ်ကျင့်သီလပြည့်စုံခြင်း။

၅။ အသိပညာနဲ့ပြည့်စုံခြင်း။

ဒီအင်္ဂါငါးချက်နဲ့ ပြည့်စုံသူကို မြင့်မြတ် ကျက်သရေရှိတဲ့ ဗြဟ္မဏလို့ ခေါ်ဆိုသတ်မှတ်ပါတယ်လို့ ပြန်ဖြေပါတယ်။

ဘုရားရှင်က 'ဒီအင်္ဂါငါးချက်ထဲက အင်္ဂါတစ်ပါးကို ချန်ထားမယ်ဆိုရင်ကော ကျက်သရေရှိသူ မဖြစ်နိုင်ဘူးလား'လို့ ထပ်မေးတော်မူပါတယ် မြတ်ဗုဒ္ဓအလိုတော်အရ

ဒီအင်္ဂါရပ်တွေထဲမှာ အရေးမပါတဲ့ အင်္ဂါရပ်တွေ ပါနေလို့ ခုလိုမေးတော်မူတာပါ။

'ရုပ်ဆင်းအင်္ဂါတင့်တယ်လှပခြင်း'ဆိုတဲ့ အင်္ဂါရပ်ကို ချန်ထားရင် ရပါတယ်ဘုရား၊ ကျန်တဲ့အင်္ဂါလေးပါးနဲ့ ပြည့်စုံရင်လဲ ဖြစ်ပါတယ်'တဲ့။

'နောက်ထပ် တစ်ပါးထပ်ပြီး လျှော့ပါဆိုရင်ကော" ဆိုတော့ "ဝေဒကျမ်းနဲ့ မန္တာန်တို့ကို နှုတ်တက်ဆောင်နိုင်ခြင်း" ဆိုတဲ့ အင်္ဂါရပ်ကို ချန်လှပ်လို့ရပါတယ်ဘုရား" ပြန်ဖြေပါတယ်။

ဒီအဖြေနှစ်ခုအထိတော့ နောက်လိုက် ဗြဟ္မဏတွေက ဘာမှ စောဒက မတက်သေးပါဘူး၊ ရုပ်ရည်ဘယ်လောက်ပဲ လှပတင့်တယ်နေနေ မန္တာန်တွေ တတွတ်တွတ် ဘယ်လောက်ပဲ ရွတ်နေနေ သူ့အသက်သတ်မှု၊ ခိုးမှု၊ သူများအိမ်ယာ ကျူးလွန်မှုစတဲ့ ဒုစရိုက်တွေပြုနေရင် ကျက်သရေရှိသူလို့ သတ်မှတ်လို့မှ မရဘဲကိုး။

ဒေးဒရဲမှာ နိကာယ်သင်တန်းတက်စဉ်က ဒီအကြောင်းကို ဆရာတော်ကြီးကရှင်းပြနေတုန်းမှာလည်း လာရောက်နာယူနေကြတဲ့ ပရိသတ်ထဲက 'ဖျန်း' ကနဲ ခြင်ရိုက်သံ ကြားလိုက် တော့ ကျန်တဲ့ပရိသတ်တွေက 'ဝါး' ကနဲ ရယ်လိုက် ကြတာ ဆရာတော်ကြီးများတောင်ပြုံးလာပြီး 'အေး .. တို့ဗုဒ္ဓ ဘာသာတွေထဲမှာလည်း ဘုရားဝတ်ပြုရင်း

မေတ္တာပို့ရင်းက ခြင်ရိုက်သူ ဘယ်နှယ်ယောက်ရှိမလဲဆိုတာ ခန့်မှန်းသာကြည့်ကြ ပေရော့ .. ဟော့' လို့ မိန့်ကြားတော်မူပါတယ် ။

'ကျန်တဲ့ အင်္ဂါသုံးရပ်ထဲကကော ထပ်ပြီး လျှော့လို့ မရနိုင်တော့ဘူးလား'ဆိုတဲ့အခါမှာတော့ 'အမျိုးဇာတ်စင်ကြယ်ခြင်း' ဆိုတဲ့ အင်္ဂါရပ်ကို ဖယ်ထားလို့ ရနိုင်ပါသေးတယ်ဘုရား' လို့ လဲပြန်ဖြေလိုက်ရော နောက်ပါ ပုဏ္ဏားပရိသတ်တွေ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီး 'အရှင်သောဏဒဏ္ဍ ဒီလိုမပြောပါနဲ့၊ ဒီလိုမပြောပါနဲ့၊ အရှင်ဟာ အဆင်းကိုရော၊ မန္တာန်ကိုရော ရှုတ်ချရုံမျှမက ဇာတ်ကိုပါ ရှုတ်ချစကားပြောလာတယ်၊ ဒါဟာ သက်သက်ဂေါတမဝါဒ နောက်လိုက်တာပဲ' ဆိုပြီး ပွက်လောရိုက်အောင် အော်ဟစ် ကန့်ကွက်ကြပါလေရော။

အဲဒီတော့ သောဏဒဏ္ဍက "ငါ့ရှင်တို့ ဒီလိုမထင်ကြနဲ့ ကဲ .. ငါရှင်းရှင်းပဲ ဥပမာပြမယ် အခုဒီနားမှာရှိတဲ့ ပရိသတ်ထဲမှာ အရှင်ဂေါတမကလွဲရင် ငါ့တူ အင်္ဂကလုလင်လောက် အဆင်းလှသူ ဘယ်သူရှိသေးလဲ၊ သူဟာ ဝေဒကျမ်းစုံနဲ့ မန္တာန်တွေကို တစ်ဘက်ကမ်းခတ် တတ်မြောက်တယ်ဆိုတာလည်း ငါကိုယ်တိုင် သင်ထားတာဖြစ်လို့ ဘာမှသံသယဖြစ်စရာမရှိဘူး၊ သူဟာ အမိ အဘနှစ်ဘက်လုံး စင်ကြယ်တဲ့ ဗြဟ္မဏဇာတ်ဖြစ်တယ်ဆိုတာလည်း ခုနစ်ဆက်

အထိ ငါသိပြီးသား၊ သင်တို့လည်း သံသယပွားကြမယ် မထင်ဘူး၊ အခု အဲဒီငါ့တူ သူ့အသက်ကို သတ်ပါပြီတဲ့ သူ့ဥစ္စာကိုခိုး၊ သူ့အိမ်ယာကျူးလွန်၊ မုသာဝါဒတွေပြော၊ သေအရက်တွေ သောက်စားလုပ်ပါပြီတဲ့၊ ကဲ . ဒီကိစ္စမှာ သူ့ရဲ့ရုပ်အဆင်းတွေ၊ မန္တာန်နဲ့ ဝေဒကျမ်းတွေ၊ အမျိုးဇာတ်တွေက ဘာများတတ်နိုင်သလဲ၊ သူ့အသက်သတ်ရင် သက်သတ်သမားပဲပေါ့၊ သူ့ဥစ္စာခိုးရင် သူခိုးပဲပေါ့၊ ဒါပဲ မဟုတ်လား၊ ဒါကြောင့် သီလနဲ့ ပညာဆိုတဲ့ အင်္ဂါနှစ်ပါးသာ အရေးအကြီးဆုံးပါလို့ ရှင်းပြလိုက်တော့မှ ဗြာဟ္မဏ ပရိသတ်ကြီးလဲ ငြိမ်ကျသွားတော့တယ်။

'ဒီနှစ်မျိုးထဲကကော ထပ်လျှော့လို့ရသေးသလား' လို့ မေးတဲ့အခါမှာတော့ 'မလျှော့နိုင်တော့ပါဘုရား၊ သီလနဲ့ သုတ်သင်မှ ပညာအရောင်တက်ပါတယ်၊ ပညာနဲ့ သုတ်သင်ပေးမှလည်း သီလဖြူစင်ပါတယ်၊ သီလရှိသူမှာသာ ပညာရှိတယ်၊ ပညာရှိမှလည်း သီလရှိနိုင်တယ်၊ သီလနဲ့ ပညာဟာ လက်နှစ်ဖက်လိုပါပဲ တစ်ဖက်စင်ကြယ်မှ ကျန်တစ်ဖက်ကို စင်ကြယ်အောင် လုပ်နိုင်တာပါ၊ ဒါကြောင့် သီလနဲ့ပညာဟာ လောကမှာ အမြတ်ဆုံးပါ' လို့ဖြေလိုက်တော့ ...

ဘုရားရှင်က 'အေး .. ဟုတ်တယ် ပုဏ္ဏားကြီး ဒီအတိုင်းပဲ မှန်တယ်၊ ငါလည်း ဒီလိုပဲ ခံယူဟောကြားပါတယ်'လို့ မိန့်ကြားလိုက်ပါတယ်။ 'ကျက်သရေဆိုတာ

အသိတရားနဲ့ ကိုယ်ကျင့်တရားတို့ရဲ့ အမည်ဖြစ်တယ်’လို့ မူလဋီကာဆရာ ဖွင့်ပြတာဟာလည်း ဘုရားရှင်ရဲ့ ဒီစကားတော်ကို ကြည့်ပြီး ဖွင့်ပြတာပဲလို့ ယူဆနိုင်ပါလိမ့်မယ်။

ကိုယ်ကျင့်တရားဖြူစင်ရင် အသိတရားမြင့်မြတ်လာသလို၊ စစ်မှန်တဲ့ အသိတရားရှိသူဟာလည်း ကိုယ်ကျင့်တရား ဘယ်တော့မှ မပျက်စီးဘူးလို့ ဆိုလိုတဲ့ သဘောပါပဲ။

အလင်းတန်းဂျာနယ်
၉ . ၆ . ၂၀၀၈



# လက်တစ်ဖက်တော့ စင်ကြယ်ပါစေ

၅

# လက်တစ်ဖက်တော့ စင်ကြယ်ပါစေ

သီလနဲ့ပညာတို့ဟာ လက်နှစ်ဖက်နဲ့တူတယ်၊ တစ်ဘက်က စင်ကြယ်ရင် ကျန်တစ်ဘက်ကို စင်ကြယ်အောင် ဆေးကြောပေးနိုင်တယ်၊ ဒါကြောင့် သီလနဲ့ပညာဟာ အမြတ်ဆုံး တရားများဖြစ်လို့ လောကကျက်သရေဆောင် တရားများ ဖြစ်တယ်လို့ မြတ်စွာဘုရားက သောဏဒဏ္ဍ ပုဏ္ဏားကြီးရဲ့ အဆိုကို အတည်ပြုပြောပြတဲ့အခါ ပရိသတ်အားလုံးက ဘာမှထပ်မပြောနိုင်ဘဲ ငြိမ်ကျသွားပေမယ့် ဘယ်လိုလုပ် ဆေးကြောပေးတယ်ဆိုတာကိုတော့ သဘောမပေါက်နိုင်ကြဘဲ ဖြစ်နေတယ်။ တစ်ချို့ကလည်း ဒါကို ရှင်းရှင်းလင်းလင်း သိလိုစိတ်ဖြစ်လာကြပါတယ်။

ဒီဆန္ဒနဲ့ ပတ်သက်လို့တော့ အဋ္ဌကထာ ဆရာတော်ကြီးက ဘုရားရှင်ရဲ့ အလိုတော်ကျအတိုင်း သာဓကလေးတွေနဲ့ ထပ်ပြီး ရှင်းပြပါတယ်။

မင်ဖိုလ်ကိုမရသေးသော်လည်း နှစ်လရှည်ကြာ သီလကို စင်ကြယ်အောင်စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်များဟာ သေရာညောင်စောင်း လဲလျောင်းနေရတဲ့ အခါမှာပင် မဂ်ပညာ ဖိုလ်ပညာ အဖြစ်ရောက်အောင် ပညာကို စင်ကြယ် မြင့်တက် စေနိုင်စွမ်း ရှိကြပါတယ်။

'ကန္တရသာလ' လို့ ခေါ်ဆိုတဲ့ အရပ်မှာ ဝါတော် ၆၀၊ သက်တော် ရှစ်ဆယ်ကျော်ရှိတဲ့ မထေရ်ကြီးဟာ အရွယ် နဲ့ထပ်တူ ရောဂါပါ ကြီးရင့်တဲ့အတွက် သေရာညောင်စောင်း မှာ လဲလျောင်းရင်း ညည်းညူနေပါတယ်။

မထေရ်ကြီးကို ကြည်ညိုရင်းရှိတဲ့ ရှင်ဘုရင်က ကန်တော့ရှိခိုးဖို့လာတဲ့အခါ ညည်းညူသံကို ကြားရတော့ အထင်သေးပြီး ရှိမခိုးဘဲ ပြန်လှည့်သွားတယ်။ ဒါကိုသိတဲ့ လူမမာစောင့်သာမဏေက ဆရာတော်ရဲ့ ညည်းညူမှုဟာ တပည့်တွေကိုပါ အရှက်ရစေ ပါတယ်ဆိုပြီး ဖြစ်ကြောင်းစုံကို လျှောက်ထားတဲ့အခါ ငါ့ကို ခဏ္ဍမျှ အချိန်ပေးပါဆိုတဲ့ သဘောနဲ့ လက်ကာပြပြီး တရားကို နှလုံးသွင်းပါတယ်။

ဆရာတော်ကြီးက ပထမဆုံး သူရဟန်းအဖြစ်နဲ့ နေခဲ့တဲ့ နှစ်ပေါင်း ၆၀ ကာလတစ်လျှောက် သူကျင့်သုံး ဆောက်တည်ခဲ့တဲ့ သီလကို ပြန်ပြီးသုံးသပ်ကြည့်လိုက် တယ်၊ ဒီလောက်ရှည်လျားလှတဲ့ ရဟန်းဘဝတစ်လျှောက်မှာ ပညာရှိတို့ ကဲ့ရဲ့ဖွယ်ရာ အသေးအမွှား ပြစ်မှုကလေးကိုပင်

ကျူးလွန် ဖောက်ဖျက်ခဲ့ခြင်းမရှိဘဲ သီလစင်ကြယ်သန့်ရှင်းတာကို သိရတဲ့ အခါမှာတော့ မထေရ်မြတ်ကြီးရဲ့ သန္တာန်မှာ အပြစ်ကင်းခြင်းဆိုတဲ့ ချမ်းသာကို အခြေခံပြီး ကျေနပ်ကြည်နူးမှု (ပီတိပါမောဇ္ဇ)ကို ရရှိသွားပါတယ်။

စိတ်ဆိုတာ တစ်ကြိမ်မှာ အာရုံတစ်ခုကိုသာ ယူနိုင်စွမ်းရှိပြီး တစ်မျိုးသာဖြစ်တတ်တဲ့ ဓမ္မသဘာဝအတိုင်း သီလကို အာရုံပြုနေချိန်မှာ ခံစားနေရတဲ့ ဝေဒနာကို အာရုံမပြုမိတော့ပါဘူး၊ ဒါကြောင့် သီလကို အာရုံပြုပြီး ကျေနပ်ကြည်နူးတဲ့ စိတ်ကလေးချည်း ဆက်တိုက်ဖြစ်နေတဲ့ အခါမှာ ဝေဒနာကြောင့်ဖြစ်တဲ့ မကျေမနပ်ခံစားမှုနဲ့ ယှဉ်တွဲတဲ့ ညည်းညူစိတ်များလည်း မဖြစ်တော့လို့ ညည်းညူသံ စဲသွားပါတယ်။

မထေရ်မြတ်ကြီးက သီလစင်ကြယ်မှုကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ ပီတိစိတ်အစဉ်ကိုပဲ သတိနဲ့ စူးစိုက်ပြီး သုံးသပ်ဆင်ခြင်တဲ့အခါ ဘယ်စိတ်မှ အမြဲမတည်ပဲ ဒယ်အိုးထဲထည့်ပြီး လှော်ထားတဲ့ နှမ်းတွေဟာ တဖျစ်ဖျစ်မြည်ပြီး အသံပျောက်သွားသလို ဖြစ်ပြီးသမျှတွေဟာ ပျောက်ပျက်သွားတဲ့ အနိစ္စ လက္ခဏာတွေ၊ မခိုင်မြဲတဲ့ အတွက်ကြောင့်ပဲ အမြဲကျေနပ်စရာ ဘာမျှမရှိတဲ့ ဒုက္ခသဘောတွေ၊ ကိုယ်ထင်သလို ကိုယ်တောင်းတသလို ဖြစ်မလာတဲ့ အနတ္တသဘောတွေအထိ ထိုးထွင်းသိမြင်တဲ့ ဝိပဿနာဉာဏ်တွေက

စလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် အဆင့်ဆင့်တွေ မြင့်တက်ပြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်တော်မူသွား ပါတယ်၊ သီလစင်ကြယ်ရင် ပညာကို သန့်စင်အောင် (ကိလေသာအညစ်အကြေးကင်းအောင်) ဆေးကြောပေး တယ်ဆိုတာ ဒီသဘောကိုပြောတာပါ။

မထေရ်မြတ်ကြီး ရဟန္တာအဖြစ် ရောက်ရှိတော် မူတာကိုသိလို့ လာရောက် ကန်တော့တဲ့ ရှင်ဘုရင်ကြီးက တပည့်တော် အခုလာရောက် ရှိခိုးတာဟာ အရှင်မြတ်ရဲ့ ရဟန္တာဂုဏ်တော်ကို အာရုံပြုပြီး ရှိခိုးတာမဟုတ်ပါဘူးဘုရား၊ အရှင်ဘုရားနှစ်ပေါင်း ခြောက်ဆယ်တိုင်တိုင် ကျိုးပေါက် ညစ်နွမ်းခြင်းမရှိအောင် စောင့်ထိန်းခဲ့တဲ့သီလဂုဏ်ကို အာရုံပြုပြီး ရှိခိုးတာပါဘုရားလို့ လျှောက်ထားရင်း မိကျောင်းများလို ဝပ်တွားရှိခိုးကန်တော့ ပါတယ်တဲ့ ။

ရှင်ဘုရင်ကြီးဒီလို ဝန်ခံလျှောက်ထားပြီး ရှိခိုးပုံကို အလေးအနက်တွေးပြီး အတုယူသင့်ပါတယ်၊ ဟုတ်ပါ တယ် .. ရှင်ဘုရင်ကြီး ပြစ်မှားမိတာက ရဟန္တာအဖြစ်ကို ပြစ်မှားမိတာမှ မဟုတ်ဘဲ၊ ပုထုဇဉ်ဘဝမှာ စင်ကြယ်အောင် စောင့်ထိန်းထားတဲ့ သီလဂုဏ်ကို မသိမမြင်လို့ ပြစ်မှားမိခဲ့ တာကိုး၊ ဒါကြောင့် သူပြစ်မှားမိခဲ့တဲ့ ဂုဏ်ကို အာရုံပြုပြီး ကန်တော့တောင်းပန်တာပါ၊

'ဉဿဋ္ဌိတညူ' ခေါ် အကျဉ်းလောက်ဟောပြရုံနဲ့

အကျယ်ကို ဝေဖန်သိနိုင်စွမ်းရှိတဲ့ ပညာရှိသူတို့မှာတော့ ထက်မြက်တဲ့ ပညာစွမ်းအားနဲ့ သီလကို စင်ကြယ်စေနိုင်ပါတယ်၊ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ သန္တတိအမတ်ကြီးပါပဲ။

သန္တတိအမတ်ကြီးဆိုတာ ကောသလမင်းကြီးရဲ့ စစ်ဘက်လက်ထောက်အမတ်ကြီးပါပဲ၊ ပုန်ကန်ခြားနားတဲ့ နယ်ပယ်တစ်ခုကို သန္တတိအမတ်ကြီးရဲ့ စီမံကွပ်ကဲမှုနဲ့ အောင်မြင်တဲ့အခါ ဘုရင်ကြီးက ထီးနန်းစည်းစိမ်(၇)ရက် ခံစားခွင့်ပြုပါတယ်၊ ရှင်ဘုရင်(၇)ရက် လုပ်ခွင့်ပြုတယ် ဆိုပါတော့။

အမတ်ကြီးက ရှင်ဘုရင်ဖြစ်တုန်း ရသမျှ အခွင့်အရေးကို အပြည့်အဝ သုံးလိုက်မယ်ဆိုပြီ သူ့အပေါင်းအသင်းတွေရော နိုင်ငံအတွင်းမှာ ကျော်ကြားတဲ့ ကချေသည် အကျော်အမော်တွေကော အားလုံးခေါ်ပြီး သောက်ပွဲ စားပွဲ ပျော်ပွဲကြီးကို ခုနစ်ရက် လုံးလုံးပြုလုပ်တယ်၊ သူ့အတွက် လည်းစပယ်ရှယ်မော်ဒယ် ကချေသည် လေးတစ်ယောက် ခေါ်ပြီး က,ဆို စားသောက်ရင်း နေ့မအား ညမအား ပျော်ပါးပါသတဲ့။

ခုနစ်ရက်ပြည့်တဲ့အခါမှာတော့ အအိပ်ပျက်၊ အစားပျက်နဲ့ နေ့စဉ်ရက်ဆက် ကဆိုဖျော်ဖြေရတဲ့ ကချေသည် မလေး သီဆိုကခုန်ရင်းက အရုပ်ကြိုးပြတ်ပုံကျပြီး အမတ်

ကြီး ရင်ခွင်ထဲမှာပဲ အသက်ပျောက်သွားပါလေရော။

မထင်မှတ်ဘဲ ဖြုံးကနဲသေပွဲကြုံရပုံကို ကိုယ်တွေ့ကြုံလိုက်ရတဲ့အခါ သောကအပူတွေ တစ်ကိုယ်လုံးလောင်မြိုက်သွားလို့ ခုနစ်ရက်လုံးလုံး သောက်ထားတဲ့သေအရက်တွေတောင် အငွေ့ပျံကုန်ပြီး မူးတာတွေဘယ်ရောက်ကုန်မှန်းတောင် မသိနိုင်တော့ဘူး ဖြစ်သွားသတဲ့။

ဒီသောကကို ဘုရားရှင်ကလွဲလို့ ဘယ်သူမှ မကုစား နိုင်ဘူးဆိုတာ သတိရပြီး နောက်လိုက် ဗိုလ်ပါ ပရိသတ်များနဲ့အတူ ဘုရားရှင်ထံမှောက် ရောက်သွားတဲ့အခါမှာတော့ ဖြစ်ကြောင်းကုန်စင်သိရတဲ့ ဘုရားရှင်က ရှည်လျားလှတဲ့ သံသရာတစ်လျှောက်မှာ ဒီလိုချစ်ခင်ရသူတွေရဲ့ သေဆုံးရခြင်းကို အကြောင်းပြုပြီး ကျခဲ့ရတဲ့မျက်ရည်တွေဟာ စုဆောင်းထားနိုင်မယ်ဆိုရင် သမုဒ္ဒရာလေးစင်းထဲက ရေတွေထက်တောင်များခဲ့လှပြီးလို့ အစချီပြီး . . .

အမတ်ကြီး

ရှေ့က ကြုံတွေ့ခဲ့ရသမျှတွေဟာ အခု မရှိတော့ဘူး၊ ဒါဟာ သင်္ခါရတရားတို့ရဲ့ သဘောဓမ္မတာပဲ၊ ဒီအတိတ်သင်္ခါရတွေကို အောက်မေ့ပြီးဖြစ်နေတဲ့ စွဲလမ်းမှု ပူပင်မှုတွေကိုလည်း စွန့်ပယ်လိုက်တော့။

မရောက်လာသေးတဲ့ သင်္ခါရတွေအတွက် ကြိုတွေးပြီးနှိပ်စက်နေတဲ့ ကိလေသာတွေကိုလည်း မဖြစ်ပေါ်စေနဲ့။

အခုရောက်ဆဲ ပစ္စုပ္ပန် ခန္ဓာကြီးကလည်း ခဏမစဲ တသဲသဲ ဖောက်ပြန်နေတာမို့ ငါပဲ .. သူပဲ လို့ အစွဲအယူ မမှားစေနဲ့။

အဲဒီလို နှလုံးသွင်းနေလိုက်ရင် သင့်မှာ လောင်ကျွမ်းနေတဲ့ ကိလေသာမီးတွေငြိမ်းသွားမယ်လို့ အမိပ္ပါယ်ရတဲ့ တရားစကားကို ဟောကြားလိုက်တဲ့အခါ ဉာဏ်ပညာအလွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်ပီပီ အခုလိုနှလုံးသွင်းဆင်ခြင်ရင်း ဖြစ်ပေါ်လာတဲ့ အသိတရားက သီလသိက္ခာကိုပါ စင်ကြယ်အောင် သုတ်သင်ပေးလိုက်လို့ သိက္ခာသုံးပါးလုံး ပြည့်စုံကာ မင်းမြောက်တန်ဆာတွေ ဝတ်ဆင်ထားရင်းကပဲ ရဟန္တာဖြစ်သွားပါတော့တယ်။

သန္တတိအမတ်ကြီးဟာ လူဝတ်ကြောင်နဲ့ အတိအကျ ပြောရရင်တော့ မင်းမြောက်တန်ဆာတွေ ဝတ်ဆင်ရင်းကပဲ ရဟန္တာဖြစ်သွားတာပါ၊ အရဟတ္တဖိုလ် အဆင့်ဆိုတဲ့ ဂုဏ်ကြီးဟာ ဓမ္မနယ်ပယ်မှာ အကြီးဆုံး ဂုဏ်ကြီးပဲ ဖြစ်ပါတယ်။

'ဂုဏ်နဲ့ဒြပ်နဲ့ထပ်မိမှခံနိုင်တယ်' ဆိုတာ အခြားဂုဏ်နဲ့ ဒြပ်တွေမှာ မှန်ချင်မှ မှန်မှာဖြစ်ပေမယ့်

အရဟတ္တဖိုလ် ဆိုတဲ့ ဂုဏ်အတွက်ကတော့ ရဟန်းအဖြစ် ဆိုတဲ့ သင်္ကန်းဒြပ် ရှိမှသာ ရေရှည်ဆက်တည်နိုင်ပါတယ်၊ လူဝတ်ကြောင် အဖြစ်နဲ့ကတော့ နောက်တစ်နေ့ အရုဏ် မတက်မီ အချိန် အထိသာ ဆက်တည်နိုင်တာမျိုးပါ။

သန္တတိအမတ်ကြီးဟာ ရဟန်းဝတ်ဒြပ်မရှိတာရယ် သူ့ရဲ့အသက်အပိုင်းအခြားကလဲ ဒီနေ့ပဲကုန်ဆုံးတော့မှာ ရယ်တို့ကြောင့် ရဟန်းအဖြစ်ကို မရနိုင်တော့ပဲ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန်ပြုရမှာပါ၊ ဒါကို သန္တတိအမတ်ကြီး ကိုယ်တိုင် လည်း သိလို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။

ဒီအတိုင်းသာ ပရိနိဗ္ဗာန်ပြုသွားခဲ့ရင် မနေ့ကအထိ ခုနစ်ရက်လုံးလုံး မူးရူးနေတဲ့အမတ်ကြီးက အခုပဲဘုရားရှင် ထံမှာ တရားနာ အခုပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတယ် ဆိုတာ မသိသူတွေက မယုံနိုင်တဲ့အတွက် ပြစ်မှားကြလိမ့် မယ်။

ဒီလိုပြစ်မှားမိသူများဟာလည်း အရိယာကို ပြစ်မှားတဲ့ အန္တရာယ်ကြီးကျရောက်ပြီး မဂ်ဖိုလ်ရနိုင်ခွင့် ပိတ်ပင်သွားနိုင်တယ်၊ ဒါကြောင့် အားလုံးသိသာအောင် တန်ခိုးပြာဋိဟာပြဖို့ ဘုရားရှင်က တိုက်တွန်းခွင့်ပြုတော်မူလို့ ထန်းတစ်ဆင့်ကနေ ထန်းခုနစ်ဆင့်အထိ ခုနစ်ကြိမ်တိုင်တိုင် ကောင်းကင်ကို ပျံတက်လိုက် ဘုရားရှင်ခြေတော်ကို ဦးခိုက် လိုက်နဲ့ ရှိခိုးကန်တော့ပြီးမှ ပရိနိဗ္ဗာန်ပြုသွားပါတယ်။

ဒါက ထက်မြက်တဲ့ ပညာကြောင့် သီလပါ စင်ကြယ်သွားတဲ့သာဓကပါ၊ ဒါကြောင့် သီလနဲ့ပညာဟာ လက်နှစ်ဘက်နဲ့တူတယ်၊ တစ်ဘက်သန့်စင်ရင် ကျန်တစ်ဘက်ကို သန့်စင်စေပြီး အမြင့်ဆုံး ကျက်သရေအထိ တိုးတက်စေတယ်လို့ ဆိုရတာ ပါပဲ။

အနည်းဆုံး **လက်တစ်ဖက်တော့ စင်ကြယ်** ကြပါစေ။

အလင်းတန်းဂျာနယ်
၁၆ . ၆ . ၂၀၀၈

# ကျက်သရေရှိသူ

# ကျက်သရေ ရှိသူ

လောကကျက်သရေအကြောင်းရေးနေစဉ်မှာပဲ စာမူအကြမ်းကိုဖတ်ရှုအကြံပေးကြတဲ့ ပုဂ္ဂိုလ်များထဲက အရှင်မြတ် တစ်ပါးက ကျက်သရေဆိုတာ အသိတရားနဲ့ ကိုယ်ကျင့်တရား တို့ရဲ့အမည်ဖြစ်တယ်ဆိုတဲ့ အချက်က အလွန်သဘောကျစရာ ကောင်းပါတယ်၊ ဒီနေရာမှာ တခြား သူတွေကို ပြောပြတဲ့အခါ အခိုင်အမာ အထောက်အထား ကလေးတွေနဲ့ ဖြစ်ရပ်သာဓကလေးတွေက လိုပါတယ်၊ အဲဒါလေးတွေလည်း ထပ်ပြီးဖြည့်ပါဦးလို့ အကြံပြု တောင်းဆိုပါတယ်။

ဒါကြောင့် ကျက်သရေအရ အဓိကဖြစ်တဲ့ အသိတရား အဆင့်ဆင့်ကို ဆက်ပြီးရေးမယ်လို့ စိတ်ကူးထားတာကို နောက်မှ ရေးဖို့ ရွှေ့လိုက်ပြီး အရှင်မြတ်ရဲ့တောင်းဆိုချက်ကို အရင် ရေးလိုက်ပါရစေ။

အထောက်အထားအဖြစ် အရင်စာထဲမှာ (မူ၊ ဋီ၊ ၁) လို့ အကျဉ်းတော့ ရေးလိုက်မိပါတယ်၊ မူလဋီကာ– ၁ ဆိုတာ အဋ္ဌသာလိနီ အဖွင့်ဖြစ်တဲ့ မူလဋီကာပါ။

**'သီရီတိ ပညာ ပုညာနံ အဓိဝစနန္တိ ဝဒန္တိ –** ကျက်သရေဆိုတာ အသိတရား ကောင်းမှုကုသိုလ်တရား တို့ရဲ့ အမည်ဖြစ်တယ် လို့ ဆရာများဆိုကြပါတယ်' တဲ့။ (မူ၊ ဋီ၊ ၁၊ ၈–၉)

ဒီနှစ်မျိုးထဲက အသိတရားအကြောင်း နောက်မှ အကျယ်ရေးမှာဖြစ်လို့ ကောင်းမှုကုသိုလ်တရား (ကိုယ်ကျင့် တရား)အကြောင်းကို နည်းနည်းပြောချင်ပါတယ်၊ ကောင်းမှု ကုသိုလ်လို့ ပြောလိုက်ရင် ရှေးဘဝကပြုခဲ့ဖူးတဲ့ ကုသိုလ်လို့ သာ ထင်မြင်ယူဆကြသူ များပါတယ်၊ ရှေးကောင်းမှု၊ ယခုဘဝ ကောင်းမှု နှစ်မျိုးလုံးကို ယူရမှာပါ။

ဟုတ်ပါတယ်၊ ယခုဘဝမှာ မကောင်းတဲ့ စိတ်ထား၊ မတရားတဲ့အပြောအဆို၊ မလျှော်ကန်တဲ့ အပြုအမူ တွေရှိနေသူဟာ ကျက်သရေမဲ့သူ ဖြစ်ပြီး၊ ကောင်းတဲ့ စိတ်ထား၊ တရားမျှတတဲ့ အပြောအဆို အပြုအမူနဲ့ ပြည့်စုံသူ ဟာ ကျက်သရေရှိသူပဲဖြစ်ပါတယ်။

မြန်မာစကားမှာ 'ကောင်းကျိုးချမ်းသာ၊ ကျက်သရေ မင်္ဂလာ' လို့ တွဲပြီးသုံးလေ့ရှိပါတယ်၊ ကောင်းကျိုးချမ်းသာ က ရရှိမယ့်အကျိုးတရားဖြစ်ပြီး ကျက်သရေမင်္ဂလာက

ကောင်းကျိုးလိုလားသူတိုင်း ပြည့်စုံရမယ့် အကြောင်းတရား ပါ၊ ကျက်သရေနဲ့ မင်္ဂလာကို ထပ်တူပြုသုံးစွဲထားတာကို ကြည့်ရင် ယခုပစ္စုပ္ပန်မှာ မင်္ဂလာတရားတော်များနဲ့အညီ ကျင့်သုံးနေထိုင်ခြင်းကိုပဲ ကျက်သရေရှိစွာ နေထိုင်ခြင်း ဖြစ်တယ်လို့ အပြည့်အစုံမှတ်ယူသင့်ပါတယ်။

အကြောင်းတရားက ကျက်သရေမင်္ဂလာရှိရင် ရရှိတဲ့အကျိုးတရားများကိုလဲ ကျက်သရေမင်္ဂလာရှိတယ်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် မူလဋီကာဆရာက နောက် တစ်နည်း အဖြစ် **'ကောင်းမှုကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ တင့်တယ်ခြင်းစတဲ့ ပြည့်စုံမှုများဟာလည်း ကောင်းမှုပြုသူတို့ မှာသာ မှီပြီး ဖြစ်တတ်တဲ့တရား၊ ကောင်းမှုပြုသူများသာ မှီထိုက်၊ ရထိုက်တဲ့ တရားဖြစ်လို့ ကျက်သရေလို့ ဆိုထိုက်ပါတယ်'** လို့ ဖွင့်ဆိုပါတယ်။

ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ဘုရားအလောင်းတော်မှာ မွေးဖွားလာကတည်းက ပါရမီကောင်းမှုတွေကြောင့် ပါလာတဲ့ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာကြီးငယ်တွေနဲ့ ပြည့်စုံတဲ့ ခန္ဓာကိုယ်ကိုရော၊ ရရှိလာတဲ့ အစိုးရမှု၊ အခြွေအရံ၊ အကျော်အစော၊ ပစ္စည်းဥစ္စာ၊ ဉာဏ်ပညာစတဲ့ ပြည့်စုံမှု တွေကိုပါ 'ဘုန်းကျက်သရေများ'လို့ ဆိုရတာပါ။ ဒါဟာ အတိတ်က ပြုခဲ့တဲ့ ကောင်းမှုနဲ့ ယခုဘဝမှာရရှိတဲ့ အကျိုး

များကို ကျက်သရေလို့ ဆိုထိုက်တဲ့ သာဓကပေါ့ပဲ။

ကျက်သရေနဲ့ ပတ်သက်လို့ ပြောစမှတ်တွင်ရစ်တဲ့ ဖြစ်ရပ်တစ်ခုလဲ မြတ်စွာဘုရားလက်ထက်တော်တုန်းက ကြုံခဲ့ဖူးပါတယ်၊ အနာထပိဏ်သူဌေးကြီးဆိုတာ ရှေးအတိတ်ကလည်း ကောင်းမှုထူးတွေကို ပြုခဲ့ဖူးသလို ယခုပစ္စုပ္ပန်မှာလည်း ကောင်းမှုတွေ နေ့စဉ်မပြတ် ပြုလေ့ရှိသူပါ၊ သူ့ရဲ့ငယ်နာမည် 'သုဒတ္တ' ဆိုတဲ့ အမည်ပျောက်ပြီး 'အနာထပိဏ္ဍိက' ခိုကိုးရာမဲ့သူတို့ကို ကျွေးမွေးလေ့ရှိသူဆိုတဲ့ အမည်တွင်နေတာကို ကြည့်ရင် သာသနာ အတွက်သာမက လောကအတွက်လည်း ဘယ်လောက်အထိ ကောင်းမှုတွေ အောက်ခြေသိမ်းပြုလေ့ ရှိတယ်ဆိုတာ သိသာပါတယ်။

အဲဒီလို အတိတ်ကရော ပစ္စုပ္ပန်မှာပါ ကောင်းမှုတွေ ပြုလေ့ရှိလို့လည်း၊ အနာထပိဏ်သူဌေးကြီးဟာ သူကိုယ်တိုင်တွေ သူနဲ့ဆက်စပ်သမျှ ဇနီးမယား စီးပွားဥစ္စာတို့သာမက ယုတ်စွအဆုံး သူ့အိမ်မှာမွေးထားတဲ့ ကြက်တို့၊ ခွေးတို့လို တိရိစ္ဆာန်များပါ ကျက်သရေ ရှိနေတယ်လို့ လူတိုင်းက မှတ်ယူလောက်အောင် ကောင်းကျိုးတရားတွေနဲ့ ပြည့်စုံနေပါတယ်။

ဝေဒကျမ်းကို ယုံကြည်တဲ့ ဗြာဟ္မဏများကတော့ ကျက်သရေဆိုတာ ကောင်းမှုကြောင့်ဖြစ်တဲ့ ကောင်းကျိုးပဲလို့ မသိမြင် မယုံကြည်ကြပါဘူး၊ ကောင်းကျိုးဖြစ်တဲ့ ရတနာတို့၊

တိရိစ္ဆာန်တို့ကြောင့် ပိုင်ဆိုင်သူမှာ ကျက်သရေရှိနေတယ်လို့ပဲ မှတ်ထင်ယုံကြည်ကြပါတယ်၊ သူတို့မှာ ကျက်သရေရှိတဲ့ ရတနာတို့တိရိစ္ဆာန်တို့ရဲ့အမှတ်လက္ခဏာတွေကိုဖော်ပြတဲ့ လက္ခဏာအတတ်ပညာ ဆိုတာလည်းရှိပါတယ်။

တစ်နေ့တော့ အနာထပိဏ်သူဌေးကြီးဆီက ကျက်သရေခိုးမယ်ဆိုပြီး ကျက်သရေလက္ခဏာနားလည်တဲ့ ပုဏ္ဏားတစ်ယောက် ရောက်လာတယ်။ သူဌေးကြီးအိမ်မှာ အခြေအရံအစောင့်အရှောက်တွေလည်း ပြည့်စုံနေလေတော့ ခိုးလို့တော့ ဘယ်ရပ့်မလဲ၊ တောင်းရမှာပေါ့၊ သူဌေးကြီးအိမ် ရောက်တော့ ကျက်သရေ ဘယ်မှာရှိသလဲလို့ ကြည့်တဲ့အခါ သူဌေးကြီးမွေးထားတဲ့ ကြက်ဖြူကြီးရဲ့ အမောက်မှာ တည်နေ တာကို တွေ့ရသတဲ့။ ကောင်းမှုရှိသူ မွေးထားတဲ့ ကြက် ဖြူကြီးဆိုတော့ ကိုယ်လုံးဖြူဖြူကြီးပေါ်က အမောက်နီနီကြီး ဟာလည်း ပုဏ္ဏားကြီးရဲ့ မျက်စိထဲမှာတော့ ပတ္တမြားခဲ ရဲရဲကြီးလို ကျက်သရေရှိတယ်လို့ပဲ မြင်နေမှာပေါ့။

ဒါနဲ့ ပုဏ္ဏားကြီးက သူဌေးကြီးထံ ကြက်ဖြူကြီးကို တောင်းတယ်၊ သူဌေးကြီးက ယူတော့လို့ ဆိုလိုက်တာနဲ့ တပြိုင်နက် ကျက်သရေက သူဌေးကြီးရဲ့ ပတ္တမြားရတနာပေါ် ရောက်သွားပါသတဲ့။

ဒါကလည်း ကောင်းမှုမရှိတဲ့လူ ပိုင်ဆိုင်လိုက်ပြီ ဆိုတာနဲ့ ကျက်သရေကလည်း မရှိတော့သလို ပြောင်း

သွားပြီး ကောင်းမှုရှိသူ ပိုင်တဲ့ ပတ္တမြားက ကျက်သရေ ရှိသလို ထင်မြင်သွားတဲ့ သဘောဖြစ်ပုံရပါတယ်။

ပုဏ္ဏားကြီးက ပတ္တမြားကို တောင်းပြန်တယ်၊ ပတ္တမြားကို ပေးပြန်တော့ တောင်ဝှေးဆီရောက်သွားပြန်သတဲ့၊ တောင်ဝှေးကိုတောင်းလိုက်တော့ ကျက်သရေက သူဌေး ကတော်ကြီး 'ပုညလက္ခဏာဒေဝီ'ဆီ ရောက်သွားပြန်သတဲ့၊ ဒီတစ်ခါကျတော့ မတောင်းထိုက်တဲ့ ပစ္စည်းဖြစ်လို့ မတောင်း တော့ဘဲ လက်လျှော့လိုက်ပြီး သူဟာ ပစ္စည်းကို လိုချင်လို့ လာတာမဟုတ်ဘဲ ကျက်သရေကို ခိုးဖို့လာခြင်းဖြစ်ကြောင်းနဲ့ သူဌေးကြီးဆီမှာ ကျက်သရေရှိနေတဲ့ ပစ္စည်းတွေဟာ သူ တောင်းလိုက်တိုင်း ပြောင်းပြောင်းသွားတဲ့အကြောင်း အမှန်အတိုင်းဝန်ခံပြီး တောင်းထားတဲ့ ပစ္စည်းတွေကိုလည်း မယူဘဲပြန်သွားပါသတဲ့။

ဒီအကြောင်း သူဌေးကြီးက မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ 'ကျက်သရေဆိုတာ ဘုန်းကံရှိသူတို့ နဲ့သာ ထိုက်တန်ပြီး ဘုန်းကံမဲ့သူတို့နဲ့ မထိုက်တန်တဲ့ အကြောင်း အတိတ်ဝတ္ထု 'သိရီဇာတ်'ကို ဟောပြပါသတဲ့


(ဇာတကဋ္ဌ၊ ၂၊ ၃၆၉)

ဒီဖြစ်ရပ်များကို ကြည့်မယ်ဆိုရင် ကျက်သရေတိုး စေတယ်၊ ကောင်းကျိုးရစေတယ် ဆိုတဲ့ ရုပ်ဝတ္ထုများကြောင့် လူမှာ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာတိုးလာတာ

မဟုတ်ဘဲ၊ ကောင်းမှုကုသိုလ်ဆိုတဲ့ ကျက်သရေမင်္ဂလာ အကြောင်းတရား ရှိလို့သာ ရရှိပိုင်ဆိုင်သမျှ အရာရာတိုင်းက ကျက်သရေရှိနေတာ ဖြစ်တယ်လို့ ကမ္ဘာသကတသမ္မာဒိဋ္ဌိ အမြင်ရှိရှိနဲ့ သိမှတ်နိုင်ပါလိမ့်မယ်။

**ကောင်းမှုကျက်သရေများနဲ့ ပြည့်စုံကြပါစေ။**

အလင်းတန်းဂျာနယ်
၂၃ . ၆ . ၂၀၀၈



အနေရှိုးစေ
အသိတိုးစေ

## အနေရိုးစေ၊ အသိတိုးစေ

ကောင်းမှု(ကိုယ့်ကျင့်တရား)ဆိုတဲ့ ကျက်သရေ အကြောင်းကို ပြောခဲ့ပြီးပါပြီ၊ ဒီနေရာမှာ ကောင်းမှုကို 'ကိုယ်ကျင့်တရား'လို့ သုံးနှုန်းတာနဲ့ ပတ်သက်လို့လည်း နည်းနည်း ပြောစရာရှိပါတယ်၊ အများစုက **'ကိုယ်ကျင့်တရား'** ဆိုတာ မကောင်းမှုတွေကို မပြုမိအောင် ရှောင်ကြဉ်တဲ့ သီလကုသိုလ်မျိုးကိုသာ ခေါ်တယ်လို့ မှတ်တတ်ကြပါတယ်၊ အဲဒါက ရှောင်ကြဉ်ရေး ကိုယ့်ကျင့်တရား (ဝါရိတ္တသီလ) ဖြစ်ပါတယ်၊ ပေးလှူခြင်း စတဲ့ ကောင်းမှုများဟာလည်း 'သတ္တဝါအားလုံးတို့ရဲ့ အကျိုးကို ဆောင်ရွက်ရမည်' ဆိုတဲ့ ဘုရားအမိန့်တော်အရ ကျင့်သုံးရေး ကိုယ်ကျင့်တရား (စာရိတ္တသီလ)ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကောင်းမှုအားလုံးကို ကိုယ့်ကျင့်တရားလို့ ခြုံငုံပြောလိုက်တာပါ။

အရင်တစ်ပတ်က ကျင့်သုံးရေးကိုယ်ကျင့်တရားအတွက် ပြောခဲ့ပြီးဖြစ်လို့ ရှောင်ကြဉ်ရေးကိုယ်ကျင့်တရား

အကြောင်းကိုလည်း နည်းနည်းပြောလိုပါတယ်။ မြန်မာတို့ရဲ့ ရှောင်ကြဉ်ရေး ကိုယ်ကျင့်တရားများဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့ အညီလိုက်နာ ကျင့်သုံးကြတာက များပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအရ ရှောင်ကြဉ်ရေး ကိုယ်ကျင့်တရား မှန်သမျှဟာ ဟိရီ၊ ဩတ္တပ္ပလို့ခေါ်တဲ့ အရှက်အကြောက် တရားကို အခြေခံပါတယ်၊ မကောင်းမှုကို ရှက်စရာလို့ခံယူပြီး မကောင်းမှုကြောင့် ရရှိမယ့်ဆိုးကျိုး ဒုက္ခများကိုလည်း ကြောက်စရာလို့ ခံယူသူသာ မကောင်းမှုကို ရှောင်ကြဉ်တယ် လို့ ဆိုလိုတာပါ။

ဒါကြောင့်လည်း မြန်မာဓလေ့နဲ့ မြန်မာ့ယဉ်ကျေးမှု များကို အသေအချာလေ့လာကြည့်မယ်ဆိုရင်၊ ဝတ်စား ဆင်ယင်မှုကအစ ဟိရီ၊ဩတ္တပ္ပတရားလို အလွန်အလေး အနက် ထားတာတွေ့နိုင် ပါတယ်။ ရဟန်းသာမဏေများမှာ အဝတ်ကို ဝတ်ဆင်တိုင်း **'ဟိရီဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို'** ဆိုတဲ့ ဆင်ခြင်ဉာဏ် ရှေ့သွား ပြုပြီးမှသာ ဝတ်ဆင်ကြဖို့ ဘုရားရှင်က သိက္ခာပုဒ်နဲ့ အခိုင်အမာ ပညတ်သတ်မှတ်ထားပါတယ်။

ဒါကြောင့်လည်း ရှင်ရဟန်းတို့ ခါးဝတ်သင်းပိုင် ဝတ်ဆင်ရာမှာ ဟိရီဂုဏ်ကို ကာကွယ်ဖို့ လိုအပ်တဲ့ ရှေ့ဘက် မှာ ခုနှစ်ထပ်လောက်အထိ လုံလုံခြုံခြုံဖုံးလွှမ်းပြီး ဖြစ်နေစေတဲ့ ဝတ်ဆင်ပုံစနစ်ကို လိုက်နာကြရတာပါ၊ ဒီဝတ်ဆင်ပုံမှာ ဟိရီ

ဂုဏ်ကို ကာကွယ်ပေးရုံမျှမကပါဘူး၊ ရာသီဥတု ပူပြင်းတဲ့ ဒေသအတွက် လေဝင်၊ လေထွက်များကိုပါ အဆင်ပြေစေတဲ့ ဝတ်ဆင်မှုပါ။ မြန်မာတို့ရဲ့ ရိုးရာ ဝတ်ဆင်မှုကို ကြည့်မယ် ဆိုရင်လည်း ဒီသဘောမျိုးအလားတူ တွေ့နိုင်ပါတယ်၊ လုံချည်၊ အင်္ကျီများဟာ ရှေ့ဘက်မှာ အနည်းဆုံး သုံးထပ် လောက်အထိ လုံခြုံစေပြီး အပူပိုင်း ရာသီဥတုအတွက် သင့်မြတ်တဲ့ လေဝင်မှုကိုပါ ရစေတဲ့ ဝတ်ဆင်မှုပါပဲ။ **တချို့ လူငယ်များဟာ ခေတ်မီတာနဲ့ ခေတ်ရေစီးထဲမျောပါ နေတာကို သိပ်ပြီး ကွဲကွဲပြားပြား နားလည်ပုံမရဘဲ ကျင့်သုံးနေတာမျိုးတွေ တွေ့နေရပါတယ်။** ခေတ်ရဲ့ နောက်ဆုံးပေါ် ပစ္စည်း အမျိုးမျိုးတွေကို ဝတ်ဆင် အသုံးပြု နေတာကိုပဲ ခေတ်မီတယ်လို့ မှတ်ထင်ကြပြီး ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုအခြေခံတွေကို သတိမမူဘဲ ဝတ်ဆင်ကြတာတွေ၊ ခေတ်ပေါ် ပစ္စည်းမျိုးစုံကိုကြည့်ပြီး ငမ်းငမ်းတက် ဖြစ်ကြတာ တွေဟာ ခေတ်မီတာ မဟုတ်ဘဲ၊ ခေတ်ရေစီးထဲ မျောပါနေ တာပါ၊ တကယ်ခေတ်မီတယ်ဆိုတာဟာ ကမ္ဘာကြီးက ကမ္ဘာ့ခေတ် ကမ္ဘာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနဲ့အညီ ဆန်းသစ် တီထွင်ကြသလို ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဒေသ ရာသီဥတု၊ ကိုယ့်ဘာသာတရား အဆုံးအမတို့ကို အခြေခံတဲ့ ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုတွေဖြစ်အောင် ကြိုးစားအကောင် အထည် ဖော်ပြနေရမှာပါ၊ **သူများ တီထွင်သမျှကို ဆန်းစစ်**

**ဝေဖန်မှုမရှိဘဲ လိုက်သုံးနေသမျှ 'ခေတ်မီသူ' မဖြစ်ဘဲ 'ခေတ်မျောသူ' များသာ ဖြစ်နေဦးမှာပါပဲ၊** ရှေးလူကြီးတွေ ပြောပြောနေတဲ့ 'ရေစုန်တော့ မျောပါပြီ' ဆိုတာ ဒါကို ပြောတာပဲ ဖြစ်မယ်ထင်ပါတယ်။

ယဉ်ကျေးလိမ္မာသင်တန်းမှာတော့ အထက်တန်းကျောင်းသူ/ကျောင်းသားတွေကို ပြောခဲ့ဖူးပါတယ်၊ 'အေးကွာ .. ကမ္ဘာကြီးကတော့ တိုးတက်နေကြတယ်၊ တို့လူငယ်တွေမှာတော့ ငါ့မျက်စိထဲမှာ **'တိုးတက်'** တာကို မတွေ့ရဘဲ **'တိုတက်'** နေတာကိုသာ တွေ့နေရသလိုပဲ၊ ကမ္ဘာကိုလွှမ်းချင်ရင် ကမ္ဘာနဲ့အတူ လှမ်းနိုင်ကြရမယ်၊ မလှမ်းဘဲနဲ့ ငေးနေကြရင်တော့ မလွှမ်းနိုင်ဘဲ လွမ်းကျန်ရစ်လိမ့်မယ်၊ ဆရာမြို့မငြိမ်းရဲ့ **'လူချွန်လူကောင်း'**သီချင်းထဲမှာ လူငယ်တွေ အလွန်အလေးထား သင့်တဲ့ စကားပိုဒ်တစ်ခုပါတယ်၊ **'ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်'** ဆိုတဲ့ အပိုဒ်ပေါ့၊ ကမ္ဘာခေတ်ကြီးနဲ့အညီ ခေတ်မီချင်ရင် ကမ္ဘာကြည့် အကြည့်ခံနိုင်ဖို့ ပထမဆုံး အလေးထားရမယ်၊ ကမ္ဘာကြီးက ဘာကို အလေးထားကြည့်မယ် ထင်သလဲ၊ အရှားပါးဆုံးဖြစ်တဲ့ အချိန်နဲ့ ကတိစကားတွေကို အလေးထားကြည့်တာပေါ့၊ တို့ဆီမှာက **'ခုနှစ်နာရီတိတိ'** ဆိုတဲ့ တရားပွဲ **'ရှစ်နာရီ'** ထိုးမှ စနိုင်တာမျိုးကို ကြည့်လိုက်ရင်၊ အချိန်နှင့် ကတိနှစ်မျိုးလုံးက ကမ္ဘာကြည့် အကြည့်ခံနိုင်ဖို့ မဆိုထားနဲ့ ကိုယ့်

အချင်းချင်းတောင် ယုံယုံကြည်ကြည် အကြည့်မခံနိုင်ကြသေးဘဲ ဖြစ်နေတယ်၊ ဒီပုံနဲ့သာဆိုရင်တော့ ကမ္ဘာကြီးက ကြည့်ပြီး ဘာပြောမယ်ထင်သလဲ၊ ဆရာ ငြိမ်းကျော်ရဲ့ ဝတ္ထုတစ်ပုဒ်လိုပဲ **'လွမ်းလို့ကျန်ရစ်ခဲ့မှာကို အားနာပါတယ်လေ'** လို့များ ပြောနေကြမလားပဲ၊ တို့တစ်တွေ အဲဒီလို မဖြစ်ရအောင် သားတို့ သမီးတို့အမြဲ သတိပြုကြရမယ်'လို့။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ရွှေသွေးဂျာနယ်မှာ ကာတွန်းဇာတ်လမ်းတစ်ခု ဖတ်ရဖူးတယ်၊ ဆရာဦးသန်းကြွယ်ရဲ့ သရုပ်ဖော်ပုံတွေလို့ထင်ပါတယ်၊ 'ချာရာဏသီပြည်သားများ' တဲ့။ အဲဒီပြည်သားတွေက ဘာလုပ်သလဲဆိုရင်၊ ခေတ်မီတိုးတက်တယ်ဆိုတဲ့ နိုင်ငံသားတွေ ဘယ်လိုနေထိုင် စားသောက်ကြတယ်၊ ဘယ်လို ဝတ်ဆင်ကြတယ်ဆိုတာတွေကို ရောက်ဖူးသူတွေဆီက တဆင့်မေးမြန်းကြတယ်၊ ပြီးတော့ သူတို့ရဲ့ ဝတ်ပုံစားပုံတွေ အတိုင်းလိုက်ပြီး ဝတ်ဆင်ကြ၊ စားသောက်နေထိုင်ကြ၊ ကဆိုတီးမှုတ်ကြနဲ့ အဲဒီထဲမှာ အလွန်ခေတ်မီချင်တဲ့ မိဖုရားကြီးက ကိုယ်လုံးက ဝဝကြီး သူများတွဆီမှာ ခေတ်မီတယ်ဆိုတဲ့ပုံစံကို တုပြီး စကပ်နဲ့ ဘောင်းဘီတိုကို ဝတ်လိုက်တော့ စပါးပုတ်ကြီးကို ရိုင်နဲ့ပတ်ပြီး နှစ်ချောင်းထောက် စင်ပုကလေးပေါ်တင်ထားသလို ပုံစံမျိုးဖြစ်နေပုံကို ကာတွန်းဆရာကလည်း အတော်သရုပ်ဖော် ပုံကောင်းတယ်၊ ကြာတော့ .. အဲဒီနိုင်ငံကို

ရောက်လာကြတဲ့ နိုင်ငံခြားသားတွေ မျက်စိထဲမှာ ‘ဒီနိုင်ငံဟာ ဘာလူမျိုး တွေနေတဲ့ နိုင်ငံလဲ’ ဆိုတာတောင် ခန့်မှန်းလို့ မရနိုင်လောက်အောင် ကိုးရိုးကားရား ကမောက်ကမတွေဖြစ် ကုန်ကြတယ်တဲ့။ သားတို့ သမီးတို့လဲ ကိုယ့်လူမျိုး၊ ကိုယ့် ဘာသာနဲ့ ကိုယ့်ယဉ်ကျေးမှုတွေ ပျောက်ပြီး ဘာလူမျိုးတွေ လဲလို့ အကဲခတ်မရလောက်အောင်တော့ ခေတ်မမီချင်ကြ ပါနဲ့ဆိုတဲ့အကြောင်း ရယ်စရာ အတွေ့ကြုံကလေးတွေနဲ့ ရောပြီး ပြောပြခဲ့ဖူးပါတယ်။ ‘အသိတရား ချည့်မသွားစေ’ ဆိုတာ ဒီလိုအဖြစ်မျိုးရောက် မသွားအောင်လဲ အသိတရားနဲ့ ဆင်ခြင်သုံးသပ်ပြီ လက်ခံရမယ်လို့ ဆိုလိုတာပါ။

ဒီနေရာမှာ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာ တော်ကြီးရဲ့ အဆုံးအမကလေးကလဲ မှတ်သားစရာ ကောင်း ပါတယ်၊ ဆရာတော်ကြီးက သူ့ရဲ့ကျောင်းတိုက်မှာ အုပ်ချုပ် ရေး၊ ပညာရေးကစပြီး အလွန်ခေတ်မီတယ်၊ သူကိုယ်တိုင်လဲ အတွေးခေါ် အတော်ကျယ်ပြန့်တယ်၊ ဆရာတော်ကြီးရဲ့ ခေတ်မီတဲ့ အမြော်အမြင်ကြောင့်ပဲ တပည့်အစဉ်အဆက်တွေ ဖြစ်တဲ့၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်တို့၊ မော်ဘိ သာသနာ့ဝန်ဆောင်ဆရာတော်၊ ပဲခူးသာသနာ့မဏ္ဍိုင်ဆရာ တော်၊ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု မြောင်းမြဆရာတော် အရှင် ဉာဏိကတို့စတဲ့ လောကီ၊ လောကုတ္တရာ စွယ်စုံပညာရှင် တပည့်စဉ်ဆက်တွေ ပေါ်ပေါက်လာခဲ့တာပေါ့။


အနေအထိုင်နဲ့ ဝတ်စားဆင်ယင်မှုကျတော့ ဆရာတော်ကြီးကိုယ်တိုင် အလွန်ရိုးတယ်၊ သုံးစွဲတဲ့ပစ္စည်းတွေ ကြည့်မယ်ဆိုရင် ပိုလို့တောင်ရိုးသေးတယ်၊ ဆရာတော်ကြီး ခရီးသွားလို့ သင်္ကန်း ပရိက္ခရာတွေ သယ်တဲ့အခါ ကာလပေါ် လက်ဆွဲအိတ်တွေကို ဘယ်တော့မှ မသုံးဘူး၊ ရှေးရိုးထန်းခေါက်ဖာကြီးနဲ့ ပစ္စည်းတွေထည့်ပြီး ကြိုးနဲ့ ခိုင်အောင် ချည်ပြီး ဆွဲသယ်ရတာ၊ ဆရာတော်ကြီးခံယူ ဆုံးမလေ့ရှိတဲ့ ဩဝါဒကတော့ ...

'ပညာရဖို့ဆိုရင် ဂိုဏ်းလည်းမရွေးနဲ့ လူမျိုး၊ ဘာသာလည်း မခွဲနဲ့ ရအောင်ယူ၊ ဝတ်စားနေထိုင်မှုမှာတော့ ကိုယ့်ဂိုဏ်းရဲ့ အစဉ်အလာကို လုံးဝမပယ်ဖျက်နဲ့ .. နေထိုင်တာကို ခေတ်မမီချင်နဲ့ ရိုးနိုင်သမျှရိုးကြ၊ ပညာရေးမှာတော့ ရှေးရိုးမဆန်ကြနဲ့ ခေတ်မီနိုင်သမျှမီအောင် ကြိုးစားကြ' တဲ့။

အဲဒီလို ကိုယ်ကျင့်တရားအခိုင်အမာထားပြီး တိုးတက်တဲ့ အသစ်တရားများကို စွမ်းနိုင်သမျှခေတ်စားစေမှ လောကရော၊ သာသနာပါ ကျက်သရေတိုးနေမှာ ဖြစ်တယ်လို့ ဆိုလိုတဲ့သဘောပါ။

**ကျက်သရေရှိရှိ ခေတ်မီတိုးတက်ကြပါစေ။**

**အလင်းတန်းဂျာနယ်**
**၃၀ . ၆ . ၂၀၀၈**



# ကျက်သရေ ဆုံမှတ်

## ကျက်သရေ ဆုံမှတ်

လောကကျက်သရေထဲမှာ အရေးကြီးဆုံးဖြစ်တဲ့ ကျက်သရေက 'အသိတရား' ဖြစ်ပါတယ်၊ 'အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ အမောဟ'ဆိုတဲ့ အမည်များဟာ အဓိပ္ပါယ်တူတွေပါ၊ မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်မှာတော့ 'သမ္မာဒိဋ္ဌိ' လို့သုံးပါတယ်၊ 'သံသယကင်း အမြင်ရှင်းတဲ့ အသိတရား' လို့ အဓိပ္ပါယ်ရပါတယ်။

ဒီအသိနဲ့ ပတ်သက်လို့ လောကီနယ်ပယ်မှာ သင်ယူမှတ်သားလို့ မဆုံးနိုင်အောင် အကန့်အသတ်မရှိ ကျယ်ဝန်းတယ်ဆိုတာ လူတိုင်းသိကြပြီးသားပါ၊ ဓမ္မနယ်ပယ် မှာတော့ အခြေခံအားဖြင့် အဆင့် သုံးဆင့်ရှိပါတယ်။

(၁) ကံနဲ့ကံရဲ့ အကျိုးကို သံသယကင်းကင်း သိမြင်တဲ့ အဆင့် (ကမ္မဿကတာသမ္မာဒိဋ္ဌိ)။

(၂) ရုပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ ဖြစ်တတ် ပျက်တတ် တဲ့ သဘောအမှန်ကို သံသယကင်းကင်း သိမြင်တဲ့ အဆင့်

(ဝိပဿနာသမ္မာဒိဋ္ဌိ)နဲ့
(၃) ဖြစ်ပျက်ရှုတ်ထွေး ဒုက္ခဘေးတို့ ငြိမ်းအေးလွတ်မြောက်ရာ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တဲ့အဆင့် (မဂ္ဂသမ္မာဒိဋ္ဌိ )တို့ပဲ ဖြစ်ပါတယ်။

လောကီပညာရေးမှာ မူလတန်းအဆင့်ကို အောက်သက်ကျေကျေနဲ့ အောင်မြင်ခဲ့မှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တွေကို တစ်ဆင့်ထက်တစ်ဆင့် အထောက်အကူပြုပြီး လွယ်ကူအောင်မြင်နိုင်သလိုပဲ၊ ဓမ္မအသိမှာလဲ မူလတန်း အဆင့်ဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိအဆင့်မှာ အောက်သက်ကျေပြီး သံသယကင်းကင်းသိမြင်မှသာ အထက်အဆင့်တွေကို ကျေးဇူးပြုသိမြင်နိုင်ကြမှာပါ၊ အောက်သက်မကျေဘဲ အထက်အဆင့်တွေကို ဖြတ်လမ်းကနေ တက်ဖို့ဆိုတာ အများစု အတွက်ဖြစ်နိုင်ချေအတော်နည်းပါတယ်၊ ဒါကြောင့် ကံနဲ့ကံရဲ့ အကျိုးကို သံသယကင်းကင်း အမြင်ရှင်းရေးဟာ ဓမ္မနယ်ပယ်မှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအသိ ဖြစ်တယ်လို့ ဆိုရတာပါ။

အခြေခံအသိဖြစ်တဲ့ 'ကောင်းတာလုပ်ရင် ကောင်းကျိုး ဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်တယ်'ဆိုတဲ့ အသိတရားဟာ အပြောလွယ် သလောက် တကယ် သဘောပေါက်လက်ခံရေးမှာ အလွန်ခက်ခဲနေကြပါတယ်၊ ဟောပြော ပို့ချခဲ့တဲ့ ပွဲတွေမှာ မေးကြည့်ခဲ့

ဖူးတယ်။

**'ထမင်းစားရင် အားဖြစ်တယ်၊ ကုသိုလ်ပြုရင် ကောင်းကျိုးဖြစ်တယ်'** ဒီနှစ်မျိုးမှာ ထမင်းစားတာက တစ်ဘဝခန္ဓာကိုယ် တည်ဆောက်ရေးအတွက် အရေးပါတဲ့ ကောင်းမှုဖြစ်ပြီး ကုသိုလ်ဆိုတာက ဓမ္မခန္ဓာကိုယ် တည်ဆောက်ရေးအတွက် အရေးပါတဲ့ ကောင်းမှုဖြစ်တယ်၊ ဒီနှစ်ခုမှာ ဘယ်ဟာက ပိုအရေးကြီးသလဲဆိုတော့ အားလုံးကပဲ 'ကုသိုလ်တရားက အရေးကြီးပါတယ်' တဲ့၊ ဒါဖြင့် တစ်နေ့မှာ ထမင်းဘယ်နှစ်ထပ်စားသလဲဆိုတော့ အနဲဆုံးနှစ်ထပ်တဲ့၊ ကုသိုလ်ကိုကျတော့ကောဆိုတော့ 'အဟဲ' ဆိုပြီး ငြိမ်သွားကြတယ်၊ အစားကို မစားဘဲမနေနိုင်ကြသလို ကုသိုလ်ကို မပြုဘဲမနေနိုင်ဘူးဆိုတဲ့လူ ဘယ်နှစ်ယောက်ပါသလဲလို့ မေးကြည့်တဲ့အခါမှာတော့ အားလုံး အသံမထွက်ကြတော့ဘူး။

ကဲ .. နောက်ထပ် စကားတစ်စုံ မေးကြည့်ပါဦးမယ်။

**'အဆိပ်သောက်ရင် သေတတ်တယ်၊ အကုသိုလ်ပြုရင် မကောင်းကျိုး(ဒုက္ခ)ခံစားရတယ်'** ဒီစကားတစ်စုံမှာ အဆိပ်သောက်တာက တစ်ဘဝ ခန္ဓာကိုယ်ကို ပျက်စီးစေတဲ့ မကောင်းမှု၊ အကုသိုလ်ပြုတာက ဓမ္မခန္ဓာကိုယ်ကို ပျက်စီးစေတဲ့ မကောင်းမှု၊ တစ်နည်းပြောရရင်တော့

အဆိပ်က တစ်ဘဝခန္ဓာကိုယ်ကို သေစေတတ်တယ်၊ အကုသိုလ်က ဘဝသံသရာအဆက်ဆက်မှာ အသေမရပ် တရစပ် သေစေတတ်တယ်၊ ဘယ်အဆိပ်ကပိုပြင်းလဲ' ဆိုတော့ 'အကုသိုလ် အဆိပ်က ပိုပြင်းပါတယ်' တဲ့၊

'ပုထုဇဉ်အလျှောက် မကင်းရာ မကင်းကြောင်းပေါ့' ဆိုတဲ့ ဆင်ခြေနဲ့ အဆိပ်ကို တစ်ခွက်တစ်ဖလား မော့ကြည့်ဖူးသူ ရှိလားဆိုတော့ 'မရှိပါဘူး' တဲ့၊ ဒါဖြင့် အကုသိုလ် ကျတော့ကောဆိုတော့ အားလုံးငြိမ်နေကြတယ်၊ ဒီကြားထဲမှာ 'ဖြန်းကနဲ' ခြင်ရိုက်တဲ့ အသံတစ်သံပဲ ကြားလိုက်ရပါတယ်။

အေး .. လူတွေ ဒုက္ခတွေနဲ့ချည်း လုံးထွေးနေရပြီး နိဗ္ဗာန်နဲ့ဝေးနေကြတာဟာ ပါရမီတွေ ဘာတွေကို ဆင်ခြေ ပေးမနေကြပါနဲ့ တကယ့် အခြေခံအကြောင်းရင်းက အကုသိုလ်ကံကို အဆိပ်လောက် မကြောက်ကြသလို ကုသိုလ်ကံကိုလဲ ထမင်းလောက် အလေးမထားလို့ပါ' လို့ပဲ မှတ်ချက်ပေးခဲ့လိုက် ပါတယ်။

* *

'မှန်ကန်တဲ့ အသိ' ဆိုတာကို တချို့က 'မှန်ကန်တဲ့ အယူဝါဒ' လို့ နားလည်မှုမှားနေတတ်ကြသလို 'ကုသိုလ်' ဆိုတာကိုလဲ ဘာသာဝါဒတစ်ခုခုရဲ့ မူပိုင်လုပ်ငန်း တစ်ခုလို့ အထင်မှားနေကြတာကိုလဲ မကြာခဏတွေ့ရတတ်ပါတယ်။

အမှန်က ကံနဲ့ ကံရဲ့အကျိုးကိုသိတဲ့အသိဆိုတာ

'ကောင်းမွန်တဲ့ အလုပ်ကိုလုပ်ရင် ကောင်းကျိုးဖြစ်တယ်' ဆိုတဲ့ အသိမှန်ကို ဆိုတာပါ၊ ဒီလိုကောင်းကျိုးဖြစ်စေတဲ့ အလုပ်ကို ဘယ်ဘာသာဝင်က လုပ်မှသာ ကောင်းတဲ့အလုပ် ဖြစ်မယ်လို့ မူပိုင်လုပ်ထားလို့မရပါဘူး၊ မိရိုးဖလာ ကိုးကွယ်တဲ့ အယူဝါဒအရ ဘယ်ဘာသာဝင်ပဲဖြစ်နေပါစေ ကောင်းတဲ့ စိတ်ထားနဲ့ သူတစ်ပါးကို ကောင်းကျိုးပြုတဲ့အလုပ်မျိုးကို လုပ်နေတာဟာ ကောင်းမှုပါပဲ၊ ဒါကို ဗုဒ္ဓဘာသာ အရင့်အမာကြီးများလို့ ပြောကြသူများ ကိုယ်တိုင်ကတောင် သဘောမပေါက်နိုင်ကြတာတွေ တွေ့ရဖူးပါတယ်၊ 'သရဏဂုံ မဆောက်တည်ပဲ ပြုလုပ်တာဟာ ကုသိုလ်ဖြစ်ပါ့မလား' တဲ့၊ ဒီလိုပုဂ္ဂိုလ်များကို 'ကဲ .. ဝေဿန္တရာမင်းကြီးရဲ့ ဆင်ဖြူတော် အလှူတို့ သားတော် သမီးတော်တို့ကို လှူတဲ့အလှူတို့ဟာ ကုသိုလ်ဖြစ်သလား မဖြစ်ဘူးလား ဆိုတော့ 'ဖြစ်ပါတယ်' တဲ့၊ ဝေဿန္တရာမင်းကြီးဟာ ဘယ်ဘာသာဝင်လဲဆိုတဲ့ အခါကျတော့ အင်း .. အဲ ဖြစ်ကုန်ကြရော။

အမှန်က .. အလောင်းတော်တို့ ပါရမီဖြည့်စဉ် ကာလတွေထဲမှာ သာသနာပကာလကြီးက အရှည်ဆုံး အများဆုံးပါ၊ ဒီကာလတွေမှာ အလောင်းတော်များဟာ ဘယ်ဘာသာဝင်မှ မဟုတ်သလို ဘယ်ဘာသာရေး အလုပ်မှလဲ လုပ်မနေကြပါဘူး၊ သူတစ်ပါးတို့ရဲ့ကောင်းကျိုးကို စိတ်ကောင်းထားပြီး လုပ်ဆောင်နေတာသက်သက်ပါ၊

ဒီလိုလုပ်နေတာကိုပဲ ပါရမီကုသိုလ်အလုပ်လို့ ဆိုရတာပါ။

အခုလောလောဆယ် နာဂစ်အလွန်ရက်ပိုင်း အတွင်းမှာပဲ နာဂစ်ဒဏ်ခံဒုက္ခသည်တွေကို နိုင်ငံအသီးသီး အရပ်ဒေသအသီးသီးက ဘာသာဝင်တွေအားလုံး စာနာစိတ်နဲ့ ဝိုင်းဝန်းကူညီကြတာတွေ၊ အလွန်ဝေးလံတဲ့ အရပ်တွေမှာနေကြပြီး ဘာလူမျိုး ဘယ်ဘာသာဝင်မှန်း မသိကြပေမယ့် မေတ္တာနဲ့ယှဉ်တဲ့ စာနာစိတ် ကြင်နာစိတ်အပြည့်နဲ့ ထောက်ပံ့ ကူညီကြတာတွေ၊ လူကိုယ်တိုင်လာရောက် အားပေးကြတာတွေကြည့်ပေါ့၊ ဒီလူတွေထဲမှာ ဘယ်ဘာသာဝင်တွေကသာ ကုသိုလ်ရတယ်၊ ဘယ်ဘာသာဝင် တွေကတော့ ကုသိုလ်မရနိုင်ဘူးလို့ ကန့်သတ်လို့မရပါဘူး၊ အားလုံးဟာ စိတ်ကောင်းနဲ့ယှဉ်ပြီး ဒုက္ခရောက်သူတို့ရဲ့ ကောင်းကျိုးကို ဆောင်ရွက်ကြသူများဖြစ်လို့ ကောင်းမှုရှင် စစ်စစ်တွေချည်းပါပဲ။

'ကုသိုလ်ကောင်းမှု' ဆိုတာကိုက အများကောင်းကျိုးအတွက် စိတ်ကောင်း စေတနာကောင်းထားပြီး အကောင်းဆုံးလုပ်ဆောင်တဲ့ အလုပ်ကို ဆိုတာပဲ၊ ဘာသာဝင် အသီးသီးတို့ရဲ့ ဘာသာရေးအလုပ်ကို ဆိုလိုတာမဟုတ်သလို ဘယ်ဘာသာဝင်ကမှ သီးသန့်ပိုင်တဲ့ အလုပ်လည်းမဟုတ်ပါဘူးဆိုတာ အမြင်ကျယ်ကျယ် အသိကြီးကြီးနဲ့ သဘောပေါက်ကြဖို့ လိုပါတယ်။

* *

'စိတ်ကောင်း စေတနာကောင်း' ဆိုတာ ဘယ်လို စိတ်ထားမျိုးလဲဆိုတာကိုလည်း အားလုံးကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ဖို့ လိုပါတယ်၊ အတိုချုပ်ကတော့ ဗြဟ္မစိုရ် စိတ်ထားလို့ လူသိများကြတဲ့ မိမိနဲ့ သူတစ်ပါးကို တစ်သားတည်း ခံယူတဲ့ ကိုယ်ချင်းစာစိတ်နဲ့ ဆင်းရဲချမ်းသာကို မျှဝေခံစားတတ်တဲ့ မေတ္တာစိတ်၊ ဒုက္ခရောက်သူကို စာနာထောက်ထား ရိုင်းပင်းကူညီတတ်တဲ့ ကရုဏာစိတ်၊ ချမ်းသာပြည့်စုံသူတို့အပေါ်မှာ မနာလိုဝန်တိုမဖြစ်ဘဲ ကိုယ်တိုင်ချမ်းသာခံစားရသလို ကျေနပ်ဝမ်းမြောက်တတ်တဲ့ မုဒိတာစိတ်နဲ့ သူတစ်ပါးရဲ့ အပြစ်နဲ့ ချွတ်ယွင်းချက်များကို ခွင့်လွှတ်လစ်လျူရှုတတ်တဲ့ ဥပေက္ခာစိတ်များကို စိတ်ကောင်း စေတနာကောင်းလို့ဆိုတာပါ။

ဒီစိတ်ထား လေးမျိုးထဲမှာ ပဓာနအကျဆုံးက **'ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကိုချစ်ပါလေ'** ဆိုတဲ့ အရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမစာအတိုင်း ကိုယ်ချင်းစာနာတတ်တဲ့ မေတ္တာစိတ်ထားဖြစ်ပါတယ်၊ ဒါကြောင့် ဒီမြင့်မြတ်တဲ့ စိတ်ထားလေးမျိုးလုံးကို 'မေတ္တာစိတ်ထား'ဆိုတာနဲ့ ကိုယ်စားပြု သုံးစွဲကြပါတယ်၊ 'စစ်မှန်တဲ့ မေတ္တာစိတ်ထား' ဆိုတာ ဗြဟ္မစိုရ် စိတ်ထား လေးမျိုးလုံးကို ကိုယ်စားပြုတဲ့ စိတ်ထားဖြစ်တယ်လို့ နားလည်ကြရမှာပါ။

တိပိဋကဓရ(ယော)ဆရာတော် ဘုရားကြီးကတော့ ...

ဘာသာအားလုံး၊ရှင်ပြုံးကြည်သာ၊ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။

လူမျိုးအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။

သတ္တဝါအားလုံး၊ရှင်ပြုံးကြည်သာ၊ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး .. လို့ မိန့်ကြားပါတယ်။

ဟုတ်ပါတယ် သိပ်မကြာလှသေးတဲ့ (၂.၅.၂၀၀၈) နေ့ ဆီက နာဂစ်ဆိုတဲ့မုန်တိုင်းဆိုးကြီး အောက်မြန်မာပြည်ကို ဝင်ရောက်နှိပ်စက်လိုက်တာ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်း အတွင်းက မြို့ကြီးမြို့ငယ်နဲ့ ကျေးရွာတွေပါမကျန် အသက် အိုးအိမ်စည်းစိမ်တွေ အများကြီး ဆုံးရှုံးကြရတဲ့အခါ ချမ်းသာနဲ့ ဆင်းရဲကို ဝေမျှခံစားတတ်တဲ့ လူသားတို့ရဲ့ စိတ်ဓာတ်မှန် မေတ္တာစိတ်ထားဟာ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ ဒေသဆိုတဲ့ အတားအဆီးအားလုံးကို ဖယ်ရှားပေါင်းဆုံမိကြပါတယ်၊ ဒီစိတ်ဓာတ်ကြောင့်ပဲ တစ်ခါမှ မတွေ့မမြင်ဘူးကြသူတွေ ဖြစ်ပေမယ့် ဒုက္ခသည်အားလုံးကို ကိုယ့်မိသားစုလို သဘောထားပြီး ဝေးလံသီခေါင်တဲ့ အရပ်ဒေသတွေကအထိ ဒီဒုက္ခသည်နယ်မြေကို ပစ္စည်းဥစ္စာများသာမက လူကိုယ်တိုင်ပါ လာရောက်ကူညီကြတာပါ၊ သဘာဝဘေးဒဏ်က

ကျက်သရေ အမဲ့ဆုံးဖြစ်အောင် နှိပ်စက်ချိန်မှာ လူသားတို့ရဲ့ အမြင့်မားဆုံးနဲ့ အလှဆုံးကျက်သရေတွေ ပေါင်းဆုံပြသကြတယ်လို့ ဆိုရမှာပါ။

ကျက်သရေဆုံမှတ်မှာ ဘာသာအားလုံး၊ လူမျိုးအာလုံးတို့ စုရုံးပေါင်းဆုံမိကြချိန်မှာ ထက်ထက်သန်သန် မပါဝင်ဘဲ ရှောင်လွှဲ နှောင့်နှေးနေကြသူတို့ အတွက်တော့ လယ်တီ ဆရာတော်ဘုရားကြီးရဲ့ သတိပေးဆုံးမစကားအတိုင်း ...

ခွင့်သာတုန်းမှ၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးလိမ့်လား။


ခွင့်သာခိုက်မှ၊ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလိမ့်လား။

ခွင့်သာဆဲမှ၊ မနွှဲချင်လျှင်၊ အလွှဲနှင့်ပြင် ရှိသေးလိမ့်လား ... လို့သာ ဆိုရပါလိမ့်မယ်။

ကျက်သရေမဲ့ ခြင်းဘေးမှ ကင်းဝေးကြပါစေ။

အလင်းတန်းဂျာနယ်

၇ • ၇ • ၂၀၀၈



ရွှေခိုးတဲ့ ပန်းထိမ်နှင့်
ရေမထိုးတဲ့ တံငါ

## ရှေးခိုးတဲ့ ပန်းထိမ် နှင့် ရေမထိုးတဲ့ တံငါ

ကိုယ်တိုင်လည်း အမြဲတမ်းကျက်သရေရှိနေပြီး လောကရဲ့ကျက်သရေကိုလည်း အပြည့်အဝဆောင်ပေးနိုင်သူ ဖြစ်ဖို့ အတွက် အရေးအကြီးဆုံး အခြေခံတရားက ကံနဲ့ကံရဲ့ အကျိုးကို ပြတ်ပြတ်ထင်ထင် သိမြင်လက်ခံဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်း အရင်ကပြောခဲ့ပြီးပါပြီ။

'ကံ'ဆိုတာနဲ့ပတ်သက်လို့ အရပ်စကားအနေနဲ့ **'ကံဆိုတာ အလုပ်၊ အလုပ်ဟာ ကံပဲ'** လို့အများသူငါ အလွယ်တကူ ပြောလေ့ရှိပါတယ်။

တချို့ကလည်း ဒါကိုပဲ ခေတ်မီတိုးတက်တဲ့ အမြင်တစ်ခုအဖြစ်နဲ့ အလွယ်တကူ လက်ခံတတ်ကြတယ်၊ ဟုတ်သလိုလိုထင်ရသလောက် အန္တရာယ် အလွန်များတဲ့ စကားပါ။

မြတ်ဗုဒ္ဓရဲ့ အလိုအရကတော့ အလုပ်တိုင်းကို

'ကံ'လို့ မဆိုနိုင်ပါဘူး၊ စေတနာပါတဲ့ အလုပ်မျိုးမှသာ 'ကံ'မြောက်ပါတယ်၊ စေတနာမပါရင် ကံမမြောက်ပါဘူး။

မြတ်ဗုဒ္ဓကလည်း 'ချစ်သားတို့ ... စေတနာကို ကံလို့ ငါဘုရား မိန့်ဆိုတယ်' လို့ ဟောညွှန်ခဲ့ပါတယ်၊ အလုပ်နဲ့ စေတနာဟာ တစ်ခါတစ်လေ တထပ်တည်း မတူကြ တာတွေ ရှိနေပါတယ်၊ ဒါကြောင့် ကံကို ဆုံးဖြတ်ရာမှာ အလုပ်ကို ကြည့်ပြီး ဆုံးဖြတ်လို့မရဘူး၊ စေတနာနဲ့ ရည်ရွယ်ချက်ကို သိပြီးမှဆုံးဖြတ်လို့ ရတယ်ဆိုတာ အလေးအနက် သဘော ပေါက်သင့်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ နည်းနည်းစဉ်းစားနိုင်ဖို့ အတွက် လောလောဆယ်ကြုံရပုံလေးကို ပြောပါဦးမယ်၊ မကြာသေးခင် နာဂစ်အလွန်တစ်ပတ်လောက်က ပင်စင်စား ဆိုတဲ့ ဒကာကြီးတစ်ယောက် မိမိနှင့်ရင်းနှီးတဲ့ ဒကာတစ်ဦးကို အဖော်ပြုပြီး ကျောင်းကိုရောက်လာပါတယ်။

အလုပ်က အနားယူပြီးကတည်းက တရားအားထုတ် တဲ့ဘက်ကို အဓိကထားနေကြောင်းနဲ့ အစချီပြီး နောက်ဆုံးမှာ 'ဘာပဲဖြစ်ဖြစ်ပေါ့ဘုရား လောကမှာ တံငါမုဆိုးတို့ သွား ရမယ့်လမ်းနဲ့ သူတော်ကောင်းတို့ သွားရမယ့် လမ်းလောက်ကို တော့ ကွဲကွဲပြားပြားသိသွားပြီပေါ့ဘုရား' ဆိုပြီး ကျေနပ် ဝမ်းမြောက်တဲ့ အမူအရာနဲ့ စကားကို အဆုံးသတ်လိုက် ပါတယ်။

ပြီးတော့မှ အခုပြောခဲ့တာတွေနဲ့ ပတ်သက်လို့ အရှင်ဘုရား သဘောထား ဩဝါဒကိုလည်း နာယူပါရစေလို့ တောင်းဆိုပါတယ်။

မိမိက 'ဒကာကြီး ... ဘယ်ကိစ္စမဆို သူများပါးစပ်နဲ့ လမ်းမဆုံးစေပဲ ကိုယ်ပိုင်အသိနဲ့ ဆုံးဖြတ်နိုင်အောင် စဉ်းစားတာ ကောင်းတယ်၊ အခု ဦးဇင်းပြောမယ့် စကားများနဲ့ ပတ်သက်လို့လည်း သတိကြီးကြီး သဘောထားကြီးကြီးနဲ့ နားထောင်ပြီး ကိုယ့်အသိနဲ့ကိုယ် ဆုံးဖြတ်ပါ။

ဒကာကြီး ပြောတဲ့အထဲမှာ 'မုဆိုးတံငါ' လို့ ပါတယ်၊ အရပ်ထဲမှာကလည်း 'ကံဆိုတာ အလုပ်၊ အလုပ်ဟာ ကံပဲ'လို့ လွယ်လွယ် ပြောဆိုနေကြတော့ ဒကာကြီးကလည်း ကိုယ်တွေ့မြင်နေရတဲ့ လုပ်ငန်းတွေကိုပဲ ကြည့်ပြီး ကံကို ဆုံးဖြတ်နေပုံရတယ်၊ ဒကာကြီးစဉ်းစားဖို့ ဖြစ်ရပ်ကလေး တစ်ခု ပြောမယ်နော်။

အခုလောလောဆယ် နာဂစ်မုန်တိုင်း နှိပ်စက်ခံရတဲ့ ရွာလေးတစ်ရွာမှာပေါ့၊ ရွာလေးက အိမ်ခြေ ငါးဆယ်လောက်ပဲ ရှိတယ်။

အဲဒီရွာမှာ ဘာမှကြီးကြီးမားမား မဆုံးရှုံးပဲ အကောင်းပတိ ကျန်နေတာဆိုလို့ အုတ်နံကပ်နဲ့ အခိုင်အမာ ဆောက်ထားတဲ့ ဆန်ဆိုင်တစ်ခုပဲရှိတယ်၊ ကျန်တဲ့ လူတွေမှာ တော့ အားလုံးပျက်စီး ဆုံးရှုံးကြလို့ စားစရာလည်းမရှိ၊

ဝယ်စရာလည်းမရှိ၊ ဝမ်းဟာနေတဲ့ ကလေးအချို့ကလည်း ငိုကြွယိုကြွဖြစ်နေကြတာပေါ့။

အဲဒီအချိန်မှာ ရွာထဲက တံငါသည်တစ်ယောက်က သူ့မှာရှိနေတဲ့ ပိုက်ကွန်လေးယူပြီး ငါးရှာထွက်တယ်၊ ရလာတဲ့ အခါကျတော့ ရွာသားတွေကို ချက်စားဖို့ ပေးလှူကူညီတာပေါ့လေ၊ ရွာသားတွေမှာ ဟင်းစားအတွက်က ရပြီဆိုတော့ ထမင်းချက်စရာဆန်ဝယ်ဖို့ ရှိစုမဲ့စု အားလုံး စုကြပြီး ဆန်ဆိုင်ကို သွားကြတယ်၊ ဒီရွာမှာ ဒီဆန်ဆိုင် တစ်ခုကလွဲလို့ တခြားဆိုင်လည်း မရှိဘူး။

ဒီမှာတင် ဆန်ဆိုင်ရှင်က အရင်ကတစ်ပြည် ငါးရာလောက်တန်တဲ့ ဆန်ကို ထောင့်ငါးရာဈေးပေးမှ ရောင်းမယ်ဆိုပြီး အကျပ်ကိုင်ပါလေရော၊ ငါ့ဝမ်းပူဆာ မနေသာတော့လည်း တောင်းသမျှ ပေးပြီးတော့ပဲ ဝယ်ကြရတော့တာပေါ့။

ကဲ ... အဲဒါ ဒကာကြီး စဉ်းစားကြည့်ပါ၊ တံငါသည်နဲ့ ဆန်ကုန်သည် ဘယ်သူက ကောင်းမှုလုပ်သူဖြစ်ပြီး၊ ဘယ်သူက မကောင်းမှု လုပ်သူဖြစ်မလဲ။

ဒကာကြီးတို့ ငယ်ငယ်က ဒေါင်းဖတ်စာတွေ ဖတ်ဖူးမယ်ထင်ပါတယ်၊ အဲဒီထဲမှာ သားရေကုန်သည်နဲ့ ဆန်ကုန်သည်အကြောင်းကို မဖတ်ဖူးရင်တောင် ကြားတော့ ကြားဖူးမှာပါ။

ကုန်ဝယ်ဖို့အသွားမှာ ဘုန်းတော်ကြီးကျောင်း တည်းခိုကြတော့ ဘုန်းတော်ကြီးက ဆန်ကုန်သည်ကို ကျောင်းပေါ်မှာ နေရာကောင်းကောင်းပေးပြီး သားရေကုန်သည်ကိုတော့ မီးတင်းကုတ်မှာ နေရာပေးပါသတဲ့။

အပြန်ကျတော့ ဘုန်းတော်ကြီးက သားရေကုန်သည်ကို ကျောင်းပေါ်မှာ နေရာကောင်းကောင်းပေးပြီး ဆန်ကုန်သည်ကိုတော့ မီးတင်းကုတ်မှာ နေရာပေးသတဲ့။

အကျိုးအကြောင်း လျှောက်ထားကြတဲ့အခါ ဘုန်းတော်ကြီးက 'အေးကွဲ့ ... အသွားတုန်းကတော့ ဆန်ကုန်သည်က သွားရမယ့်အရပ်မှာ ဆန်ရေစပါးပေါများပါစေဆိုတဲ့ စိတ်ထားနေမှာ၊ သားရေကုန်သည်ကတော့ အဲဒီအရပ်မှာ ကျွဲတွေ နွားတွေများများ သေပါစေဆိုတဲ့ စိတ်ထားနေမှာ၊ အပြန်ကျတော့ ဆန်ကုန်သည်က သူ့အရပ်မှာ ဆန်ရေစပါးတွေ ရှားပါးပါစေ၊ ဆန်ဈေးတွေ တက်နေပါစေလို့ ဆုတောင်းနေမယ်။

သားရေကုန်သည်ကတော့ သူ့သားရေတွေ ဈေးတက်ဖို့အတွက် သူ့အရပ်မှာ ကျွဲနွားတွေအသေ အပျောက်နည်းပါစေလို့ ဆုတောင်းနေမှာ၊ အဲဒါ ဒကာတို့ရဲ့ စိတ်ထား အကောင်းအဆိုး ကြည့်ပြီး နေရာ အကောင်း အဆိုး ခွဲခြားပေးတာလို့ မိန့်ကြားပါသတဲ့။

ဒကာကြီးသဘောပေါက်သလား၊ အဲဒီ ဘုန်းတော်

ကြီးက လုပ်ငန်းကိုကြည့်ပြီး ကံကို ဆုံးဖြတ်တာ မဟုတ်ဘူး၊ စေတနာပါတဲ့ စိတ်ထားကိုကြည့်ပြီး ကံကို ဆုံးဖြတ်တာ မို့လား။

'ကဲ .. စောစောကပြောတဲ့ တံငါသည်နဲ့ ဆန်ကုန်သည်ကိုတော့ ဒကာကြီး ဘယ်လိုဆုံးဖြတ်မလဲ'ဆိုတော့ ဒကာကြီးက နဲနဲတွေနေပြီး 'အင်း .. ဒါဟာ အလေးအနက် စဉ်းစားရမယ့် ကိစ္စပဲ' လို့ ညည်းပါတယ်။

ပုထုဇဉ်ဆိုတာကတော့ ကောင်းမှုနဲ့ မကောင်းမှု အရောရော အနှောအနှောပြုလေ့ရှိကြတာပဲ မဟုတ်လား။

ဒီအမှုနှစ်မျိုးကလဲ 'ရေများရေနိုင်၊ မီးများမီးနိုင်' ဆိုသလိုပဲ အင်အားကောင်းရာက အနိုင်ရတာပါ၊ အချိန်များ အကြိမ် များတဲ့ ကံက အသားတင် လက်ကျန်ဖြစ်တယ်လို့ ဆိုရမှာပေါ့။

ခုနရွာက တံငါသည်ဟာ ငါးရှာမသွားမီမှာ သူစိတ်တွေက ဒုက္ခရောက်နေကြတဲ့ ဘဝတူတွေကို သူ စွမ်းနိုင်ရာက ကူညီလိုတဲ့စိတ် ဖြစ်နေမှာသေချာတယ်နော်၊ ငါးကို ရှာဖွေဖမ်းဆီးနေချိန်မှာတော့ ငါးတွေကို သေစေလိုတဲ့ စိတ်စေတနာတွေ ဖြစ်ကောင်းဖြစ်မှာပေါ့။

အဲ .. ငါးရပြီးပြီ ဆိုတာနဲ့ သူစိတ်တွေ ဘယ်လို ဖြစ်သွားလဲ၊ ဘဝတူတွေအတွက် ထောက်ပံ့ကူညီဖို့ဆိုတဲ့ စိတ်တွေပဲဖြစ်နေမယ်မဟုတ်လား။

ဆန်ကုန်သည်ရဲ့ စိတ်ထားကိုလည်း မှန်းဆကြည့်ပေါ့၊ 'သူများတွေ အကျပ်ရိုက်လေ ငါ့အတွက် အကွက်ဆိုက်လေ' ဆိုတဲ့ စိတ်ထားဟာ နိုးချိန်က အိပ်ချိန်အထိပဲ မဟုတ်လား။

အခုလို 'စီးပွားရှာ ပြည်နာမှ' ဆိုတဲ့ စိတ်ထားပြီး ကျေနပ်ပျော်ရွှင်နေကြတာဟာ အသုဘများများလာမှ ဝမ်းသာတတ်တဲ့ ဒွန်းစဏ္ဍားစိတ်ထားမျိုးနဲ့ ထူးပါဦးမလား။

ကဲ ... ဒကာကြီး စဉ်းစားကြည့်ပါ။

ခုနရွာလေးက တံငါသည်နဲ့ ဆန်ကုန်သည် ဘယ်သူက ကောင်းမှုများသလဲ၊ ဘယ်သူက မကောင်းမှုများသလဲ၊ ဒကာကြီးနေတဲ့ ရွာတစ်ရွာမှာသာဆိုရင် ဒီလူနှစ်မျိုးထဲက ဘယ်လိုလူမျိုးရှိတာ ရွာ့ကျက်သရေကို ဆောင်နိုင်မယ်ထင်သလဲ ဆိုတော့ ...

ဒကာကြီးက 'အား ... သဘောပေါက်ပြီဘုရား တပည့်တော်တို့က အလုပ်ကို ကြည့်ပြီး သာမန်ကာလျှံကာ ပြောနေမိတာကိုး၊ အရှင်ဘုရား စကားအတိုင်းလိုက်ပြီး ပြောရမယ်ဆိုရင် တံငါသည်က ကျက်သရေရှိသူပေါ့ဘုရား၊ ဟို ... ဆန်ကုန်သည်ကတော့ ဒွန်းစဏ္ဍား ပျော်ပျော်နေသူ ဆိုမှတော့ သူ့ထက် ကျက်သရေ ယုတ်တာ ဘာရှိဦးမလဲ ဘုရား' တဲ့။

ဒီနေရာမှာ ဒကာကြီးတစ်ခုတော့ သတိပြုရမယ်

နော် ဦးဇင်းပြောလိုတာက 'တံငါအလုပ်ဟာ ကောင်းမှု ဖြစ်တယ်၊ ဆန်ကုန်သည်အလုပ်က မကောင်းမှုဖြစ်တယ်'လို့ ဆိုတာ မဟုတ်ဘူးနော်၊ တစ်နေ့တာအတွင်း ဘယ်သူမှာ ဘယ်လို စိတ်ဓာတ်တွေက များနေ နည်းနေမယ်ဆိုတာ နှိုင်းယှဉ်ပြီး စဉ်းစားတတ်ဖို့ပြောတာ။

အမှန်ကတော့ သူတစ်ပါးအကျပ်ဆိုက်နေတာကို အကျပ်ကိုင်ပြီး မတန်တစ်ဆရယူတယ်ဆိုတာ ခိုးခြင်း နှစ်ဆယ့်ငါးပါးမှာတော့ 'အနိုင်အထက် နှိပ်စက်ခိုးယူခြင်း' ဆိုတဲ့ သဘောထဲမှာ ပါဝင်တယ်ဆိုတော့၊ ဒကာကြီးက 'ဒါဖြင့် စိန်ရွှေ ရတနာ ကုန်သည်တွေဆိုပြီး အတုတွေ အကြံ အဖန်တွေ လုပ်ရောင်းတဲ့ လူတွေလည်း ဘာထူးမလဲ ဘုရား'တဲ့။

ဒါတော့ ဒကာကြီးစဉ်းစားပေါ့၊ ဦးဇင်းပြောချင်တာ ကတော့ လောကရဲ့ ကျက်သရေကို ဆုံးဖြတ်တဲ့နေရာမှာ 'အလုပ်'သက်သက်ကိုသာ မကြည့်ဘဲ သူတို့ရဲ့ စိတ် စေတနာကို ကြည့်တတ်ဖို့ပါ၊ ကိုယ်ကိုယ်တိုင်လဲ စဉ်းစား ဆင်ခြင်တတ်ဖို့ပေါ့။


ဘာပဲဖြစ်ဖြစ် ရာထူးဂုဏ်သိန် စည်းစိမ် ဥစ္စာတွေ၊ လုပ်ငန်းကြီးတွေက လောကအမြင်မှာ ဘယ်လောက်ပဲ ကြီးကျယ်နေနေ၊ သူတို့ရဲ့ စိတ်ထားတွေက ဒွန်းစဏ္ဍား

စိတ်မျိုးထားနေရင်တော့ ကျက်သရေမဲ့တဲ့ အလုပ်ကို လုပ်နေကြသူတွေလို့သာ ဆိုရမှာကတော့ အမှန်ပဲထင်တယ် ဒကာကြီးလို့လည်း ပြောလိုက်ရော၊ ဒကာကြီးက 'တပည့်တော် အဲဒီထဲမပါအောင် သတိထားပါမယ်ဘုရား' ဆိုပြီး ဝန်ခံသွားလေရဲ့။

**စေတနာမှန်နဲ့ ကျက်သရေဆောင်နိုင်ကြပါစေ။**

အလင်းတန်းဂျာနယ်

၂၁ . ၇ . ၂၀၀၈



ကျက်သရေရိပ်

# ကျက်သရေရိပ်

လောကကျက်သရေတွေထဲမှာ ကံပေါ်မှာ အမြင်မှန်ရေးရဲ့ နယ်ပယ်က တစ်လောကလုံးရဲ့ နယ်ပယ်ကြီးဖြစ်တာမို့ အတော်ကျယ်ဝန်းပါတယ်၊ အထက်ဆင့်ဖြစ်တဲ့ အသိဉာဏ်တွေနဲ့ ထိုက်တန်ဖို့အတွက် ဒီနယ်ပယ်မှာ ထောင့် စုံအောင်လေ့ကျင့်ရင်း အသိမျိုးစေ့ကို အောင်မြင်ရင့်သန်စေရတာပါ၊ အထင်ရှားဆုံး သာဓကတစ်ခုကိုကြည့်မယ်ဆိုရင် မြတ်စွာဘုရားရှင်ဟာ ဒီကံနဲ့ကံရဲ့အကျိုးကို သိသိပိုင်ပိုင် လက်ခံနိုင်ရေးအတွက် လေ့ကျင့်ရတဲ့လောကီနယ်ပယ် ဘဝတွေဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင် ကြာခဲ့ပြီး နောက်ဆုံးသဗ္ဗညုတဉာဏ်ရဖို့ရာမှာတော့ ကဆုန်လပြည့်နေ့ ညနေဆည်းဆာချိန်ကနေ နောက်နေ့ အရုဏ်ဆည်းဆာ မတိုင်မီအထိအတွင်း အားလုံးပေါင်းမှ ဆယ့်နှစ် နာရီခန့်လောက်ပဲ ကြာခဲ့တာမို့လား။

ဒါကြောင့် ဒီနယ်ပယ်က လောကကျက်သရေများနဲ့

ပတ်သက်လို့ အတော်လေး ထောင့်စုံအောင်ရေးမယ်လို့ နှလုံးသွင်းထားတာပါ၊ အခုလည်း စာရေးဖို့ ပြင်ဆင်နေတုန်းမှာပဲ ဆရာချစ်ဦးညို ရောက်လာပြီး ပင့်ဖိတ်စာတစ်စောင် လာကပ်တယ်၊ ဆယ့်နှစ်ကြိမ်မြောက် ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲတဲ့၊ ဒီနှစ်ပူဇော်မှာက ဓမ္မစာဆိုရဟန်းပုဂ္ဂိုလ်သုံးပါးနဲ့ လူပုဂ္ဂိုလ်ငါးယောက်ပါတယ်၊ အဲဒီအထဲမှာ မိမိရဲ့ ဘွဲ့အမည်ပါ ပါလာတော့ "အော် .. ငါလဲ သက်ကြီးစာရင်းထဲ ဝင်နေပေါ့ကိုး" လို့ သံဝေဂပွားလိုက်မိသေးတယ်။

ဆရာချစ်က လူပုဂ္ဂိုလ်များကိုယ်စားတော့ ဆရာကြီး ဦးအောင်သင်းက ဩဝါဒစကားပြောဖို့ စီစဉ်ထားပါတယ်ဘုရား၊ ရဟန်းပုဂ္ဂိုလ်များ ကိုယ်စားတော့ အရှင်ဘုရားက အနုမောဒနာစကား နဲနဲပြောပေးဖို့လဲ ကြိုတင်လျှောက်ထားပါတယ်ဆိုတော့ "ဘာများပြောလိုက်ရပါလိမ့်" လို့ စဉ်းစားရင်း နာဂစ်က ရောသမမွှေသွားတဲ့ တောင်စွန်းမြို့ရှိ မိမိရဲ့ရွှေစေတီနဲ့ ဓမ္မဘောရီတောရက ပုံရိပ်များဆီစိတ်က ရောက်သွားတယ်။

နာဂစ်မုန်တိုင်းကာလအတွင်းမှာ မိမိက ကျန်းမာရေးအတွက် ခွဲစိတ်မှု ခံယူရမှာဖြစ်လို့ ဘယ်မှလည်း မသွားနိုင်ဘဲရန်ကုန်မှာပဲ ရက်ချိန်းစောင့်နေခဲ့ရတယ်၊ ဆရာဝန်ချိန်းတဲ့ရက်မှာပဲ နာဂစ်က ဝင်မွှေလိုက်တော့ ဆေးရုံမှာ လူမမာတွေ

ပြည့်ကျပ်လာလို့ စောင့်လို့ရသေးသူက စောင့်ပါဦးဆိုတာနဲ့ နာဂစ်လွန် ရက်နှစ်ပတ်ကြာမှ ဆေးရုံတက်ရတယ်၊ ဒီရက်ပိုင်းမှာ တောင်စွန်းက တပည့်တစ်ပါးရောက်လာတော့ ရန်ကုန်ရဲ့ အရှေ့တည့်တည့် မိုင်ခြောက်ဆယ်ခန့် အကွာလောက်မှာရှိတဲ့ တောင်စွန်းလည်း နာဂစ်ဒဏ်အတော်ခံလိုက်ရတယ်ဆိုတာ သိရပါတယ်၊ မိမိတို့ ကျောင်းအပါအဝင် တောင်စွန်းဘက်ပိုင်းကတော့ တောင်တန်းကြီးရဲ့ အရှေ့ဘေးမှာဆိုတော့ အထိုက် အလျောက် အကာအကွယ်ရလို့ ထိချက်နည်းနည်း သက်သာပါသတဲ့၊ အပျက်အစီးမေးကြည့်တော့ သစ်ပင်ကြီး အချို့လဲပြီး နည်းနည်းပါးပါးထိခိုက်တယ်လို့ ပြောပါတယ်၊ “အေးပါကွာ ဧရာဝတီတိုင်းတို့၊ ရန်ကုန်တိုင်းတို့နဲ့ နှိုင်းစာလိုက်ရင် မင်းတို့ တောင်စွန်းရဲ့ဒဏ်ချက်က ဆူးခြစ်မိသလောက် သာသာလေးပါ သင့်သလိုသာ ပြုပြင်နေထိုင်ကြပေါ့” လို့ပဲ ပြောလိုက်ပါတယ်။

ဆေးရုံက ဆင်းပြီးလို့ တစ်လနီးပါးရှိမှ တောင်စွန်းကို သွားဖြစ်တယ်၊ ကျောင်းနဲ့မလှမ်းမကမ်းရောက်လို့ အဝေးကနေ လှမ်းကြည့်လိုက်တဲ့အခါ အရင်က တောအုပ်ထဲမှာ ညို့ညို့ဆိုင်းဆိုင်းနဲ့ တကယ့် တောရကျောင်းကြီးလို့ ထင်ရတဲ့ မိမိတို့ကျောင်းတိုက်ကလေးဟာ အကာအကွယ်မဲ့ ထီးထီး ထင်းထင်းကြီး ဖြစ်နေတာကို တွေ့လိုက်ရတော့ “သစ်ပင်ကြီး အနည်းအပါးသာ လဲပြိုသွားတယ် ဆိုပေမယ့်

တကယ့်ကို ဟာလာဟင်းလင်းကြီးဖြစ်ပြီး တစ်တောလုံး ရှင်းသွားတာပါပဲကလား" လို့ မှတ်ထင်လိုက်ရတယ်၊ ကျောင်းရောက်လို့ သေချာကြည့်လိုက်တော့ ပြောတဲ့အတိုင်း အမှန်ပါပဲ၊ ကျောင်းရဲ့မြောက်ဘက်ဆောင်းမှာ တစ်ကျောင်းတိုက်လုံးကို ဖုံးကွယ်ထားသလိုဖြစ်နေတဲ့ ဒူးရင်းပင်ကြီးရယ်၊ ကျောင်းအနောက်တောင်ဘက်က ညနေပိုင်းမှာ သုံးနာရီခန့်လောက်ဆိုရင်ပဲ ကျောင်းပေါ်ကို နေရောင်မထိုးအောင် ကာကွယ်ပေးထားတဲ့ တညင်းပင်ကြီးတစ်ပင်ရယ်၊ ပိန္နဲပင်ကြီးတစ်ပင်ရယ် အားလုံးပေါင်းမှ ဒီအပင်ကြီး သုံးပင်လောက်ပဲ လဲပြိုသွားတာပါ၊ ဒီအပင်ကြီးသုံးပင် မရှိလိုက်တာနဲ့ကို တစ်တောလုံး ဟာလာဟင်းလင်းကြီး ဖြစ်သွားတာ၊ ကျန်တဲ့အပင်တွေ အများကြီးရှိပေမယ့် သူတို့ကိုကြည့်လိုက်တော့ နာဂစ်မုန်တိုင်းကြောင့် မိမဲ့ ဖမဲ့ဖြစ်ပြီး ကျန်ရစ်ခဲ့တဲ့ ကလေးသူငယ်လေးများလိုပဲ သိမ်သိမ်ငယ်ငယ်ကလေးတွေနဲ့ မတ်တပ်က မေ့နေကြသလို ထင်လိုက်ရတယ်။

ဒီအတွေးကနေ သက်ကြီးစာဆိုပညာရှင်ကြီးများဆီ စိတ်ကပြန်ရောက်လာတယ်၊ ဟုတ်ပါတယ် .. မြန်မာစာပေနယ်ပယ်မှာလည်း အခုလိုပညာရှင်ကြီးတွေရဲ့ အရှိန်အဝါကြောင့်သာ မြန်မာစာနယ်ဇင်းလောကဟာ လူမှုရေး၊နိုင်ငံရေး၊ စီးပွါးရေး၊ ဘာသာရေးစတဲ့ အကြောင်းအရာတွေ စုံစုံလင်လင်နဲ့ သိုက်သိုက်ဝန်းဝန်း အုပ်အုပ်ဆိုင်းဆိုင်းဖြစ်ပြီး

တကယ့်တောအုပ်ကြီးလို အဝေးက မြင်လိုက်ရုံနဲ့ ဝင်ရောက် ခိုနားချင်စရာ အေးအေးမြမြ စည်စည်ပင်ပင်ကြီး ဖြစ်နေ တယ်လို့ ခံစားရပါတယ်။

တခြားမကြည့်နဲ့ မန္တလေး စာနယ်ပေနယ်ကိုပဲ ကြည့်ပေါ့၊ စာဆိုဦးရေအနေနဲ့ တယ်မများလှဘူးလို့ဆိုရမယ့် မန္တလေးစာပေ အသိုက်အဝန်းဟာ စာပေမိခင်ကြီး ဒေါ်အမာ ဆိုတဲ့ တောစိုးသစ်ပင်ကြီးတစ်ပင်ရဲ့ အရိုန်အဝါနဲ့တင် တစ်ခဲနက် တောအုပ်ကြီးလို ညို့ညို့မှိုင်းမှိုင်း အုပ်အုပ် ဆိုင်းဆိုင်း အေးအေးမြမြကြီးနဲ့ မြင်ရကြားရသူတိုင်း ဝင်ရောက်ခိုနားချင်စရာကြီးကိုဖြစ်လို့၊ ဒါကြောင့်လဲ စာပေ မိခင်ကြီးရဲ့ မွေးနေ့မှာဆိုရင် နိုင်ငံတစ်နံတစ်လျှားက စာပေ ဝါသနာရှင်တိုင်း ဝင်ရောက်ခိုနား စုရုံးမိကြတာ ထင်ပါရဲ့၊ အခုဆို ဒီတောစိုးသစ်ပင် မိခင်ကြီးတစ်ပင် လဲသွားလိုက်တဲ့ အခါ မန္တလေးစာပေအသိုက်အဝန်းမှာ ကျန်ခဲ့သူ အားလုံး တို့ဟာ မိမိကျောင်းတိုက်မှာကျန်ခဲ့တဲ့ သစ်ပင်ကလေးတွေလို များတောင် ဖြစ်နေရစ်ကြလေမလားလို့ ထင်မိတယ်၊ ငယ်စဉ်ကတည်းက မန္တလေး တောင်မြို့(အမရပူရ) မှာ နေလာခဲ့ပြီး မန္တလေးစာပေ အသိုက် အဝန်းမှာ စာပေဝါသနာ မျိုးစေ့ရခဲ့တဲ့ မိမိအနေနဲ့တော့ ဒီလိုပဲခံစား ရပါတယ်။

အခုရန်ကုန်မှာ သက်ကြီးစာပေပညာရှင်ကြီးများရဲ့ ကျေးဇူးကိုသိရှိခံစား တန်ဖိုးထားကြသူများက စုပေါင်း

ပူဇော်ပွဲ လုပ်ကြတယ်ဆိုတာ သိရတော့ မိမိစိတ်ထဲမှာ ဆန္ဒထပ်တူ ဝမ်းသာပီတိဖြစ်မိပါတယ်၊ ဟုတ်တယ်လေ .. သက်ကြီးစာဆို ပညာရှင်ကြီးတွေဆိုတာ အိုပြီဆိုပြီး ဝိုင်းပယ်ထားရမယ့် 'အိုပယ်' အမျိုးအစားတွေမဟုတ်ပါဘူး၊ အိုသလောက် အသိပညာတွေ, ဗဟုသုတတွေ, အတွေ့အကြုံတွေနဲ့ ကြွယ်ဝနေကြတဲ့ တကယ့် "အိုကြွယ်" ပုဂ္ဂိုလ်မျိုးတွေပါ၊ စာပေကိုဝါသနာပါလို့ စာပေ အသိုက်အဝန်းထဲ ဝင်လာသူတိုင်းဟာ ဒီဆရာကြီးတွေရဲ့ စာပေတွေကတဆင့် သူတို့ရဲ့ ကျေးဇူးတွေကို မခံယူဖူးတဲ့ သူရယ်လို့မရှိနိုင်ပါဘူး၊ မခံယူဖူးပါဘူးဆိုရင်လဲ စာပေနယ်မှာ စာရင်းသွင်းလောက်တဲ့ လူလားမြောက်သူဖြစ်နိုင်မယ် မဟုတ်လောက်ဘူးလို့ ထင်မိပါတယ်။

မိမိအနေနဲ့တော့ မိမိရေးတဲ့စာတိုပေစလေးတွေနဲ့ ပတ်သက်ပြီးပြောလာတဲ့အခါတိုင်း "**အေးဗျာ .. ဒါလေးတွေဟာ ရှင်မောဂ္ဂလာန်တို့ နန္ဒောပနန္ဒနဂါးတို့လို ကိုယ်စွမ်းကိုယ်စ ကိုယ့်တန်ခိုးနဲ့ အခိုးအလျှံတွေ လွှတ်နေတာမဟုတ်ပါဘူး၊ ဆရာသမားတွေရဲ့ အာငွေ့နဲ့ မှုတ်ထားတာလေးတွေပါ**" လို့ ပြန်ပြောမိပါတယ်၊ ဒါဟာ ကိုယ့်ကိုကိုယ် တမင်နှိမ့်ချတဲ့သဘောနဲ့ ပြောနေတာမဟုတ်ပါဘူး၊ အမှန်တကယ်လည်း ဒီလိုပဲ ဖြစ်နေကြရတာပါ၊ မြတ်စွာဘုရားရှင်ကလည်း ရှင်အာနန္ဒာကို '**ဘယ်လောက်ပဲ ပါရမီတွေ ပြည့်နေနေ၊ ဆရာသမားကောင်းဆိုတဲ့**

**မိုးရာကောင်းကို မရရှိလျှင် ဘယ်သူမှ ဘာမှမဖြစ်နိုင်ဘူး' လို့ ဆုံးမခဲ့တယ် မဟုတ်လား။**


ပါထိကဝဂ်၊ ပါယာသိသုတ်မှာလဲ .. အရှင်ကုမာရကဿပမထေရ်မြတ်က – **'ပညာရှိသက်ကြီး ပုဂ္ဂိုလ်တို့ အသက်ရှည်ကြာ တည်ရှိနေခြင်းဟာ၊ အသက်ရှည်သလောက် ကောင်းမှုတွေတိုးပွားသလို၊ လူအပေါင်းတို့အတွက် ကြီးပွားချမ်းသာရေးကို ကျင့်သုံးရင်းလူ့ရောနတ်ပါ သတ္တဝါအားလုံးတို့အပေါ် ကြီးပွားချမ်းသာဖို့အတွက် သနားစောင့်ရှောက်နေကြခြင်းဖြစ်တယ်'** လို့ ဟောညွှန်ထားပါတယ်။ သက်ကြီးရွယ်အိုပညာရှင်တို့ရဲ့ ဂုဏ်ကျေးဇူးကို လေးစားသိမှတ် ပူဇော်တတ်ကြပါစေလို့ တိုက်တွန်း သတိပေးလိုတဲ့သဘောပါ။

အရှင်မြတ်သတိပေး တိုက်တွန်းတဲ့အတိုင်း အခုလိုသိမှတ်ပူဇော်ကြတာကိုသိရလို့ ထပ်တူ ဝမ်းမြောက် သာဓုခေါ်မိပါတယ်၊ လောကရဲ့ ကျက်သရေဆောင်ကြီးများကိုကျက်သရေရှိရှိ အသိအမှတ်ပြုလိုက်တာဖြစ်လို့ ကျက်သရေရှိတဲ့ လုပ်ရပ်တစ်ခုလို့ ဆိုလိုက်ပါရစေ။

**ကျက်သရေတွေ စဉ်ဆက်မပြတ် တိုးတက်ကြပါစေ။**

**အလင်းတန်းဂျာနယ်**

**၂၈ . ၇ . ၂၀၀၈**



# ကောင်းကင်လုံး ပျံ့နှံ့သွားစေတဲ့ တိမ်တိုက်ကလေးများ

## ကောင်ကင်လုံး ပျံ့နှံ့သွားစေတဲ့ တိမ်တိုက်ကလေးများ

သူတစ်ပါးဒုက္ခရောက်နေတာတွေ ကြားရတော့ အများနည်းတူ ကူညီချင်တာပေါ့၊ လောကကျိုး သာသနာကျိုးတွေကိုလည်း သည်ပိုးချင်တာပေါ့၊ ဒါပေမယ့် တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ သိတဲ့အတိုင်းပဲ အချိန်ကမရဘူးတို့၊ ပစ္စည်းဝတ္ထုက မပြည့်စုံဘူးတို့၊ သူများလို လူသာခုခေါ် နတ်သာခုခေါ်ဖြစ်အောင် လုပ်နိုင်ဖို့က မလွယ်ဘူးတို့ ... စတဲ့ ဆင်ခြေတွေကို ကြားလိုက်ရတိုင်း အငယ်ကတည်းက ဒီနေ့အထိ အကျင့်ရနေအောင် အမေက ဆုံးမခဲ့တာလေးတွေရယ်၊ ကိုရင်ဘဝက ရွာကျောင်းမှာ အတူတွေ့ကြုံ နေထိုင်ခဲ့ရဖူးတဲ့ ကပ္ပိယကြီး ဦးဖိုးနုပ်ရယ် ကို သတိရမိပါတယ်။

မိမိတို့ အထိုက်အလျောက် နားလည်မှတ်သား တတ်လောက်တဲ့အရွယ်ကစပြီး အမေ အဖေတို့က သြကာသ၊

ကွတိပိ၊ သမ္မုဒ္ဒေ – စတဲ့ ဘုရားရှိခိုးလေးတွေလည်း သင်ပေးတယ်၊ အဖေကတော့ ပုံပြင်တွေ ဇာတ်နိပါတ်ဆိုတာတွေကို စိတ်ဝင်စားအောင် ပြောပြပေးပါတယ်။

တစ်ခါတော့ ရွာလယ်လမ်းမကြီးမှာ ပြေးလွှားဆော့ကစားရင်း ဝါးခြမ်းစိပ်တစ်ခုနဲ့ ခြေမခွကြား ထိုးမိပြီး သွေးတွေလဲထွက် နာလဲနာတော့ ရှုံ့မဲ့ပြီး အမေ့ဆီ ပြေးသွားခဲ့တယ်၊ ထုံးစံအတိုင်းဘဲ အမေက ချော့မော့ပြီး သွေးတွေကို ရေနဲ့ဆေး အထဲက ငြောင့်စတွေကို ကုန်အောင်ဖယ်ရှားပေးပြီးတော့မှ ဗီးစပ်ရွက်ဆိုတာတွေ ကြိတ်ချေ သိပ်ပေးပါတယ်၊

ညကျတော့ အမေက 'ငါ့သား ခုလိုငြောင့်တွေဘာတွေ မစူးစေချင်ရင်လေ လမ်းသွားတဲ့အခါ လမ်းပေါ်မှာတွေ့တဲ့ ဆူးခက်တွေ၊ အချွန်အတက်တွေ၊ သံတိုသံစတွေ တွေ့ရင် ဘေးလွတ်ရာကို ရောက်အောင် ဖယ်ရှားပစ်ခဲ့ရတယ်၊ အဲလိုလုပ်ရင် ငါ့သား ဘယ်တော့မှ ခလုပ်မထိ ဆူးမငြိဘူး၊ မြွေပါး ကင်းပါးဘေးတွေ၊ ချောက်ကမ်းပါးဘေးတွေနဲ့ ဘယ်တော့မှ မတွေ့ဘူး ကြားလား၊ အဲဒါ တသက်လုံး မြဲမြဲမှတ်ထားနော်" လို့ ဆုံးမပါတယ်။

တခါတလေ ကျောင်းကပြန်လာတဲ့အခါ "အမေ.. ဒီနေ့ သားလမ်းမှာ ဆူးလှည်းပေါ်က ကျကျန်ခဲ့တဲ့ ဆူးခက်တွေကို ခရိုး(စည်းရိုး) ထဲရောက်အောင် ဖယ်ပစ်ခဲ့တယ်တို့၊

ဒီနေ့ လမ်းမှာ တွေ့ရတဲ့ ဝါးချွန်ပိုင်းကြီးကို ခြုံထဲရောက် အောင် လွှင့်ပစ်ခဲ့တယ်" တို့ဆိုတဲ့ စကားမျိုးများ ကြားရရင် အမေက " အံမယ် ငါ့သားလေးက လိမ္မာလိုက်တာဟယ်၊ သာဓုတော် .. သာဓု၊ ငါ့သားလေး တစ်သက်လုံး ခလုပ်မထိ ဆူးမငြိပါစေနဲ့၊ လာမည့်ဘေး ဝေးပါစေတော်" ဆိုပြီး ကျေကျေနပ်နပ်ကြီး ဆုပေးလေ့ရှိပါတယ်။

ဘာရယ်လို့ မဟုတ်ဘူး၊ အမေမျက်နှာ ရွှန်းရွှန်း စားစားကြီး ပြုံးပြီး ဆုပေးလိုက်တာကိုပဲ ဧရာမ ဆုထူး လာဘ်ထူးကြီးကို ရလိုက်သလို ဝမ်းသာခဲ့မိပါတယ်။

အဲဒီကတည်းက အကျင့်ရလာတာ ခုထိလည်း တစ်ခါတလေ တောင်စွန်းကို ပြန်တဲ့အခါ လမ်းပေါ်မှာ ကျောက်ကားကြီးတွေက ကျကျန်ရစ်တဲ့ ကျောက်တုံးကြီးကြီး တွေ တွေ့လို့ ကားသမားက ကွေ့ပြီးမောင်းမယ်လုပ်ရင် "ခဏရပ်ပါဦးဟ" ဆိုပြီး အဲဒီကျောက်တုံးကို လမ်းဘေး ရောက်အောင် ဖယ်ရှားခဲ့ဖြစ်တယ်၊ အဲဒီလိုလုပ်မိတဲ့အခါ တိုင်းလဲ " အမေသာ မြင်လိုက်နိုင်ရင်တော့ ဟိုတုန်းကလို သာဓုခေါ်ပြီး ဆုတွေများပေနေဦးမလား" လို့လဲ အောက်မေ့ ပြီး ကိုယ့် အတွေးနဲ့ကိုယ် ပြုံးလိုက်မိသေးတယ်။

မှတ်မိသေးတယ်၊ တစ်ခါက တခြားရွာအလှူကို ဆရာတော်ကြွလို့ နောက်ပါကျောင်းသားအဖြစ် လိုက်သွား ရတာ၊ နေ့ခင်းပိုင်းမှာ ရွာထဲကမဏ္ဍပ်ကို ဆရာတော်တွေ

ကြွတဲ့အခါ ရေ့ကမောင်းသွားတဲ့ ဆူးလှည်းပေါ်က ကျကျန်ရစ်တဲ့ ဆူးခက်တွေကို မိမိက ပြေးကောက်တဲ့ပြီး အဝေးကို ဖယ်ရှားပစ်တော့ မိမိတို့ဆရာတော်နဲ့ရင်းနှီးတဲ့ ဆရာတော်ကြီးတစ်ပါးက " အံမာ .. ဥယျာဉ်ဘုန်းကြီး ကျောင်းသားက တယ်ဟုတ်ပါလားဟေ့၊ ဘုန်းကြီး ကျောင်းသားဆိုတာ ဒီလိုလိမ္မာမှပေါ့ကွ "လို့ လှိုက်လှိုက် လှဲလှဲ ပြောလိုက်ပါတယ်၊ မိမိတို့ဆရာတော်ကလဲ သဘော တွေကျပြီး ပြုံးနေပါတယ်။

ကျောင်းပြန်ရောက်တဲ့ည ဘုရားဝတ်တက်ပြီး တဲ့အခါ– ဆရာတော်က ကျောင်းသားကိုရင်အားလုံးကို ဒီအကြောင်းပြောပြီး အားလုံးအတုယူကြဖို့ ဆုံးမပါတယ်။

ပြီးတော့မှ " အေး ခုလို အများသူငါသွားတဲ့ လမ်းတို့၊ ရေတွင်းရေကန် ရေအိုးစင်တို့၊ အရိပ်သစ်ပင်တို့ ဆိုတာ သတ္တဝါအားလုံးနဲ့ သက်ဆိုင်တာဖြစ်လို့ "မဟာသံဃိက"လို့ ခေါ်တယ်။ ရဟန်းသံဃာတို့နဲ့သာ ဆိုင်တဲ့ ရိုးရိုး "သံဃိက" ထက် ကျယ်ပြန့်တယ်၊ အဲလို နေရာမျိုးတွေကို ဖျက်ဆီးရင်လည်း ရိုးရိုးသံဃိကကို ဖျက်ဆီး တာထက်တောင် အပြစ်ကြီးတယ်၊ ဒီလိုနေရာတွေကို ကောင်းအောင်ပြုရင်လည်း ရိုးရိုးသံဃိက ကုသိုလ်ထက် အကျိုးကြီးတယ် " ဆိုပြီး ဆုံးမပါတယ်။

ဆရာသမားရဲ့ အဲဒီအဆုံးအမကြောင့်လည်း ဒီနေ့

အထိ လမ်းဆုံ လမ်းခွမှာ ရေအိုးစင်တည်တာတို့၊ အရိပ်ရ သစ်ပင်စိုက်ပျိုးတာတို့လည်း အကျင့်ရပြီး ဝါသနာ ပါနေခဲ့ ပါတယ်။

*

ငယ်ငယ်တုန်းက ကျောင်းမှာ ဦးနုပ်ဆိုတဲ့ ကပ္ပိယ ကြီး တစ်ယောက်ရှိတယ်၊ အားလုံးကတော့ "ဘိုးလေးနုပ်" လို့ ခေါ်ကြပါတယ်၊ သူက မျက်စိမမြင်ဘူး၊ မွေးတွင်း ပါတော့ မဟုတ်ပါဘူး၊ တော်တော်ကြီးမှ မျက်စိကို စပါးနှံ ခတ်မိရာကနေ ဆေးမြီးတိုနဲ့ ဖြစ်ကတတ်ဆန်းကုရင်း ကွယ်သွားတာလို့ ပြောပါတယ်။ တောထဲတောင်ထဲ မသွားနိုင်တော့ အိမ်မှာပဲ ဆေးရိုးအငှါးထုပြီး ချို့ချို့တဲ့တဲ့ အသက်မွေးရတာပါ။

ဥပုသ်သီတင်းနေ့တွေမှာတော့ ကျောင်းကို ဥပုသ် စောင့် မှန်မှန်ရောက်တယ်၊ အသက်ခုနစ်ဆယ် နီးပါး လောက်ရောက်တော့ အလုပ်လည်း မလုပ်နိုင်ဘူး၊ သားသမီး တွေကလည်း လက်လုပ်လက်စားတွေဆိုတော့ မှီခိုသူ တစ်ယောက် အပိုကျွေးထားရတာကိုပဲ ခက်ခဲနေပုံရပါတယ်၊ ဒါနဲ့ ဆရာတော်က ကျောင်းမှာ ကပ္ပိယအဖြစ်နေဖို့ ခေါ်ထား တာပါ။ ဆရာတော်ကသူ့အတွက် မီးတင်းကုတ် ခေါင်းရင်းနဲ့ တဆက်တည်း ကွပ်ပျစ်ကလေး သပ်သပ်ရပ်ရပ် လေလုံ မိုးလုံနဲ့ လုပ်ပေးထားပြီး နေစေပါတယ်၊

ညနေရောက်ရင် ကိုရင်ကြီးတွေက ရေနွေးကျိုတဲ့ ခရားထဲမှာ ရေအပြည့် ထည့်ပေးထားပြီး မီးဖိုနားမှာ မီးပျိုးစရာ ထင်ခွဲခြမ်းလေးတွေ အသင့်လုပ် ပေးထားရတယ်၊ နံနက်စောစော ဆိုရင် ကပ္ပိယကြီးက သူ့ဟာသူ မီးပျိုး ရေနွေးကျိုပြီး အသင့်ဖြစ်နေပြီ၊ ကိုရင်ကြီးတွေက နံနက် စောစော အိပ်ယာ ထရတဲ့ ဒုက္ခလွတ်သွားလို့ ကပ္ပိယကြီးကို ခင်မင်ကြည်ဖြူ ကြပါတယ်။

ဘိုးလေးနပ်ဟာ ကျောင်းမှာ ကပ္ပိယအဖြစ်နဲ့ နေက တည်းက ရှစ်ပါးသီလ အမြဲစောင့်ပါတယ်၊ သူ့ကို တစ်ကျောင်းလုံးကရော ရွာနီးချုပ်စပ်ကပါ လေးစား ခင်မင်ရတဲ့ နိစ္စဓုဝ ကုသိုလ်တစ်ခုလည်း အမြဲတမ်းရှိတယ်။ မိမိတို့ကျောင်းဝန်း အတွင်းမှာက ရှေးကဆောက်ခဲ့တဲ့ ကိုးခန်း, ဆယ့်တစ်ခန်း ကျောင်းအိုကြီးတစ်ဆောင်ရှိတယ်။

မိမိတို့ ကိုရင်ဝတ်တော့ အဲဒီကျောင်းကြီးရဲ့ သက်တမ်းက ကိုးဆယ်ကျော်နေပြီ၊ လေပြင်းပြင်းတိုက်ခတ် လိုက်ရင် ပြိုလဲမည့်အခြေအနေ ရောက်နေပြီဖြစ်လို့ ကျောင်းကြီးရဲ့ မြောက်ဘက်မှာ ကျောင်းသစ်တစ်ဆောင် ဆောက်ထားတယ်၊ အဲဒီမှာပဲ ရှေးကပူဇော်ထားတဲ့ ဆင်းတုတော်ကြီးတွေကိုပါ ရွှေ့ပြောင်းပြီး အားလုံးနေကြ ပါတယ်။

ရွာကနေ ကျောင်းကို လာသူများအနေနဲ့

ကျောင်းအိုကြီးရဲ့ ခြေရင်းပိုင်းကနေ ကျောင်းဆောင်သစ် အထိ အလျားကိုက် တစ်ရာလောက်နဲ့ အနံကိုက်နှစ်ဆယ် ကျော်လောက်ရှိတဲ့ ကွက်လပ်ကိုဖြတ်ပြီး လာကြရပါတယ်၊ တောင်ရွာ မြောက်ရွာ ကူးသန်းသွားလာကြသူတွေလည်း ဒီကွက်လပ်ကပဲ ဖြတ်သွားကြရတာပါ၊ မိုးတွင်း ရောက်ပြီ ဆိုရင် မှန်ညင်းမြက်ပင်တွေနဲ့ ဆူးပန်းတောင်းပင်စတဲ့ ပေါင်းပင်တွေ ပေါက်လေ့ရှိပါတယ်၊ ဝါတွင်းဆိုရင် အဖိတ်နေ့ ညနေပိုင်းနဲ့ ဥပုသ်နေ့နံနက်ပိုင်းတွေမှာ ကိုရင် ကျောင်းသားတွေက ဒီပေါင်းပင်တွေကို ရှင်းကြရလို့ ဆော့ကစားချိန် နည်းကြတဲ့အတွက် အလွန်းညည်းကြပေါ့။

ဘိုးလေးနုပ် ကပ္ပိယအဖြစ် ရောက်လာပြီး ကတည်းက နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ဒီပေါင်းတော ကြီးကို တစ်နေ့ တစ်ပိုင်းချင်း မှန်မှန်ရှင်းလို့ ဥပုသ်နေ့ ရောက်ရင် ကွက်လပ်က ရှင်းပြီးဖြစ်နေပြီ၊ ဥပုသ်ထွက်နေ့ ရောက်တော့ ပထမစရှင်းတဲ့ နေရာကနေ ပြန်စရှင်းတော့ တာပဲ၊ ဥပုသ်တစ်ပတ်နဲ့ ကွက်လပ်ရှင်းပြီးတာနဲ့က ကွက်တိပဲ။

ဘိုးလေးနုပ် ပေါင်းထိုးတာနဲ့ ပတ်သက်လို့ လူတိုင်း အံ့ဩရတာ တစ်ခုလည်းရှိသေးတယ်၊ သူက တစ်နေရာထိုင်လိုက်ပြီးရင် သူ့လက်နဲ့ တကမ်းမီရာ ပတ်လည်ကို လက်နဲ့ အသေအချာစမ်းပြီး ပေါင်းတစ်ပင်မျှ

မကျန်ရအောင်ထိုးတာ၊ ပြီးရင် ပေါင်းမှိုက်ကို လက်နဲ့ အသေအချာစုပြီး အပုံလေးလုပ်ထားလိုက်တယ်၊ လက်တကမ်း စာထိုးပြီးတိုင်း အဲဒီလိုပုံထားတာဆိုတော့ သူပုံထားတဲ့ ပေါင်းမှိုက်ပုံလေးတွေက အရွယ်တူ လေးတွေ အတန်းလိုက်လိုဖြစ်နေတော့ဒါကို: ..၊ ဒါကိုကြည့်ပြီး လူတိုင်းက အံ့ဩချီးကျူးကြတာပဲ။

ကပ္ပိယကြီးက နေ့တိုင်းလည်း ဥပုသ်ဆောက်တည်ထားတယ်ဆိုတာ သိလာကြတော့ ဖြတ်သွား ဖြတ်လာ တချို့က ညနေပိုင်းဆိုရင် ထန်းလျက်ခဲလေးတွေ ယူယူလာပြီး ပေးကြလို့ ညညကျ သူ့နားလာကြတဲ့ ကိုရင်တွေကိုတောင် သူက ထန်းလျက်ခဲလေးတွေ လှူနိုင်လိုက်သေးတယ်။

ကပ္ပိယကြီး ဆုံးပါးသွားတဲ့အခါမှာလည်း မှတ်မှတ်ရရ ပြောစမှတ်တွင်ခဲ့ပါတယ်၊ သူ့ကို သင်္ဂြိုဟ်တဲ့အခါမှာ ရပ်နီးရပ်ဝေး သာရေးနာရေး အဆက်အသွယ်ရှိတဲ့ ကျောင်းတွေက ကျောင်းထိုင် ဆရာတော်ကြီးတွေ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ကြသလို တောင်ရွာ မြောက်ရွာကလည်း အိမ်စေ့လူကုန်နီးပါး လိုက်ပါပို့ဆောင်ကြပါတယ်။


လူကြီးတွေ ပြောကြတာကတော့ သူတို့ တစ်သက်တာမှာ သူကြီးတို့ မျက်နှာကြီးတို့ဆိုတဲ့ အသုဘတွေမှာတောင် ကပ္ပိယကြီးရဲ့ အသုဘလောက် ထေရ်ကြီးဝါကြီး

ဆရာတော်တွေစုံတာနဲ့ လူစည်ကားတာမျိုး တစ်ခါမှ မတွေ့ဖူးဘူးတဲ့။

ကုသိုလ်ရေးနဲ့ပတ်သက်လို့ ဟိုလို ဒီလို ဆင်ခြေဆင်လက်တွေပေးသံကြားရတိုင်း ကပ္ပိယကြီး ဘိုးလေးနုပ်ကိုလည်း အထူး သတိရမိပါတယ်။

စွမ်းနိုင်သမျှ ကျက်သရေဆောင်တတ်ကြပါစေ။

အလင်းတန်းဂျာနယ်
၁၁ . ၈ . ၂၀၀၈



# မျိုးစေ့တို့ရဲ့ လားရာ

# မျိုးစေ့တို့ရဲ့ လားရာ

ဒီတစ်ခေါက် မိမိပညာရည်နို့သောက်စို့ခဲ့ရာ တောင်မြို့ (အမရပူရ)တူမောင်းတိုက်ကိုရောက်တဲ့အခါ မိမိတို့နေခဲ့စဉ်ကလို စာသင်တိုက်ကို စည်းစနစ်အခြေခံ ကျကျပြန်လည် တည်ထောင်ကြဖို့ ကြိုးစားနေကြတာကို သိလိုက်ရလို့ အတော်လေး ဝမ်းသာပီတိ ဖြစ်ခဲ့ပါတယ်။ ညပိုင်းဘုရားဝတ်ပြုပြီးတဲ့အချိန်မှာ စီမံကိန်းသစ်ရဲ့ အကြို အဖြစ်နဲ့ ပုဗ္ဗမင်္ဂလာဩဝါဒ စကားပြောပါဦးလို့ တိုက်တွန်း ကြလို့ ပြောခဲ့ရသေးတယ်။

မိမိက 'အခုပြောမယ့်စကားဟာ ဩဝါဒရယ်လို့ မဟုတ်ပါဘူး၊ ဝမ်းသာစရာသတင်းကောင်းကို ကြားသိရတဲ့ အတွက် အရှင်ဘုရားတို့ ကိုယ်တိုင်လည်း ဝမ်းသာကြစေချင် လွန်းလို့ ပြောမယ့် အနုမောဒနာစကားလေးပါ'လို့ အစချီ ပြီးတော့မှ ... အရှင်ဘုရားတို့ မျိုးစေ့ကလေးတွေအကြောင်း သတိထားမိကြဖူးတယ်ထင်ပါတယ်၊ မျိုးစေ့ဆိုတာ တစ်မိုး

ကြုံတာနဲ့ အချိန်မှီ သင့်လျော်တဲ့မြေမှာ ကျရောက်ပြီး မိုးရေနဲ့ တွေ့ကြုံခွင့်ရမှ ပေါက်ရောက်,ရှင်သန်,ကြီးရင့်ပြီး အသီးအပွင့်တွေနဲ့လည်းဝေဆာ၊ မျိုးဆက်သစ်တွေလည်း တိုးပွားနိုင်တာမျိုး၊ တစ်မိုးကြုံလျှက်နဲ့ စနစ်တကျပေါက်ရောက်ခွင့်မရကြဘူးဆိုရင်တော့ ဒီမျိုးစေ့ဟာ နှစ်ချို့ နှစ်ဆွေးဖြစ်ပြီးနောက် တစ်မိုးအတွက် မျိုးမဆက်နိုင်တော့ဘဲ တစ်နပ်စာချက်ပြုတ်စားခြင်းခံရတာ၊ ဒါမဟုတ် အမှိုက်ပုံထဲရောက်ပြီး မြေဆွေးပဲဖြစ်သွားရတာမျိုး ဆိုတာလေ။

အခု အရှင်ဘုရားတို့ တပည့်တော်တို့ အပါအဝင်အားလုံးပေါ့လေ၊ ရခဲတဲ့လူဘဝကိုလည်းရ၊ ကြုံရခဲတဲ့သာသနာနဲ့လည်း ကြုံတွေ့ရုံမကဘူး အရှင်ဘုရားတို့အားလုံးဟာ ပြုနိုင်ခဲတဲ့ ရှင်ရဟန်းအဖြစ်ကိုတောင် ရရှိထားကြတာဆိုတော့ ဒါဟာ နဲ့နဲ့နောနောအရည်အချင်း မဟုတ်ပါဘူး၊ ကံပါရမီဓာတ်ခံ အလွန်ကောင်းကြတဲ့ တကယ့်မျိုးစေ့ကောင်း စစ်စစ်တွေပါ။ ဒါကြောင့်အရှင်ဘုရားတို့ ကိုယ့်ကိုကိုယ် အထင်သေးပြီး လျှော့မတွက်ကြပါနဲ့၊ ဘယ်သူမဆိုသူများက အထင်သေးလို့၊ ဖိနှိပ်လို့ နိမ့်ကျမသွားနိုင်ဘူး၊ ကိုယ့်ကိုကိုယ် အထင်သေးလျှော့တွက်ပြီး ပေါ့ပျက်ပျက်လုပ်ကြရင်တော့ နိမ့်ကျသွားမှာ သေချာတယ်။ အခုလိုပင်ကိုယ်ကံပါရမီ ဓာတ်ခံရှိတဲ့ မျိုးစေ့ကောင်းတွေလည်းဖြစ်၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာမြေကောင်းမှာလည်း ကျရောက်

ပြီး ဒေသနာမိုးတွေလဲ သွန်းဖြိုးနေဆဲဖြစ်တဲ့ အခါကောင်းကြီးနဲ့ ကြုံပါလျှက်နဲ့မှ အောင်အောင်မြင်မြင် ပေါက်ရောက်ရှင်သန်အောင် မစွမ်းနိုင်ကြဘူးဆိုရင်တော့ ကိုယ့်မျိုးစေ့ရဲ့လားရာကို ကိုယ်တိုင်သာ ခန့်မှန်းကြည့်ကြပေရော့ပဲ။

မျိုးစေ့နဲ့ပတ်သက်လို့ အခြားသတိပြုစရာ အချက်လဲရှိသေးတယ်၊ အရှင်ဘုရားတို့လည်း တွေ့ဖူးနေကြပြီးသားပါ၊ ချွေးတောက်တို့ ကြောင်လျှာတို့လို လေတိုက်ရာ လွင့်ပါနေတဲ့မျိုးစေ့တွေလေ၊ လေထဲမှာလွင့်နေတုန်းတော့ ကလေးတွေကပြေးလိုက်သူလိုက်၊ လက်နဲ့လှမ်းဆွဲသူဆွဲနဲ့ ပျော်စရာလိုလိုပေါ့နော်၊ ဒါပေမယ့် သူတို့ရဲ့လားရာကို ကြည့်လိုက်ရင် တစ်ချို့မြစ်ထဲချောင်းထဲမျောပါပြီး ရေမျောကမ်းတင် ကျရာပင်ပေါက်ဖြစ်တာကဖြစ်၊ လယ်ထဲယာထဲကျရင်လည်း ထွန်နဲ့တိုက်ပြီးအမှိုက်အဖြစ်နဲ့ မီးရှို့ခံရ၊ အိမ်ဝိုင်း ကျောင်းဝိုင်းထဲရောက်လာရင်လည်း တံမျက်စည်းနဲ့ လှည်းပြီး အမှိုက်ပုံထဲရောက်ရဖြစ်သွားရတာလေ၊ ပြီးတော့ ဒီလို လေလွင့်မျိုးစေ့တွေဆိုတာပေါက်ရောက် ရှင်သန်လာပြန်ရင်လည်း အနှစ်တည်နိုင်တဲ့အပင်မျိုးတွေ ဖြစ်မနေဘူး။ အလားတူပါပဲ စည်းမဲ့ကမ်းမဲ့ထင်သလိုသွား ထင်သလိုနေရတဲ့ နေရာမျိုးမှာသာ မွေ့လျော်ကြသူတို့ဆိုတာဟာလည်း အဲဒီလို လေလွင့်မျိုးစေ့ဘဝမျိုးပါ၊ အားကျအတုယူစရာ မဟုတ်ဘူး၊ တရားကျပြီး သံဝေဂယူစရာမျိုးသာ ဖြစ်ပါတယ်။

အခုဆိုရင် တပည့်တော်တို့ရဲ့ တူမောင်းတိုက်ကြီးကို ရှေးကလို အစဉ်အလာကောင်းတဲ့ စာသင်တိုက်ကြီးတစ်ခုဖြစ်ဖို့ အတွက် စည်းကမ်းနည်းလမ်းတွေ သတ်မှတ် ဆောင်ရွက်ဖို့ ကြီးတဲ့ပုဂ္ဂိုလ်များက တိုင်ပင်စီစဉ်နေကြပါပြီ၊ ဒါဟာ စာသင် သားများအတွက် အလွန်အရေးပါပြီး အလွန်လည်း ဝမ်းသာ ဂုဏ်ယူရမယ့် ကိစ္စပါ။

တချို့ကတော့ 'စည်းမျဉ်းစည်းကမ်း'ဆိုတဲ့ အသံ ကြားလိုက်ရင် အနေအထိုင်ကျဉ်းကျပ်အောင်လုပ်တဲ့ အချုပ် အချယ်တွေလို့ မှတ်ထင်ပြီး ကြောက်လန့် ငြင်းဆန်ချင်တတ် ကြတယ်။ ဒီလိုမဟုတ်ပါဘူး၊ ယောဆရာတော် ဘုရားကြီး မိန့်ကြားသလိုလည်းပဲ'စည်းကမ်း'ဆိုတာ လူကို ချုပ်ချယ်နေတာ မဟုတ်ဘူး။လူ့အရှုပ်တွေကိုဖယ်နေတာပါ။ဒါဟာ အရေး ကြီးပါတယ်၊ သစ်ပင်တွေမှာတောင် ကြည့်ပါလား ငယ်ငယ် က အရှုပ်အထွေး ကိုင်းသေးကိုင်းမွှာတွေကို ဖယ်ရှားမပေးရင် ကြီးတဲ့အခါ ကောက်ကွေး ရှုတ်ထွေးပြီး ခြုံဖုတ် သစ်ပင်ကြီး လိုဖြစ်သွားတာပဲ၊ ကိုင်းတက် ကိုင်းမွှာတွေဆိုတာကလည်း ကြီးလာရင် အမျက်အဆွေးတွေပဲ ဖြစ်တတ်ကြတာဆိုတော့ ဒီအပင်မျိုးဟာ ထင်းအဖြစ်နဲ့လဲ နိဂုံးချုပ်ရတာမျိုး မဟုတ် လား။ ဒါကြောင့် စည်းကမ်းတကျ အုပ်ချုပ်ပြီး စနစ်တကျ သင်ကြားတယ်ဆိုတာ မျိုးစေ့ကောင်းလေးတွေဖြစ်တဲ့ အရှင်ဘုရားတို့ကို မီးဆိုက်ခံရတဲ့ ထင်းပင်လိုအဖြစ်မျိုးနဲ့

ဘဝမဆုံးရအောင် စောင့်ရှောက်ပေးနေတာပဲ ဆိုတာကိုလဲ သဘောပေါက်ဝမ်းမြောက်စေချင်ပါတယ်။

စည်းကမ်းကောင်း နည်းလမ်းကောင်းတဲ့ စာသင်တိုက်တစ်ခုမှာ နေထိုင်သင်ကြားခဲ့တယ်ဆိုတာ ကြီးလာရင် သိပ်အရေးပါတာ၊ ရဟန်းအချင်းချင်း တွေ့လိုက်လို့ စကားစပ်မိကြတဲ့အခါ စည်းကမ်းနည်းလမ်းတွေနဲ့ အရှိန်အဝါကြီးတဲ့ တိုက်ကြီးတွေမှာ နေခဲ့ရသူက ပြောအားလည်း ရှိတယ်၊ ကြားလိုက်ရသူကလည်း တိုက်တာနဲ့ဆရာသမားတွေရဲ့ အရှိန်အဝါကိုကြည့်ပြီး တော်တော်တန်တန် အထင်မသေးရဲဘူး၊ မထေမဲ့မြင်မပြုရဲ တော့ဘူး၊ တလေးတစား အသိအမှတ် ပြုလာရတော့တာ၊ စည်းကမ်းရှိတဲ့ တိုက်တာနဲ့ ဆရာသမားတို့ရဲ့ ကျေးဇူးက အဲသလောက် ကြီးမားပြီး အရေးပါပါတယ်။

မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို မိန့်ကြားတဲ့ စကားလေးတစ်ခွန်းရှိပါတယ်ဘုရား **'အာနန္ဒာ ... သင်(တပည့်သား)တို့ဟာ ငါဘုရားအပေါ်မှာ မိတ်ဆွေကောင်းလို သဘောထားပြီး ကျင့်သုံးကြပါ၊ ရန်သူလိုတော့ သဘောထားပြီး မကျင့်သုံးလိုက်ကြပါနဲ့' တဲ့၊ (ပါဠိလိုတော့ 'မိတ္တဝတာယ သမုဒါစရထ၊ မာ ပသတ္တဝတာယ' တဲ့။ )** ဒီစကားလေးကို တစိမ့်စိမ့်မှန်းပြီး နားထောင်ကြည့်ပါ၊ သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်ကြီးတစ်ဆူရဲ့ စကားမှဟုတ်ပါရဲ့လားလို့ ထင်ရလောက်

အောင်ကို ဖျောင်းဖျ တောင်းပန်နေတဲ့လေသံကလေး ပေါက်မနေပေဘူးလား၊ တပည့်တော်ဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ရှေ့မှောက်မှာမဆိုထားနဲ့ ရုပ်ပွားတော်မြတ်ရဲ့ ရှေ့မှာတောင် ဒီစကားသံလေးကို သတိရလိုက်ရင် မျက်နှာတော်ကို ရဲရဲမဖူးမြော်ရဲဘူး၊ ရှက်နိုးအားနာသလိုလို၊ မျက်နှာပူသလိုလို ကြီးဖြစ်ဖြစ်လာတယ်။

အရှင်ဘုရားတို့ သိကြတဲ့အတိုင်းပဲ ဘယ်သူမဆို ခင်မင်တဲ့မိတ်ဆွေဆိုရင် ဘာပဲပြောပြော သူပြောတာကို မငြင်းမဆန်လက်ခံရမှာပဲ၊ 'ဘာလုပ်ပါဦး' ဆိုလဲ ဘယ်လောက်ပင်ပန်းခက်ခဲပါစေ စွမ်းနိုင်သမျှလုပ်ကြတာချည်းပဲ၊ ရန်သူဆိုရင်တော့'သူဖြူရင်ကိုယ်မည်း'ဆိုသလို ထော်လော်ကန့်လန့် လုပ်ကြတာမျိုးမဟုတ်လား၊ ဒါကြောင့် ဘုရားရှင်က 'ငါဘုရားအပေါ်မှာ မိတ်ဆွေလိုသဘောထားကြပါကွာ၊ ရန်သူလို သဘောမထားကြပါနဲ့'လို့ပြောတာ။ တကယ့်ကို အလွန်ကရုဏာကြီးမားတဲ့ သမားတော်ကြီးတစ်ဦးက ရောဂါပြင်းပြီး ဆေးငြင်းနေတဲ့ လူမမာတစ်ဦးကို ဖျောင်းဖျ တောင်းပန်နေတဲ့ လေသံမျိုးနဲ့ မတူပေဘူးလား၊ ဒါကြောင့် လည်းဘုရားရှင်ကို မဟာကရုဏာရှင်တော်ကြီး(မဟာကာရုဏိကော)၊ကျွမ်းကျင်လိမ္မာတဲ့ သမားတော်ကြီး (မဟာဘိသက္ကော)လို့ ပြောကြတာ ဖြစ်မှာပေါ့။

နိဂုံးချုပ်အနေနဲ့ အရှင်ဘုရားတို့ကို မြတ်ဘုရားရှင်


မိန့်ကြားတဲ့ စကားကိုပဲယူပြီးတော့ပြောပါရစေ၊ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ဆရာသမားတွေဆိုတာ သက်ရှိမျိုးစေ့ကလေးတွေကို ဗီဇဓာတ်ခံရှိသလောက် အစွမ်းကုန်ရှင်သန်ပေါက်ရောက်ပြီး အပွင့်အသီးလေးတွေနဲ့ ရင့်ကြီးဝေဆာနေတဲ့ ပဒေသာပင်ကြီးတွေလိုဖြစ်အောင်ဆိုတဲ့ စေတနာ မေတ္တာသန့်သန့်နဲ့ စိုက်ပျိုးပေးနေကြတဲ့ အနန္တဂိုဏ်းဝင် ဥယျာဉ်မှူးကြီးတွေပါ။

အရှင်ဘုရားတို့အနေနဲ့ စည်းစနစ်တွေသတ်မှတ်ပြီး ကြီးကြပ်သင်ကြားညွှန်ပြတဲ့ ဆရာသမားတွေအပေါ်မှာ ရန်သူလို သဘောမထားကြဘဲ တကယ့်မိတ်ဆွေကောင်း (ကလျာဏမိတ္တ)ကြီးတွေလို သဘောထားကျင့်သုံးတော်မူကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုပါတယ် ဘုရား" လို့လည်း အဆုံးသတ်လိုက်ရော အားလုံးပဲ လှိုက်လှဲဝမ်းမြောက်တဲ့ အသံနဲ့ သာဓုသုံးကြိမ်ခေါ်တဲ့ အသံဟာ တစ်ကျောင်းလုံးဟည်းထွက်လာတာကို ကြားလိုက်ရလို့ ကြားဖူး သမျှ သာဓုခေါ်သံတွေထဲမှာ ကျက်သရေအရှိဆုံးပဲလို့ မှတ်ယူ ခံစားပြီး ပီတိဖြစ်ခဲ့ရပါတယ်။

**မျိုးစေ့ကောင်းကလေးများ မြေကောင်း မိုးကောင်း ကြုံကျိုးနပ်ကြပါစေ။**

**အလင်းတန်းဂျာနယ်**

**၁၈ . ၈ . ၂၀၀၈**



နှလုံးကောင်း ဒါရိုက်တာ
အာဇာနည်သရုပ်ဆောင်နှင့်
မြင့်မြတ်ဇာတ်လမ်း

## နှလုံးကောင်းဒါရိုက်တာ၊
## အာဇာနည်သရုပ်ဆောင်နှင့်
## မြင့်မြတ်ဇာတ်လမ်း

"လောကဇာတ်ခုံ" ဆိုတဲ့တင်စားချက်စကားလုံးကို လူတိုင်းလိုလို ပြောဖူးကြားဖူး ရှိကြလိမ့်မယ်ထင်ပါတယ်၊ ဟုတ်ပါတယ် လောကကြီးဟာ ဇာတ်စုံကနေတဲ့ ဇာတ်ခုံကြီးပါ။ လောကကြီးဟာ ဇာတ်ခုံဆိုရင် ဒီလောကထဲမှာ ဖြစ်ကြတဲ့ အများသူငါသတ္တဝါတွေက ဘာတွေဖြစ်မလဲ၊ အမှတ်တမဲ့တွေးလိုက်ရင်တော့ သရုပ်ဆောင် ဇာတ်ကောင်လေးတစ်ကောင်လို့ ထင်လိုက်မိကြမလားပဲ၊ အမှန်ကတော့ လောကရဲ့ဇာတ်ကောင်ကလေးမဟုတ်ပါဘူး။

"မိမိကိုယ်တိုင်သာလျှင် မိမိရဲ့ကိုးကွယ် အားထားရာဖြစ်တယ်" လို့ ဘုရားရှင် ဟောညွှန်တော်မူတဲ့အတိုင်း လူတစ်ကိုယ်ဇာတ်လမ်း တစ်ခုအဖြစ်နဲ့ ကိုယ်တိုင်ထုတ်လုပ်

ညွှန်ကြား သရုပ်ဆောင်နေကြရတဲ့ ဇာတ်ရုပ် ဇာတ်ထုပ်တွေပါ၊ လူတိုင်းလူတိုင်းဟာ မွေးဖွားလာချိန်ကစပြီး တစ်ဘဝဇာတ်သိမ်းသည်အထိ ကိုယ့်ဇာတ်ထုပ်ကိုယ်နေရာမျိုးစုံနဲ့ သရုပ်ဆောင်နေကြရတာဖြစ်လို့ တစ်ဘဝဆိုတာ ဇာတ်ထုပ်တစ်ခုပဲ ဖြစ်ပါတယ်၊ ကိုယ့်ဇာတ်ထုပ်နဲ့ ကိုယ်ဇာတ်ရုပ်ပေါ့။

ဘဝဇာတ်ထုပ်ကို ကပြသရုပ်ဆောင်ကြရာမှာ တချို့က ကြီးကျယ်မှုကို ရည်မှန်းသရုပ်ဆောင်ကြပြီး တချို့ကတော့ မြင့်မြတ်မှုကို ရည်မှန်းသရုပ်ဆောင်ကြပါတယ်၊ ဒါနဲ့ ပတ်သက်လို့ 'အာရှတိုက် အလင်းရောင်' ဆိုတဲ့ ဗုဒ္ဓဝင် မဟာကဗျာထဲက သိဒ္ဓတ္ထမင်းသားရဲ့ အတွေးလေးတွေဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ခမည်းတော် အပါအဝင် ဆွေတော်မျိုးတော်အားလုံးတို့က လောကမှာ အကြီးကျယ်ဆုံး ဆိုတဲ့ စကြာဝတေးမင်းကြီးဖြစ်ဖို့ ဝိုင်းပြီး ဖိအားပေးနေချိန်မှာ သိဒ္ဓတ္ထမင်းသားက --

> "သူတို့က ငါ့ကို အကြီးကျယ်ဆုံး ဖြစ်စေဖို့အတွက် အနိမ့်ကျဆုံးတွေကို လုပ်စေလိုကြတယ်။
>
> ငါက အမြင့်မြတ်ဆုံးဖြစ်ဖို့အတွက် အကြီးကျယ်ဆုံးများကို စွန့်လွှတ်ရမယ်။
>
> ကြီးကျယ်မှုကိုသာ မျှော်မှန်းသူဟာ အနိမ့်ကျဆုံးကိုပင် လုပ်ရဲကြတယ်။

ကြီးကျယ်ခြင်းနဲ့ မြင့်မြတ်ခြင်း
တို့ရဲ့ တန်ဖိုးကို နားမလည်ကြဘူး။
ကြီးကျယ်မှုဟာ အမြင်ခမ်းနား
သလောက် အနှစ်အခိုင်အမာမရှိတဲ့ တစ်ဘဝ
တစ်နပ်စာသာ ဖြစ်တယ်။
မြင့်မြတ်မှုဟာ အမြင်မခမ်းနား
ပေမယ့် အနှစ်သာရ ပြည့်ဝခိုင်မာတယ်"

လို့ ဆင်ခြင်သုံးသပ်ပြီး အမြိုက်တရားကို ရှာဖို့ တောထွက်ခဲ့ပါသတဲ့။

ဟုတ်တယ်၊ လောကဇာတ်ခုံမှာ ကြီးကျယ်မှုအတွက်သာ သရုပ်ဆောင်သွားကြတဲ့၊ အလက်ဇန္ဒားသည်ဂရိတ်တို့၊ နပိုလီယံတို့ကစပြီး ဟစ်တလာတို့အထိ သူတို့ရဲ့ဘဝဇာတ်ထုပ်ကိုကြည့်မယ်ဆိုရင် အမြင်မှာ ကြီးကျယ်တယ်ထင်ရသလောက် လုပ်ရပ်တွေက တကယ့်ကို အနိမ့်ကျဆုံးလို့ ဆိုရလောက်အောင် အသက်ပေါင်းများစွာကိုမညှာမတာသေစေခဲ့ကြတာကို တွေ့မြင်နိုင်ပါတယ်၊ ဒါကြောင့်လဲ ဒီဇာတ်ထုပ်တွေကို ကြည့်ပြီး လူသားစိတ်ရှိသူအားလုံးက ရှုံ့ချ,ရွံ့မုန်း နလုံးနာခဲ့ကြတာ ဖြစ်လိမ့်မယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်သာသာဆီက 'မာသာထရီဇာ' ဆိုတဲ့ အမျိုးသမီးအာဇာနည်တစ်ဦးဟာ သူပိုင်ဆိုင်သမျှကြီးကျယ်မှုတွေကို စွန့်လွှတ်ပြီး အိန္ဒိယနိုင်ငံမှာ အပယ်ခံ

ခိုကိုးရာမဲ့ဖြစ်နေကြသူတွေအတွက် အမြင့်မြတ်ဆုံး ကရုဏာလုပ်ငန်းကြီးကို သရုပ်ဆောင်သွားတာကတော့ ကြုံတွေ့ခံစားရသူ၊ ကိုယ်တိုင်တွေ့မြင်ရသူတွေမဆိုထားနဲ့ တစ်ဆင့်ကြားရသူများကပါ ရင်သပ်အံ့သြပြီး သာဓုခေါ်ကြရပါတယ်၊ သူ့ဘဝဇာတ်လမ်းဟာ အမြင့်မှာ ခမ်းနားထယ်ဝါတယ်လို့ မထင်ရပေမယ့် တကယ့်ကို မြင့်မြတ်တဲ့ သရုပ်ဆောင်မှုတွေပါ။

သူ့ရဲ့ သရုပ်ဆောင်မှုကြောင့် သူ့ဝန်းကျင်ပေါ်မှာအကျိုးသက်ရောက်မှုကတော့ ပြောမပြနိုင်လောက်အောင်ကိုကြီးလည်းကြီးကျယ်၊ မြင့်လည်းမြင့်မြတ်လှပါတယ်၊ ဒါကြောင့်လည်း သူ့ရဲ့တစ်ဘဝတာ ဇာတ်သိမ်းခန်းကိုအိန္ဒိယပြည်ရဲ့ လှည်းနေလှေအောင်း သာမကဘူး လမ်းဘေးနေ ခြုံအောင်းဆိုတဲ့ အောက်ဆုံးအလွှာကနေ တစ်ကမ္ဘာလုံးက အဆင့် အမြင့်ဆုံးဆိုတဲ့ ပုဂ္ဂိုလ်များအထိ လူသားစိတ်ရှိသူအားလုံးက တလေးတစားသွားရောက် ဂါရဝပြုရင်းကောင်းချီးပေးကြရတာပေါ့။

ဘဝဇာတ်လမ်းတစ်ခုကို ကိုယ်ကျိုးအတွက် ငဲ့ကွက်ခြင်းမရှိဘဲ လောကအတွက်သက်သက်သာ ငဲ့ကွက်ပြီး ဒီလိုသရုပ်ဆောင်သွားကြသူများကိုပဲ အာဇာနည်များလို့ဆိုရတာပါ။

ဒီနေ့ကမ္ဘာမှာလည်း အကြီးကျယ်ဆုံးဆိုတဲ့ သူဌေး

ကြီးတွေ အတော်များများ အမြင့်မြတ်ဆုံးဖြစ်တဲ့ ပရဟိတ လုပ်ငန်းအတွက် သူတို့ရဲ့ပိုင်ဆိုင်မှုတွေကို စွန့်လွှတ်နေကြတဲ့ သတင်းကို မပြတ်လိုလိုကြားနေရတယ်။

အရွယ်က စကားပြောလာပြီဆိုတော့ ကြီးကျယ်မှု ဆိုတာ တစ်ဘဝစာတောင် အပြည့်အဝ သုံးလို့မရလောက် အောင် နိုင်မာမှု အင်အားချည့်နဲ့တယ်ဆိုတာကို သဘော ပေါက်လာကြပုံရပါတယ်၊ ဘာပဲဖြစ်ဖြစ် ကြီးကျယ်မှုနဲ့ မြင့်မြတ်မှုတို့ရဲ့ တန်ဖိုးမှန်ကို ခွဲခြား နားလည်သွားတာကိုက သာဓုခေါ်စရာ ဖြစ်ပါတယ်။

လောကကြီးကျက်သရေရှိဖို့အတွက် ဒီလို အာဇာနည် သရုပ်ဆောင်ကောင်းတွေ အများကြီးရှိဖို့ လိုအပ် ပါတယ်၊ အာဇာနည်သရုပ်ဆောင် များရင်များသလောက် လောကကြီးကျက်သရေတိုးပြီး ဒီလိုသရုပ်ဆောင်မျိုး နည်းရင်နည်းသလောက် လောကကြီး ကျက်သရေနည်း ပါတယ်။

မိသားစုတစ်ခုမှာဖြစ်စေ၊ ဝန်းကျင်တစ်ခုမှာဖြစ်စေ၊ နိုင်ငံ တစ်ခုမှာဖြစ်စေ၊ ကမ္ဘာကြီးတစ်ခုလုံးမှာပဲဖြစ်စေ ဒီလို အာဇာနည်သရုပ်ဆောင် လုံးဝမရှိဘူးဆိုရင်တော့ ဒီမိသားစု၊ ဒီဝန်းကျင်၊ ဒီနိုင်ငံ၊ ဒီကမ္ဘာကြီးဟာ ကျက်သရေတုံးနေပြီလို့ သာဆိုရမှာပါ။

မြတ်ဗုဒ္ဓရဲ့ အလိုအရဘဝ ဇာတ်လမ်းတစ်ခုကို

ပုံဖေါ် လုပ်ကိုင်ကြတာဟာ နှလုံးသားကို တည်မှီတဲ့ အတွေးအကြံ(မနောကံ)ရယ်၊ နှုတ်ကပြောဆိုတဲ့ (ဝစီကံ) ရယ်၊ ကိုယ်နဲ့ လှုပ်ရှားလုပ်ကိုင်ရတဲ့ (ကာယကံ)ရယ် ဒီသုံးမျိုးပဲ ရှိပါတယ်။

ဒီသုံးမျိုးထဲမှာလဲ **'မနော ပုဗ္ဗင်္ဂမာ ဓမ္မာ = သက်ရှိတို့ရဲ့လုပ်ဆောင်မှု(ဓမ္မ)အားလုံးကို မနောကံ က ရှေ့သွား ဦးဆောင်ပြုတယ်'** ဆိုတဲ့ မြတ်ဗုဒ္ဓစကားတော်အရ ဘဝဇာတ်လမ်းမှာ နှလုံးသား(မနောကံ)က ညွှန်ကြားတဲ့ ဒါရိုက်တာဖြစ်ပြီး၊ အပြော(ဝစီကံ)နဲ့ အပြု (ကာယကံ)တို့က သရုပ်ဆောင်များ ဖြစ်တယ်လို့ ဆိုရမှာပေါ့။

မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ပေါ် သက်ရောက်စေတာနဲ့ ပတ်ဝန်းကျင်က သိသာမြင်သာစေတာကလည်း ဒီသရုပ်ဆောင် ကံနှစ်မျိုးပါပဲ၊ ဒီကံနှစ်ခုက သရုပ်ဆောင် ကောင်းရင်ကောင်းသလောက်မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ကောင်းကျိုးရစေတဲ့ ဘဝဇာတ်လမ်းကောင်းဖြစ်ပြီး ဒီကံနှစ်ခု သရုပ်ဆောင်ဆိုးရင်တော့ ဇာတ်လမ်းဆိုးကြီးဖြစ်သွားမှာပေါ့။

ဒီကံနှစ်မျိုးသရုပ်ဆောင်မှုကို ညွှန်ကြားနေတာက မနောကံ(နှလုံးသား)ဖြစ်တာမို့ ဘုရားရှင်ကတော့ နှလုံးကောင်းစိတ်မြတ် ဒါရိုက်တာဖြစ်ရေးဟာ ဘဝဇာတ်လမ်း

အတွက် အရေးအပါဆုံးဖြစ်ပါတယ်တဲ့၊ လူတွေပြောပြော နေတဲ့ 'စိတ်သာရှင်စေ၊ ဘုရားဟော'ဆိုတာ ဒီသဘောကို ပြောတာပါပဲ။ နှလုံးကောင်းဒါရိုက်တာရဲ့ ဇာတ်ညွှန်းအတိုင်း ကိုယ်နဲ့ နှုတ်က သရုပ်ဆောင်လိုက်ရင် အမြင့်မြတ်ဆုံး ဇာတ်လမ်းဖြစ်မှာ ဧကန်ပါဘဲ။

လောကအလိုအရလဲ အမြင့်မြတ်ဆုံး အာဇာနည် ပုဂ္ဂိုလ်ဆိုတဲ့ အကယ်ဒမီဆုတို့ အော်စကာဆုတို့နဲ့ ထိုက်တန် သလို သာသနာ(ဓမ္မ)အရလည်း မိမိတို့ မျှော်မှန်းရာ နိဗ္ဗာန်ဆိုတဲ့ ဆုထူးဆုမြတ်ကြီးကိုပင် မုချရနိုင်တယ်လို့ ဆိုလိုက်ချင်ပါတယ်။

ဘုရားရှင်က ဆက်ပြီးပြောသေးတယ် 'နှလုံးဆိုး စိတ်ယုတ်ရဲ့ ညွှန်ကြားချက်နဲ့ ပြောဆိုပြုမူ သရုပ်ဆောင်သူ တို့ရဲ့ ဘဝဇာတ်လမ်းဟာ လှည်းထုပ်နဲ့ထမ်းပိုးကြားထဲမှာ ကြိုးနဲ့ချည်နှောင်ခံရပြီး လှည်းဝန်ကို မနိုင်မနင်းရုန်းနေရတဲ့ နွားနဲ့တူတယ်'တဲ့၊ ရှေးလူကြီးတွေပြောကြတဲ့ 'မင်းတို့ ဘဝတွေ ရှေ့တိုးတော့ ထမ်းပိုး၊ နောက်ဆုတ်တော့ လှည်းထုပ်' ဆိုသလို ဖြစ်ကုန်ကြမယ်နော် သတိထားကြ'ဆိုတာ ဒါကို ပြောတာပေါ့။

နှလုံးကောင်းစိတ်မြတ်ရဲ့ ညွှန်ကြားချက်ကို ခံယူပြီး ပြောဆိုမှုသရုပ်ဆောင်နေသူများရဲ့ ဘဝဇာတ်လမ်းကတော့ အရိပ်က ထီးတော်မိုးလို အမြဲလိုက်မိုးပြီး ကာကွယ်ပေးခြင်း

ကို ခံယူနေရသူနဲ့တူပါတယ်'တဲ့။ (ဓမ္မပဒ – ၁ / ၂ )

ဘဝဇာတ်လမ်းကို အကောင်းဆုံးညွှန်ကြားနိုင်တဲ့ နှလုံးကောင်းစိတ်မြတ် ဒါရိုက်တာကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အရည်အချင်း လေးချက် လိုအပ်တယ်လို့လည်း အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ အပဏ္ဏကသုတ်အရ သိရပါတယ်၊ အဲဒီလေးချက်ကတော့ –

(၁) အများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံစွန့်လွှတ်ရဲတဲ့ စိတ်ဓာတ် (နေက္ခမ္မဝိတက်)

(၂) ရန်ငြိုးအာဃာတ လုံးဝကင်းရှင်းပြီး ခွင့်လွှတ်သည်းခံတတ်တဲ့စိတ်ဓာတ် (အဗျာပါဒဝိတက်)


(၃) သူတစ်ပါးအပေါ် သတ်ဖြတ်ညှင်းဆဲလိုမှု၊ မထီမဲ့မြင်ပြုမှု၊ နိုင်ထက်စီးနင်းပြုလိုမှု ကင်းရှင်းပြီး ကိုယ်ချင်းစာနာတတ်တဲ့ စိတ်ဓာတ် (အဝိဟိံသဝိတက်)

(၄) အကောင်းအဆိုး အကြောင်းအကျိုးမှန်ကို ဝေဖန်ပိုင်းခြားသိနိုင်စွမ်းတဲ့ အသိမှန်(သမ္မာဒိဋ္ဌိ) တို့ ဖြစ်ပါတယ်။

ဘယ်သူမဆို ဒီစိတ်ဓာတ်ကောင်းလေးခုတို့ နှလုံးအိမ်မှာတည်ရှိပြီး၊ ဒီနှလုံးကောင်းစိတ်မြတ်ရဲ့ ဦးဆောင်ညွှန်ပြမှုအတိုင်း ကာယကံ, ဝစီကံတို့နဲ့ သရုပ်ဆောင်ပြောဆိုပြုမူနေထိုင်မယ်ဆိုရင် သူ့တို့ရဲ့ဘဝဇာတ်လမ်းဟာ လောက

နဲ့လည်း အံ၀င်၊ သာသနာနဲ့လည်း မဆန့်ကျင်တဲ့အတွက် လောကအနေနဲ့လည်း အမြတ်ဆုံးဆုလဒ်နဲ့ ထိုက်တန်သလို သာသနာတော်(ဓမ္မ)အရ ကြည့်ရင်လည်း အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာ အဖြစ်အထိ အမြင့်ဆုံး ဆုလဒ်နဲ့ ထိုက်တန်အောင် ကျင့်ဆောင်နေထိုင်သူလို့ ဆိုနိုင်ပါတယ် ဆိုတဲ့အကြောင်း ဘုရားရှင်ကဟောညွှန်ခဲ့ပါတယ်။

အလင်းတန်းဂျာနယ်
၂၅ . ၈ . ၂၀၀၈



# ဘုရားပေးတဲ့
# ဇာတ်ညွှန်း

## ဘုရားပေးတဲ့ ဇာတ်ညွှန်း

သုဂတိဘုံဘဝတွေ အားလုံးထဲမှာ လူ့ဘုံလူ့ဘဝကို ရရှိပြီး လူသားရဲ့ ဘဝဇာတ်ထုပ်ကို ကပြသရုပ်ဆောင်ခွင့်ရခြင်းဟာ 'အထက်မှာ ဘဝဂ်၊ အောက်မှာ အဝီစိ၊ နံ့သည့်စကြာဝဠာ၊ ဖီလာထုတ်ချင်း၊ အကြွင်းမရှိ' ဆိုတဲ့အတိုင်း အနိမ့်ဆုံး အဝီစိကနေ အမြင့်မြတ်ဆုံးဖြစ်တဲ့ ဘုရား ရဟန္တာများ အထိဖြစ်ခွင့်ရှိတဲ့ ဘဝဖြစ်လို့ သုဂတိအစစ်ဆုံးနဲ့ ဘဝဇာတ်အမြင့်ဆုံးဖြစ်တယ်။

ဒီလိုသုဂတိ ဘဝစစ်စစ်ကို ရောက်ခိုက်၊ရခိုက်မှာ ဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ပါ ကြုံကြိုက်ခွင့်ရပြီဆိုရင်တော့ အမြင့်ဆုံးဘဝမှာ အမြတ်ဆုံး ဆုလာဒ်ကြီးတစ်ခုကို ထပ်မံရရှိတာဖြစ်လို့ အချည်းနှီး အဆုံးရှုံး မခံကြဘဲ ထိုက်တန်အောင်သရုပ်ဆောင်ကြ၊ပြကြဖို့ ဘုရားရှင်က သတိပေးဆုံးမပါတယ်။ (ခု၊ ၁၊ ၂၄၇)

အခုလိုအဆင့်မြင့် သုဂတိဘုံသားဖြစ်ခွင့်ရကြတဲ့

လူတိုင်းဟာလည်း ဘယ်သူမဆို မိမိတို့ရဲ့ ဘဝဇာတ်လမ်းကို ပင်ကိုယ်ကုသိုလ်ဗီဇ ဇာတ်ခံရှိသလောက် ကောင်းမွန်မြင့်မြတ်ပြီး အထူးချွန်ဆုံး အာဇာနည်များဆိုတဲ့ အော်စကာဆုကြီးနဲ့သာ ထိုက်တန်အောင် သရုပ်ဆောင်လို့မှာပါ။

'ကြားသူတိုင်း ရွံ၊ မြင်သူတိုင်း မုန်း၊ ကြုံသူတိုင်း နှလုံးနာ' ဆိုတဲ့ အော်စရာအဖြစ်ဆိုးမျိုးနဲ့တော့ ဘဝကို ဇာတ်သိမ်းလိုကြမယ် မဟုတ်ပါဘူး၊ ဒါဟာ တိဟိတ်ဥက္ကဋ္ဌ ဖြစ်တဲ့ လူသားတိုင်းရဲ့ ဗီဇမှန်စိတ်ဓာတ်ကောင်းတစ်ခုလို့ ဆိုရပါလိမ့်မယ်။

ခုလို အမြင့်မြတ်ဆုံး အခွင့်အရေးကြီးနဲ့ ကြုံကြိုက်ခိုက်မှာ အခွင့်နဲ့တန်အောင် အရေးပါတဲ့ ဘဝဇာတ်သရုပ်ဆောင်တွေဖြစ်စေဖို့အတွက် ပွင့်တော်မူပြီးသမျှ ဘုရားရှင်တိုင်းကပဲ **'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား'** ဆိုတဲ့ အခြေခံဇာတ်ညွှန်း သုံးပိုဒ်ကို ဟောညွှန် ချမှတ်ပေးတော်မူခဲ့ကြပါတယ်။

ဒီဇာတ်ညွှန်းသုံးပိုဒ်မှာ ရှေ့နှစ်ပိုဒ်က ကာယကံ၊ ဝစီကံတို့ လိုက်နာဆောင်ရွက်သရုပ်ဆောင်ဖို့ ညွှန်ကြားတာဖြစ်ပြီး 'ဖြူအောင် စိတ်ကိုထား'ဆိုတဲ့ နောက်ဆုံးအပိုဒ်ကတော့ ဘဝဇာတ်ရဲ့ အနီးကပ်ဒါရိုက်တာဖြစ်တဲ့ နှလုံးသားအတွက် ထားရှိရမယ့် အဆင့်အတန်းကို ညွှန်းပြတာဖြစ်ပါတယ်။

မိမိတို့ရဲ့ နှလုံးသားဟာ ဒီအဆင့်အတန်းမှီနေစေဖို့ အတွက်ကတော့ အရင်တစ်ပတ်ကပြောခဲ့တဲ့ --

(၁) စွန့်လွှတ်အနစ်နာခံခြင်း၊

(၂) ခွင့်လွှတ်သည်းခံခြင်း၊

(၃) ကိုယ်ချင်းစာနာခြင်း၊

(၄) အသိဉာဏ်ဆင်ခြင်တုံတရား အမြဲထားရှိခြင်း .. ဆိုတဲ့ အရည်အချင်းကောင်း လေးချက်နဲ့ ပြည့်စုံစေရမှာ ဖြစ်ပါတယ်။

ဒီအရည်အချင်းလေးမျိုးထဲက ပထမဆုံးဖြစ်တဲ့ 'စွန့်လွှတ်အနစ်နာခံခြင်း'ဆိုတာ ရနိုင်သမျှ အာရုံခံစားစရာ စည်းစိမ်ချမ်းသာနဲ့ အခွင့်အလမ်းအားလုံးကို မိမိအတွက်သာ လက်ဝါးကြီးအုပ် သိမ်းပိုက်ထားလိုတဲ့ ဝိသမလောဘ စိတ်ဓာတ်ဆိုး(ကာမဝိတက်)ရဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်တဲ့ အလောဘစိတ်ဓာတ်ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ အလိုတော်အရ လောကမှာ ကြုံတွေ့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခများ၊ မကျေနပ်စရာများနဲ့ ဝမ်းနည်း ကြေကွဲစရာ ပြဿနာစတဲ့ ကျက်သရေမဲ့မှုအားလုံးဟာ ဒီတစ်ကိုယ်ကောင်းစိတ်ဓာတ်ကို အခြေခံပြီး ဖြစ်ပေါ်လာတာ ပါ။

ဒီတစ်ကိုယ်ကောင်းစိတ်ဓာတ်ဆိုးဖြစ်တဲ့ ဝိသမ လောဘဟာ ပြဿနာဆိုးအားလုံးတို့ရဲ့ အဓိက လက်သည်

တရားခံဖြစ်တယ်လို့ မိန့်ကြားပါတယ်။

ဒါကြောင့် လောကကြီး ကျက်သရေရှိဖို့အတွက် ပထမဦးဆုံးအနေနဲ့ ဝိသမလောဘရဲ့ တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်တဲ့ 'စွန့်လွှတ်အနစ်နာခံစိတ်ဓာတ်' (အဘိဓမ္မာစကားနဲ့ပြောရရင်တော့ အလောဘ စိတ်ဓာတ်)ရှိဖို့လိုတယ်လို့ ဟောညွှန်တော်မူတာပါ။

ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် ယောင်ဝါးဝါးနဲ့ အသိအမှတ်လွဲနေတတ်တာတစ်ခုကိုလည်း သတိပေးပါရစေ။

လူတိုင်းလိုလိုပဲ 'လောဘ'ဆိုတာ 'လိုချင်တပ်မက်တဲ့သဘော' လို့ သိထားကြလေတော့၊ ဒီစကားရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ 'အလောဘ' ဆိုတာကို 'မလိုချင်တဲ့ မတပ်မက်တဲ့သဘော'လို့ ခတ်လွယ်လွယ် မှတ်ထင်နေတတ်ကြပါတယ်။

ဒါကြောင့်လဲ တချို့လူပျင်းများက ကိုယ့်ဟာကိုယ်ပျင်းလို့ အလုပ် မကြိုးစားချင်တာကိုပဲ 'သူများတွေလို လောဘမကြီးလို့ မလိုချင်လို့'ဆိုတဲ့ သဘောမျိုးနဲ့ ပြောလေ့ရှိကြတာပါ။

သူတို့ပြောတဲ့ 'မလိုချင်လို့'ဆိုတာဟာ လောဘရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အလောဘ မဟုတ်ပါဘူး၊ အလောဘဆိုတာက ကုသိုလ်တရား အုပ်စုဝင်အမည်ပါ၊ ပျင်းရိတယ်

ဆိုတာဟာ 'ဆုတ်နစ်ဒေါသ'လို့ခေါ်တဲ့ အကုသိုလ်အုပ်စုဝင် ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓဟောညွှန်လိုရင်းဖြစ်တဲ့ အလောဘဆိုတာ မိမိကလိုချင်လို့ ရှာဖွေရရှိထားတဲ့ ပစ္စည်း ဥစ္စာကိုပင်ဖြစ်စေ၊ သူတစ်ပါးရဲ့ ဆင်းရဲဒုက္ခလွတ်မြောက်ရေးအတွက် စွန့်လွှတ်ရဲတဲ့ စိတ်ဓာတ်ကိုဆိုလိုတာပါ။

ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် ကြိုးစားရှာဖွေလုပ်ကိုင်မယ်၊ ရရှိတဲ့ အကျိုးစီးပွားကိုတော့ ကိုယ့်အတွက်ချည်းသာ ရယူသိမ်းပိုက်ခံစားမယ်ဆိုတဲ့ စိတ်မထားဘဲ သူတစ်ပါးအတွက်ငဲ့ကွက် စွန့်လွှတ်ဖို့ အမြဲထားရှိတဲ့ စိတ်ဓာတ်မျိုးမှ ကုသိုလ်စစ်စစ်ဖြစ်တဲ့ အလောဘစိတ်ဓာတ် ဖြစ်ပါတယ်။

စွန့်လွှတ်အနစ်နာခံတဲ့ စိတ်ဓာတ်နဲ့ ပတ်သက်လို့ ဘုရားရှင်က တပည့်များကို ဆုံးမရာမှာ၊ နေ့စဉ်ဆွမ်းခံရာ ဆွမ်းစားရာမှာပင် ကိုယ်ရနိုင်သမျှအားလုံးကို မယူဘဲ နောက်ပုဂ္ဂိုလ်အတွက်ငဲ့ကွက်ပြီး သင့်တော်ရုံ၊ မျှတရုံသာ ခံယူသုံးဆောင်ကြဖို့ အမြဲသတိထား အသိပွားကြပါ (ဘောဇနေ မတ္တညုု)လို့ ဆုံးမတော်မူပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဆုံးမပညတ်တော်မူချက်နဲ့ ပတ်သက်လို့ လေးစားမှတ်သားစရာကောင်းတဲ့ မထေရ်မြတ်တို့ရဲ့ လိုက်နာဆောင်ရွက်ပုံကိုလဲ ဆရာစဉ်ဆက်အရ

ကြားနာမှတ်သားရဖူးပါတယ်။

မိမိရဲ့ ဆရာ့ဆရာ(ပါစရိယ)ဖြစ်တဲ့ ပုဇွန်တောင်က အရှင်အာဒိစ္စဝံသကျောင်းတိုက်ကြီးရဲ့ မူလတိုက်တည် ဆရာတော် နာမည်ကျော် **မိလိန္ဒပဉှာအဋ္ဌကထာနိဿယ** ကျမ်းပြုအကျော် ဆရာတော်ကြီးအရှင်အာဒိစ္စဝံသ သက်တော်ထင်ရှားရှိစဉ်က ကျောင်းတိုက် သံဃာတော်များ အတွက် ဆွမ်းစားကျောင်းမှာ ဆွမ်းတစ်ဝိုင်း လေးပါးကျစီ အတွက် ခဲဖွယ်ဘောဇဉ်များ စီစဉ်ထားပြီး အဝင်ဝမှာ အားလုံး မြင်သာအောင် **'ကိုယ်အခွင့်ကို သိ၊ နောက်လူကိုလဲ ကြည့်'** ဆိုတဲ့ စာတန်းကိုရေးထားပါသတဲ့။

ဒီစာတန်းနဲ့ ပတ်သက်ပြီး ဆရာတော်က 'ဆွမ်း တစ်ဝိုင်းမှာ လေးပါးကျစီ သတ်မှတ်ထားတဲ့အတွက် ဘယ်သူမဆို မိမိရှေ့မှာရှိတဲ့ ဆွမ်းပွဲပေါ်က ခဲဖွယ်ဘောဇဉ် အားလုံးရဲ့ လေးဖို့တစ်ဖို့ဟာ မိမိတို့ရသင့်တဲ့ အခွင့်အရေး ဖြစ်တယ်၊ အဲဒါကိုသိပြီး ဘယ်လောက်ကောင်းမွန်တဲ့ ခဲဖွယ် ဟင်းလျာကိုမဆို လေးဖို့တစ်ဖို့ထက်မပိုအောင် ဘုဉ်းပေးကြ ရမယ်။

လေးဖို့တစ်ဖို့ထက် ပိုပြီးအခွင့်အရေးယူခဲ့ရင် ဒါဟာ သူများ အခွင့်အရေးကို မတရားရယူတာဖြစ်တယ်၊ စဉ်းလဲတဲ့ ခိုးခြင်းတစ်မျိုးပဲ၊ ဒါကို လုံးဝမကျူးလွန်မိအောင် ရှောင်ရမယ်၊ မိမိတို့ စားပြီးတဲ့အခါမှာ သိမ်းဆည်းဆေးကြော

ကြမယ့် ကပ္ပိယများနဲ့ ကျောင်းသားများရှိကြတယ်၊ သူတို့ဖို့လည်း ကြည့်ပြီး မိမိရဲ့ရပိုင်ခွင့်ထဲက တတ်နိုင်သမျှ ခြိုးခြံခဲ့ရင် ကိုယ်ပိုင်ဆိုင်ခွင့်ကို နောက်လူအတွက် စွန့်လွှတ်လှူဒါန်းရာ ကျတယ်'လို့ ရှင်းလင်းမိန့်ကြားပါသတဲ့။

ဒီအကြောင်းနဲ့ ပတ်သက်လို့ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်မှာ ပညာသင်ယူခဲ့ဖူးတဲ့ ဆရာတော်ကြီးတစ်ပါးနဲ့ စကားစပ်မိတဲ့အခါ ညောင်တုန်းရွှေဟင်္သာတောရကျောင်းတိုက်မှာလည်း အလားတူ ကျင့်သုံးကြောင်း မိန့်ကြားပါတယ်၊ ဆရာတော်ကြီး ပြောပြတာကတော့ ---

တပည့်တော်တို့ ညောင်တုန်းရွှေဟင်္သာတောရမှာလည်း ဒီပုံစံမျိုးနဲ့ အလားတူပဲ ကျင့်သုံးကြပါတယ်၊ အဲဒီမှာတော့ ဆွမ်းစားဆောင်မှာ စာနဲ့တော့ ရေးမထားဘူး၊ ဆွမ်းဝိုင်းမှာ သံဃာစုံထိုင်ပြီးတာနဲ့ တစ်ပြိုင်နက် နာယကဆရာတော်ကြီးက ...


'အရှင်ဘုရားတို့ ... အခုလို ဆွမ်းတစ်ဝိုင်းမှာ လေးပါးစီထိုင်နေကြတဲ့ အရှင်ဘုရားတို့ရဲ့ ရှေ့က ဆွမ်းပွဲပေါ်မှာ ရှိနေတဲ့ ဟင်းလျာခွဲဖွယ်များထဲက လေးဖို့တစ်ဖို့စီဟာ အရှင်ဘုရားတို့အတွက် ရည်မှန်းလှူဒါန်းထားတာဖြစ်လို့ အရှင်ဘုရားတို့ ပိုင်ဆိုင်ကြပါတယ် ဘုရား၊ အရှင်ဘုရားတို့ ဘုဉ်းပေးပြီး ကျန်ခဲ့လို့ရှိရင်လဲ ကပ္ပိယများ ကျောင်းသားများ

က သိမ်းဆည်းပြီး စားသုံးဆောင်ကြကြပါလိမ့်မယ်၊ ခုချိန်မှာ အရှင်ဘုရားတို့က အလှူခံပုဂ္ဂိုလ်တွေဖြစ်ကြပြီး ဒကာ, ဒကာမများနဲ့ ကပ္ပိယများက လှူဒါန်းသူတွေဖြစ်ကြပါတယ်။ တကယ်လို့ အရှင်ဘုရားများက မိမိတို့ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ လေးဖို့တစ်ဖို့ထဲက ကပ္ပိယများ ကျောင်းသားများအတွက် ငဲ့ကွက်ပြီး ချန်ထားခဲ့မယ်ဆိုရင်တော့ အရှင်ဘုရားတို့ဟာ အလှူခံပုဂ္ဂိုလ်အဖြစ်ကနေ အလှူပေးပုဂ္ဂိုလ်များ ဖြစ်သွားကြပါလိမ့်မည်ဘုရား၊ ကိုယ်တိုင်အလှူပေးပုဂ္ဂိုလ်များ ဖြစ်ကြရအောင် မေတ္တာကရုဏာတရားရှေ့ထားပြီး ဘုဉ်းပေးသုံးဆောင်တော်မူကြပါဘုရား'လို့ လျှောက်ထားမိန့်ကြားလေ့ရှိပါသတဲ့။

သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ 'ဆွမ်းတစ်ပွဲမှာရှိတဲ့ မိမိတို့ရဲ့ ရသင့်တဲ့အခွင့်အရေးထဲက နဲနဲပါးပါး ချန်ထားတယ်'ဆိုတဲ့ ကိစ္စဟာ ဘာမျှမပြောပလောက်တဲ့ အသေးအမွှားလေးတစ်ခုလို့ပဲ ထင်စရာပါ၊ ဒါပေမယ့် 'အမှိုက်ကစ ပြဿာဒ်မီးလောင်'တတ်သလို 'အမှိုက်က ရွှေဖြစ်'ဆိုတာလဲ ရှိတတ်တဲ့ သဘာဝအတိုင်း မပြောပလောက်တဲ့ အနည်းအပါးလေးများကို အကြောင်းပြုပြီး တော့ပဲ လူတစ်ဦးချင်း၊ မိသားတစ်စုချင်း ခိုက်ရန်ဖြစ်ပွားခြင်း အစ နိုင်ငံချင်း စစ်ခင်းကြရတဲ့အထိလဲ ဖြစ်တတ်ကြပြီး ဒီလို မပြောပလောက်တဲ့ အသေးအမွှားလေးတွေကို စွန့်လွှတ်

အနစ်နာခံမှုကြောင့်ပဲ လူတစ်ဦးချင်းစီက စပြီး နိုင်ငံချင်းအထိ ရင်းနှီးကျွမ်းဝင် ချစ်ခင်မှုတွေ သွားတာမျိုးလဲ ဖြစ်သွားနိုင်တယ်ဆိုတာကိုလဲ လောကရဲ့ ညီညွတ်မှုတွေ ကျက်သရေရှိမှုကို လိုလားသူတိုင်း လက်ခံရပါလိမ့်မယ်။

အလင်းတန်းဂျာနယ်
၁ . ၉ . ၂၀၀၈



"ရင်သွေးမဟုတ်တဲ့ ရင်နှစ်"

## "ရင်သွေးမဟုတ်တဲ့ ရင်နှစ်"

"ဆရာသမားဆိုတာကတော့၊ ဘဲဥကို ရင်ငွေ့နဲ့ ဝပ်ပေးရတဲ့ ကြက်မိခင်လိုပါပဲလေ၊ အတောင်အလက် စုံတဲ့အခါ သူတို့က ရေထဲဆင်းပြီး ကူးနေကြတာကို ကုန်းပေါ်ကနေ ရင်တမမနဲ့ ကြည့်ပြီးပူနေရတာပါပဲ"

(ပခုက္ကူနိုကာယ မဟာရဋ္ဌာဓိပတိဂုဏ်ထူး ဆရာတော် ဘဒ္ဒန္တဇောတိက)

မြောင်မြို့နယ်၊ သာထွန်းကျေးရွာ၊ တိုက်သစ်ဆရာတော်ကြီး ဘဒ္ဒန္တဇောတိကမထေရ်မြတ်ဆိုတာ ပခုက္ကူနိုကာယအဖွဲ့က "မဟာရဋ္ဌာဓိပတိမဟာထေရ" ဆိုတဲ့ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကိုခံရတဲ့ ပခုက္ကူနိုကာယ် ဆရာတော်ကြီးများ ထဲက ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတစ်ပါးဖြစ်ပါတယ်။

အရွယ်ကောင်းစဉ်ကတော့ 'သာထွန်း'ဆိုတဲ့ ကျေးရွာကျောင်းတိုက်တစ်ခုကနေ ဓမ္မာစရိယတပည့်များ ထွန်းပေါက်တဲ့အထိ စာပေပရိယတ္တိပို့ချပေးနေတဲ့ ဆရာတော် ကြီးပေါ့၊ သက်တော်ဝါတော် ကြီးရင့်တဲ့အခါမှာတော့

ပရိယတ္တိစာပေ မပို့ချနိုင်တော့ဘဲ စွမ်းနိုင်သမျှ ပဋိပတ်အလုပ် လုပ်ရင်း ရပ်ရွာဒကာ, ဒကာမများကို ဟောကြားဆုံးမ စောင့်ရှောက်ပေးနေတဲ့ ဆရာတော်ကြီးပါ။

ပခုက္ကူနိကာယ ဆရာတော် သံဃာတော်များက လေးစားရိုသေကြတဲ့အတိုင်း မြို့ကြီးတိုက်ကြီးများမှာ သီတင်းသုံးဖို့ ပင့်ဆောင်ကြတာကို ငြင်းပယ်ပြီး ကျေးလက်မှာ သာသနာထွန်းကားအောင်ဆောင်ရွက်နေတဲ့ ဆရာတော်ကြီးဖြစ်တာနဲ့ အညီ ဝန်းကျင်မှာရှိကြတဲ့ ရဟန်းရှင်လူများ အပါအဝင် ဂေါစရဂါမ်ဖြစ်တဲ့ သာထွန်းရွာသူရွာသားတို့ လေးစားအားထား ကြည်ညိုရတဲ့ ဆရာတော်ကြီးဖြစ်လို့ ဆရာတော်ကြီးရဲ့ ဂုဏ်သတင်းကို တပည့်များထံမှတဆင့် ကြားဖူးနေတာကြာပါပြီ။ ဆရာတော်ကြီးရဲ့ အဆိုအမိန့် ဩဝါဒနဲ့ ပတ်သက်လို့ ဆရာတော်ကြီးရဲ့ နောက်ဆုံး တပည့်ကြီး တစ်ပါးဖြစ်တဲ့ စာရေးဆရာ ကံထွန်းသစ်ဆီကတစ်ဆင့် ကြားနာမှတ်သားရတာကိုက အလွန်ကြည်နူး ဝမ်းသာဖြစ်စရာပါ။

ဆရာတော် သက်တော်ဝါတော်ကြီးလာတော့ အထက်တန်း ပိဋကတ်စာပေတွေကို ကိုယ်တိုင်မပို့ချနိုင်တော့တဲ့အတွက် သာသနာတော်မှာ အလားအလာရှိလောက်တဲ့ တပည့်အားလုံးကို မြို့ကြီးများရှိ စာသင်တိုက်ကြီးများဆီ ပညာသင်ပို့လွှတ် လိုက်တဲ့အတွက် ဆရာတော် အနီးအပါးမှာ လောက်လောက်လားလားတပည့်ကြီးရယ်လို့ မရှိဘဲ

ကိုရင်ငယ်များ ကျောင်းသားများနဲ့သာ ဖြစ်သလို သီတင်းသုံးနေပါတယ်။ ဆရာတော်ကြီး အခုလိုနေရတာနဲ့ပတ်သက်လို့ အဆင်ပြေပါရဲ့လား၊ တပည့်ကြီးများနဲ့ ပတ်သက်လို့ကော ဘယ်လိုများ သဘောရပါလဲဆိုတဲ့အကြောင်း လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ...

'အေး ... အစကတည်းက မြို့ကြီးပြကြီးတွေဆီ စာသင်ဖို့ ပို့လွှတ်ခဲ့တာဟာ သူတို့အစွမ်းအစရှိသလောက် ပေါက်ရောက်အောင်မြင်ပြီး ကိုယ်သန်ရာ သန်ရာ ပရိယတ် ပဋိပတ်တာဝန်များနဲ့ သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ကြဖို့ လွှတ်လိုက်တာပဲ၊ ကြီးရင် ကိုယ့်နားပြန်ကပ်ပြီး လုပ်ကျွေးစောင့်ရှောက်ပါစေဆိုတဲ့ တောင့်တချက်မထားပါဘူး၊ မူလကတည်းက ဆိုင်ရုံသာဆိုင်ချင်တာ ပိုင်ချင်တာမှ မဟုတ်ဘဲ ကိုယ့်ဆီပြန်မလာရကောင်းလားဆိုတဲ့ စိတ်တော့ လုံးလုံး မရှိပါဘူး၊ အခု သူတို့တွေ အထိုက်အလျှောက် အောင်မြင် ပေါက်ရောက်ကြတယ်ဆိုတာကိုပဲ ဝမ်းမြောက်ရတာပေါ့၊ တချို့ တပည့်ကြီးများကျတော့လည်း သီတင်းဝါလကျွတ်ချိန်မှာ လာပြီးကန်တော့ကြတာရှိပါတယ်၊ အေးကွယ် ဆရာသမားဆိုတာကတော့ ကိုယ့်ငယ်တပည့်တွေကို ဘယ်အရွယ်ရောက်နေနေ ကလေးသူငယ်တွေလိုပဲ စိတ်က ထင်တုန်းဆိုတော့ တစ်ခါတစ်လေ သိပ်သဘောမကျတာတွေ ကြားသိရတဲ့အခါ ဆူတန်ဆူ၊ ငေါက်တန်ငေါက်

ဆိုသလို ပြောမိ ဆိုမိတာပေါ့လေ၊ တချို့ကလည်း သဘောကျတာရှိသလို သဘောမကျတာလည်းရှိကြမှာပေါ့။

အေးလေ .. ဆရာသမားဆိုတာကတော့ ဘဲဥတွေကို သားပေါက်အောင် ရင်ငွေ့နဲ့ဝပ်ပေးရတဲ့ ကြက်မိခင်ကြီးလိုပါပဲလေ၊ အတောင်အလက်ပေါက်လာတဲ့အထိတော့ ကိုယ်က ကိုယ့်ရင်သွေးလိုသဘောထားပြီး ဝပ်ပေးတာပေါ့၊ အတောင်အလက်စုံလာတဲ့အခါမှာတော့ သူတို့က သူတို့ဗီဇဓာတ်ခံအတိုင်း ရေထဲကူးနေကြတာကိုပဲ ကုန်းပေါ်က မိခင်ကြီးကတော့ ရင်တမမနဲ့ 'ရေထဲမှာ နစ်မွန်းများ သွားမလားဟဲ့' ဆိုတဲ့ ပူပန်စိတ်ကတော့ ရှိနေတာပဲကွဲ့၊ ရင်သွေးပင်မဟုတ်သော်ငြား ကိုယ်ဝပ်ပေးထားရတယ်ဆိုတဲ့ ရင်နှစ်မေတ္တာတရားက ကြီးမားကြသကိုးကွဲ့။

တို့မှာလဲ အဲသလိုပဲပေါ့ကွယ်၊ တချို့တပည့်တွေကတော့ ပရိယတ္တိနယ်ပယ်မှာပဲ တစ်နိုင်တစ်ပိုင် စာသင်တိုက်ကလေးတွေနဲ့ တည်ထောင်အုပ်ချုပ်ပြီး ရုန်းကန်နေတယ်ဆိုတော့ သူတို့အတွက်လည်း ပြည့်စုံအောင်မြင်ကြပါစေဆိုတဲ့ မေတ္တာစိတ်ပွားမိတာပေါ့။

တချို့တပည့်များကျတော့လည်း အသက်အရွယ်ကလည်း ငယ်သေးကြတယ်၊ သူတို့က အဟောအပြောလေးတွေနဲ့ သာသနာပြုကြသတဲ့၊ ဒကာ .. ဒကာမတွေဆိုတာကလည်း မောင်ပဋ္ဌင်းတို့သိတဲ့အတိုင်းပဲလေ၊ တကယ့်ပင်ရင်း

မူလ ဖြစ်တဲ့ ပရိယတ္တိတာဝန်ကို ထမ်းဆောင်နေကြတဲ့ စာချ ဘုန်းကြီးများကိုသာ မသိကြ၊ မကြည်ညိုတတ်ကြတာ၊ တရားဟော ဓမ္မကထိကတို့၊ တရားပြတဲ့ဘုန်းကြီးတို့ ကျတော့ ပိုပြီး သိကြ၊ ကြည်ညိုတတ်ကြတာမျိုးကိုး။

ဘာပဲဖြစ်ဖြစ် သူတို့ ပါရမီ သူတို့ ဗီဇခေတ်ခံအတိုင်း လုပ်ဆောင်ကြလို့ အောင်မြင်နေကြတာကိုတော့ ဝမ်းမြောက် ပါတယ်၊ အဲ .. ခုနပြောတဲ့ ကြက်မိခင်ကြီးလိုပေါ့လေ၊ ကိုယ်က 'ရေဆိုတာ နစ်တတ်တယ်'လို့ သိထားတာဆိုတော့ သူတို့တတွေ ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ရေထဲမှာ မွေ့လျော် နေတာကိုလည်း ရင်တမမပဲကွဲ့၊ ဘာပဲဖြစ်ဖြစ်လေ 'ရေ' ဆိုတာကလည်း ကျွမ်းကျွမ်းကျင်ကျင်ကူးတတ်ရင် မနစ် နိုင်ဘူး ဆိုပေမယ့် ကြာရင် အအေးတော့ ပတ်တတ်သမို့ လား၊ သာသနာ ဝန်ထမ်းများနဲ့ ပစ္စည်းလေးပါးဆိုတာက သစ်ပင်နဲ့ ရေလိုပဲ မောင်ပဥ္စင်းရဲ့၊ ရေမရှိပြန်ရင်လည်း ရှင်သန်ဖို့ မလွယ်သလို ရေတွေများပြီး ဝပ်နေပြန်ရင်လည်း ဒီသစ်ပင် အအေးမိလို့ အမြစ်ပုပ်ပြီး သေတတ်တာမျိုးလည်း ရှိတတ်တာကိုး၊ ကိုယ်ကတော့ ဒါကိုတွေးပြီး စိုးရိမ်မိတာပါ။

'အေးဟေ့ .. ဆရာသမားကတော့ ဘယ်တပည့် ကို မဆိုပေါ့လေ၊ ပစ္စည်းလေးပါးတို့ ဒကာ ဒကာမ ဆက်ဆံ ရေးတို့နဲ့ ပတ်သက်ရင် 'ရေကူးကျွမ်းကျင်သူ ဖြစ်တာ ထက် ရေကို သင့်တင့်ရုံထက်ပိုပြီး အရဲမကူးသူဖြစ်တာကိုပဲ ပိုပြီး

သဘောကျသကွဲ၊ အဲဒါ မောင်ပဥ္စင်းတို့လဲ သတိထားကြပေါ့ ကွယ်' လို့မိန့်ကြားပြီး မျက်လုံးများက ဟိုခပ်ဝေးဝေးဆီကို မျှော်နေသလိုလိုကြည့်နေရင်း စကားလက်စသပ်လိုက်ပါတယ်။

ဆရာတော်ဘုရားကြီး မိန့်ကြားတဲ့အထဲက 'ရင်သွေး မဟုတ်သော်ငြား၊ ရင်နှစ်ဖြစ်တဲ့ မေတ္တာတရားက ကြီးမား သကိုးကွဲ့' စကားသံက ကြားရသူရင်ထဲမှာလည်း ဓာတ်ကူး လာတယ်ပဲဆိုရမလားတော့ မသိဘူး၊ အကြိမ်ကြိမ် ပဲ့တင်ထပ် နေပါတယ်။ မြတ်စွာဘုရားရှင်ကတော့ သားသမီးများကို ရင်နဲ့လွယ်ပြီး ရင်သွေးအဖြစ်နဲ့မွေးဖွားပြုစုပေးတဲ့ မိဖများ ဆိုတာ လူကလေးများကို လူ့ဘဝရောက်ရုံ လူလားမြောက်ရုံ အထိသာ စွမ်းနိုင်ကြတာ၊ ရင်နှစ်အဖြစ် မွေးဖွားပေးကြတဲ့ ဆရာသမားတို့ကသာ လူ့ဘဝရောက်လာသူတိုင်းကို ပင်ကိုယ် ဗီဇပါရမီဓာတ်ခံအစွမ်းရှိသလောက် ပေါက်ရောက် အောင်မြင် လူရာဝင်အောင် အစတွေကို ဖော်ထုတ်ပြသ မွေးဖွားပေးကြတာ ဖြစ်လို့ ဘဝရဲ့ အောင်မြင်ကြီးပွားရေးမှာ ရာနှုန်းပြည့် အရေး ပါတဲ့ ပဝတ္တိမိဖရင်းများပဲ ဖြစ်တယ်လို့ မိန့်ဆိုပါတယ်။ (သံယုတ် - ကလျာဏမိတ္တသုတ်)

ပြီးတော့ ရင်နှစ်အဖြစ်နဲ့ မွေးဖွားပေးတဲ့ မိဖ (ဆရာ သမားများ)ဆိုတာ တပည့်သားသမီးများကို နှလုံးသားမှာ ရှိတဲ့ မေတ္တာ ကရုဏာစေတနာများနဲ့ လုံ့လ ဝီရိယတို့ရဲ့ လှုံ့ဆော်မှုမှာ သန္ဓေတည်ပြီး နှုတ်(ခံတွင်း)ကနေ မြွက်ဟ

ပြောဆိုဖွားမြင်ပေးကြတာဖြစ်လို့ နှလုံးနဲ့ သန္ဓေလွယ်ပြီး ခံတွင်းက မွေးဖွားပေးကြတဲ့ မိဖများပင်ဖြစ်လို့ ဇာတိမိဖများနဲ့ ထပ်တူကျေးဇူးကြီးမားကြတဲ့ ပဝတ္တိမိဖများပဲ ဖြစ်ပါတယ်၊ ဒါကြောင့်လဲ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတဲ့ အနန္တငါးပါးကို သတ်မှတ်ရေတွက်ရာမှာ မိဖများနဲ့ ဆရာသမားတို့ကို တစ်တန်းတည်းထားရတာပါ။


ဒီလိုဆရာသမားတို့က နှလုံးနဲ့ လွယ်ပြီး ခံတွင်းက ဖွားမြင်ခြင်းကို ခံယူရတဲ့သားသမီးများ **(ဥရေဝသိတွာ မုခတော ဇာတာ)**အသိပညာ အတတ်ပညာတို့နဲ့အတူ ကိုယ်ကျင့်တရားများပါ မြင့်မြတ်တဲ့အဆင့်ကို ရောက်ရှိလာတဲ့အတွက်၊ တကယ့် အမျိုးကောင်း သားသမီးဆိုတဲ့ 'ဇာတိကုလပုတ္တာ' ထက်လဲ သာလွန်မြင့်မြတ်ပါတယ်၊ 'ခံတွင်းကဖွားမှ သားသမီးမြတ်ဖြစ်တယ်' ဆိုတာ ဒီသဘောကို ပြောတာပါပဲ။

ဆရာသမားများက ရင်နှစ်မိဖဆိုတဲ့ မေတ္တာစိတ်ထားရှိသလို တပည့်များကလည်း ဆရာသမားတိုင်းကို ရင်နှစ်မိဖများအဖြစ် မေတ္တာအပြည့်နဲ့ ပြန်လည် သိမှတ်ကြမယ်ဆိုရင်တော့ လောကရဲ့ ကျက်သရေအစစ်ကို တွေ့ကြုံရရှိခံစားကြရမှာမလွဲပါဘူးလို့ ယုံကြည် ခံယူမိပါတယ်။

**ရင်နှစ်သည်းချာများ ဖြစ်ကြပါစေသော်။**

**အလင်းတန်းဂျာနယ်**

**၈ . ၉ . ၂၀၀၈**



# ရင်နှစ်မဟုတ်တဲ့
# ရင်သွေး

## “ရင်နှစ်မဟုတ်တဲ့ ရင်သွေး”

မိဖများက ရင်နှစ်သည်းချာ သားသမီးရတနာများ အဖြစ်နဲ့ ကိုးလလွယ် ဆယ်လဖွားပြီး ကျွေးမွေးစောင့်ရှောက် ခဲ့ကြပေမယ့် အချိန်တန်အရွယ်ရောက်တဲ့အခါ ‘ ရင်နှစ် သည်းချာ သားသမီးရတနာများ’ မဖြစ်လာကြဘဲ ‘ ရင်နင့် အသည်းနာတဲ့ သားသမီး ရ တာ နာ’ တွေဖြစ်နေတတ်ကြ တာဟာ ဟို ... ရှေးပဝေဏီကစပြီး ဒီနေ့ခေတ်အထိလဲ ကြားနေ၊ မြင်နေ၊ သိနေကြရပါတယ်။

မော်ဘီ၊ ဓမ္မဒူတတောရ လှူငယ်တရားစခန်းပြီးတဲ့ နေ့မှာ လာကြိုတဲ့ကလေးမိဘတစ်စုံတို့ မိမိနေတဲ့ အဆောင် ကိုရောက်လာပြီး ‘ခုခေတ်ကလေးတွေက တပည့်တော်တို့ ငယ်ငယ်ကလို မဟုတ်တော့ဘူးဘုရား၊ အချို့ဆို အတော် လေး ရိုင်းလာကြတာတွေ့ရတယ်’ အစချီပြီး ခေတ်ကာလ ညည်းချင်းကြီးကို ရေရွတ်လျှောက်ထားပါတယ်။

မိမိက ထုံးစံအတိုင်းခပ်အေးအေးပဲ ‘အေးဗျာ ..

ကာလသားသမီးတွေအကြောင်း ပြောကြတဲ့ မိဘတွေများလို့ စဉ်းစားကြည့်ပါတယ်၊ အဲ .. ကာလသားသမီးဆိုတာ တခြားမဟုတ်ဘူးဗျာ၊ ကာလမိဘကမွေးဖွားပြီး ကာလပတ်ဝန်းကျင်မှာ ကြီးပြင်းလာကြသူတွေကို ခေါ်နေကြတာပဲ၊ ဒကာကြီးပြောသလို ကာလသားသမီးတွေက တပည့်တော် ငယ်ငယ်ကလိုမဟုတ်တော့ဘူးလို့ ထင်မြင်မယ်ဆိုရင် 'ကာလ မိဘများကကော တပည့်တော်တို့ရဲ့ မိဘတွေလို ဟုတ်ကြသေးရဲ့လား၊ ကာလပတ်ဝန်းကျင်ကြီးကကော ဘယ်လိုနေသလဲ' ဆိုတာကစပြီး စဉ်းစားဖို့လိုအပ်နေပြီနော်။

မိဘ အတော်များများက ကာလသားသမီးများနဲ့ ပတ်သက်ပြီး ညည်းညူသံကြားရတိုင်း ဦးပုညရဲ့ ဆဒ္ဒန် ဆင်မင်းဝတ္ထုထဲက 'အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော် ကြံဖက် သုံးယောက်သားအနက်တွင်မှ၊ ကံကွက်ကျား၍၊ ငမိုက်သား မှဆိုးလေ၊ နင့်ချည်းပင်သေပေတော့ဟု' ဆိုတဲ့ စကားပိုဒ် ကလေးကိုပြေးပြီး သတိရမိတယ်၊ ကာလသားသမီးများကို ကိုယ်ငယ်ငယ်တုန်းကလို ယဉ်ကျေးလိမ္မာစေချင်ရင်၊ ကာလ မိဘဆိုသူတွေက စပြီးပြင်ဖို့ မလိုအပ်ပေဘူးလား။

ကိုယ့်ဘဝ အတွေ့အကြုံကို ပြန်ပြီးစဉ်းစားမိတဲ့ အတိုင်း ပြောရမယ်ဆိုရင်တော့ .. ငယ်ငယ်တုန်းကတည်းက ညစာစားပြီး ချိန်ဆိုရင် အိမ်ဦးကပြင်(ကြမ်းပြင်)မှာ အဖေ

အမေတို့က ဘုရားရှိခိုးတို့၊ လူကြီးသူမရှေ့မှာ သွားလာနေထိုင်ပုံတို့၊ ပြောဆိုဆက်ဆံပုံ တို့ကိုလည်း အရွယ်နဲ့ တန်ရုံသင်ပေးတယ်၊ အထူးသဖြင့်တော့ ပုံတိုပတ်စတို့ ဇာတ်နိပါတ်တို့ဆိုတာတွေကို ပြောပြကြတာကို လွတ်သဘောကျတာပဲ၊ စုဝိုင်းထိုင်မိကြတဲ့အခါ 'ပုံပြင်ပြောပေး'လို့ တောင်းဆိုကြပြီဆိုရင် အမေအဖေတို့က 'အေး ... ဒီနေ့ ဣတိပိသောဘဂဝါကို အရင်ရအောင် လိုက်ဆိုဦး၊ ပြီးမှ ပုံပြောမယ်'ဆိုပြီး သင်ပေးကြတာပဲ၊ ကလေးဆိုတော့ ဘုရားရှိခိုးဆိုတာဘာရယ်လို့တော့ သိပ်မသိလှသေးပါဘူး၊ ပုံပြင်နားထောင်ရတာကတော့ စွဲကိုစွဲသွားတော့တာ၊ နောက်တော့ 'ဒီလိုပုံတွေဇာတ်တော်တွေဆိုတာ စာထဲမှာ ရှိတယ်၊ မင်းတို့ စာဖတ်တတ်ရင် ဒါမျိုးတွေကို စာထဲမှာ ကိုယ်တိုင်ဖတ်တတ်လာမှာပေါ့'ဆိုတဲ့ စကားကို နားထဲစွဲသွားပြီး စာဖတ်တတ်ချင်တဲ့စိတ်တွေလည်း အလိုလိုဖြစ်လာတာပဲ။

ဒီနေ့အထိ စာဖတ်ဝါသနာပါလာတာဟာ ဘိုးဘွားတို့ အမေအဖေတို့ရဲ့ ပုံကိုပတ်စပြောတာကို နားထောင်ခဲ့ရတဲ့ကျေးဇူးတွေပါပဲ၊ ကဲ .. စဉ်းစားကြည့်ကြပါ၊ ကိုယ့်သားသမီးကို တော်စေတတ်စေချင်ကြတယ်၊ လိမ္မာစေချင်ကြတယ်၊ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်ကြတယ်ဆိုတဲ့ မိဘများအနေနဲ့ ကလေးတွေအတွက် ခုပြောခဲ့တဲ့ အခြေခံကောင်းတွေကို ပေးမိကြရဲ့လား၊ ပေးနိုင်ကြရဲ့လား၊ ပေးရမယ် ဆိုတဲ့

အသိကော ရှိကြပြီးလား၊ ဒီနေ့ လူငယ် ပြဿနာဟာ ဒီကစပြီး စဉ်းစားသင့်တယ်လို့ သဘောရတယ် ဆိုတဲ့အကြောင်း ပြောပြတဲ့အခါ တွေ့ဖူးသမျှ မိဘတိုင်းကပဲ ကိုယ့်ကိုကိုယ် အားမလိုအားမရဖြစ်တဲ့ ပုံစံမျိုးနဲ့ ခေါင်းကိုဖြေးဖြေးချင်းခါပြီး 'ဒါလဲ ဟုတ်တာပဲဘုရား' လို့ ဝန်ခံသွားလေ့ရှိပေမယ့် ဘယ် မိဘမှ ဒါကို အလေးအနက်ထားတယ်ရယ်လို့တော့ ခုထိ မကြားမိပါဘူး။ **(မိဘများက မစွမ်းနိုင်ကြပေမယ့် စာသင်ကျောင်းများမှာတော့ ဆရာသမားများအနေနဲ့ စာပေဝါသနာ မျိုးစေ့ဖြစ်တဲ့ ပုံပြောခြင်း၊ နားထောင် ခြင်း အလေ့အထကို ပြန်လည် ပျိုးထောင်ပေးသင့် တယ်လို့ သဘောရပါတယ်)**

စဉ်းစားကြည့်ရတာ မိဘတော်တော်များများဟာ "ရင်သွေး"ဆိုတာကိုနားလည်သဘောပေါက်ကြပေမယ့် "ရင်နှစ်"ဆိုတာကို တော့သိပ်ပြီးနားမလည်ကြတာပဲလား၊ အလေးထားရကောင်းမှန်းမသိကြတာပဲလား မပြောတတ် ဘူး၊ သားသမီးတွေအတွက် "ရင်နှစ်" အမွေပေးတဲ့ အလေ့ အထဟာ ကွယ်ပျောက်သလောက်ရှိသွားပြီထင်ရတယ်။

ရင်နှစ်ဆိုတာ ရင်ထဲမှာရှိနေတဲ့ မေတ္တာကရုဏာကို အခြေခံတဲ့ စေတနာလုံ့လများကို ဆိုလိုတာပါ၊ မြတ်ဗုဒ္ဓရဲ့ အလိုတော်အရတော့ ရင်သွေးပင်မဟုတ်သော်ငြား ရင်နှစ်နဲ့ မွေးထားတဲ့ သားသမီးအများဟာလည်း "သည်းချာ"တွေ

ဖြစ်နိုင်တယ်လို့ မိန့်ပါတယ်၊ ပဋ္ဌဝင်္ဂါးဦးကစပြီး ယနေ့အထိ ရှိနေတဲ့ ဘုရားရှင်ရဲ့တပည့်သားများဟာ "ရင်သွေး" များ မဟုတ်ကြပေမယ့် "ရင်နှစ်သည်းချာ" တွေဖြစ်ကြလို့ ဘုရားရှင် အပေါ်မှာ ချစ်ကြည်မှု၊ လေးစားမှုကြီးမားပြီး ကျန်ခဲ့တဲ့ အနှစ်နှစ်ထောင် ငါးရာကျော်က မိန့်ကြားခဲ့တဲ့ စကားများ ကိုပင် အခု လောလောဆယ် အနီးကပ် ဆုံးမညွှန်ကြားနေတဲ့ ဩဝါဒစကားများသဖွယ် အလေးထားလိုက်နာ စောင့်ရှောက် ပေးနေကြတာပါ။

မြန်မာစကားမှာ "ရင်သွေးသည်းချာ"လို့ ဆိုရိုး မရှိဘဲ "ရင်နှစ်သည်းချာ"လို့သာ ဆိုရိုးရှိနေတာဟာလဲ အလေးထား စဉ်းစားစရာပါ။ "သည်းချာ" ဖြစ်ရေးမှာ ရင်သွေးထက် ရင်နှစ် က ပိုပြီးအရေးပါတဲ့ သဘောကိုများ ရည်ညွှန်းနေသလားပဲ၊ ဘုရားရှင်ရဲ့ အလိုတော်အရကလည်း ရင်သွေးသားသမီး ကောင်း (ဇာတိကုလပုတ္တ)ထက် ရင်နှစ် သားသမီးကောင်း (အာစာရကုလပုတ္တ)က ပိုပြီးအရေးပါတဲ့ သဘောရှိပါတယ်။

ဒါနဲ့ပတ်သက်လို့ ထင်ရှားတဲ့ သာဓကတစ်ခုလဲ ရှိတယ်၊ ဘုရားရှင်ရဲ့ ကျောင်းဒကာလဲဖြစ် သောတာပန် ဥပါသကာကြီးလဲဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးမှာ၊ ရင်သွေးသား ဖြစ်တဲ့ အဇာတသတ်ရယ်၊ ရင်နှစ်မြေးသားဖြစ်တဲ့ ဇီဝက ရယ်ဆိုပြီး ထင်ရှားတဲ့သားနှစ်ယောက်ရှိတယ်။

အဇာတသတ်ဆိုတာကတော့ အားလုံးကြားဖူး

ကြတဲ့ အတိုင်းပဲ၊ အမိဝမ်းမှာ ပဋိသန္ဓေတည်နေခါစ လူပုံစံတောင် အပြည့်အစုံ မဖြစ်သေးမီကတည်းက အဖကို သတ်မည့်ရန်သူ(အဇာတသတ္တု)ရယ်လို့ ဗေဒင်ဆရာများက နှုတ်ဆော့လိုက်တာကိုယုံပြီး မိခင်ရင်းကအစ မေတ္တာရင်နှစ် မပေးလိုဘဲ ဘုရင်အမိန့်ကြောင့်သာ မလွှဲသာမရှောင်သာ လွယ်ထားခဲ့တဲ့ကလေး၊ ဖွားမြင်လာပြန်တော့လည်း ခမည်းတော်ကြီးကလွဲလို့ အမြင်တိမ်ကြသူ အားလုံးကပဲ "အဖကို သတ်မယ့်ရန်သူအဖြစ်နဲ့ ဆက်ဆံကြလို့ တစ်ခါတရံ ဖခမည်းတော်နဲ့ တွေ့ချိန်ကလေးကလွဲရင် မေတ္တာရင်နှစ် ငေတ်မွတ်ချို့တဲ့စွာနဲ့ လူလားမြောက်ခဲ့ရတဲ့ကလေးပါ။

လူလားမြောက်တဲ့ အရွယ်ရောက်လာတဲ့အခါမှာတော့ အဇာတသတ်ဟာ ပတ်ဝန်းကျင်ကို အကဲခတ်တတ်လာပြီး ရန်သူလို သဘောထားပြီး ကြည့်တတ်သူများကို ရန်လိုတဲ့စိတ်လည်းထားတတ်လာတယ်၊ မိမိရဲ့ရှေ့ရေးကို တွေးကြည့်တဲ့အခါ မဂဓတိုင်းရဲ့ ထီးနန်းလျှာဆိုတာကိုလည်း သဘောပေါက်ထားပြီးပြီ။

ခက်တာက ခမည်းတော်ကလွဲလို့ အားလုံးဟာ သူ့အပေါ် ရန်သူလို ဆက်ဆံနေတဲ့ကိစ္စပဲ၊ ဒီကိစ္စကို တွေးလိုက်မိတိုင်း အဇာတသတ် ရင်ထဲမှာ စိုးရိမ်ကြောက်ရွံ့စိတ် အမြဲဖြစ်လာတယ်၊ ဒီကြောက်စိတ်ကို ကျော်လွှန်နိုင်မယ့် နည်းလမ်းဆိုလို့ မဂဓတိုင်းရဲ့ အာဏာကို စောစောစီးစီး

ရယူပြီး နှိပ်ကွပ်သင့်သူများကို နှိပ်ကွပ်ဖယ်ရှားပစ်ဖို့ကလွဲလို့ တခြားနည်းရှာလို့ မရဖြစ်နေတယ်၊ ဒီအချိန်မှာပဲ ဘုရားရှင် သာသနာတော်ကို မင်းကျင့်မင်းကြံနဲ့ အရိုက်အရာခံလိုတဲ့ ရှင်ဒေဝဒတ်က မြှောက်ထိုးပင့်ကော် လုပ်ပေးလိုက်တဲ့အခါ မှာတော့ အကြောက်မီးလောင်နေတဲ့ အဇာတသတ်ဟာ လေပင့်ခံရတဲ့ မြက်ခြောက်မီးပမာ "ဟုန်း"ကနဲ ထတောက်ပြီး ရာဇဂြိုဟ်ရဲ့ ထီးနန်းကို လှမ်းဟပ်တော့တာပဲ၊ သိပ်ပြီးရန်းရင်း ဆန်ခတ်မဖြစ်လိုက်တာကတော့ သောတာပန် အရိယာကြီး ဖြစ်တဲ့ ခမည်းတော် ဗိမ္ဗိသာရရဲ့ တရားအအေးဓာတ်ကြောင့် ပါ၊ နေ့ခင်းကြောင်တောင်ကြီးမှာ မကြံကြီးမစည်ရာ ခမည်းတော်အဆောင်ကို ဓားမြှောင်ဝှက်ပြီး ဝင်လာတာဟာ ထီးနန်းစည်းစိမ်လိုချင်လို့ဆိုတာလဲ သိရရော အလွယ်တကူ ပေးအပ်လိုက်တဲ့အတွက် အဇာတသတ်ဟာ သူရည်မှန်း သလို ထီးမွေကို သွေးရည်နဲ့ လောင်းစရာမလိုဘဲ ခမည်း တော်ရဲ့ မေတ္တာရည်နဲ့ပဲ ဖြန်းပြီး နန်းသိမ်းပွဲ ကျင်းပလိုက်နိုင် ပါတယ်။

ဒါပေမယ့် အလိုဆိုးနှိပ်စက်ထားတဲ့ ရှင်ဒေဝဒတ်ရဲ့ စီမံကိန်းက အဇာတသတ်မင်းသား ရှင်ဘုရင်ဖြစ်ရုံနဲ့ မပြီးသေးဘူး၊ ဘုရင်ရဲ့အာဏာပါဝါအသုံးချပြီး ဘုရားရှင်ကို လုပ်ကြံဖို့အထိ စီစဉ်ထားတာဆိုတော့ ဒီကိစ္စမှာ ဘုရား ကျောင်းဒကာကြီးဖြစ်တဲ့ ဗိမ္ဗိသာရကရှိနေလို့ မဖြစ်ဘူး၊

သူရှိနေရင် အဇာတသတ်မင်းအပေါ်မှာ ခမည်းတော်ရဲ့ ဩဇာအာဏာ သက်ရောက်နေမှာဖြစ်တဲ့အတွက် ဘုရားရှင်ကို လုပ်ကြံရေးမှာ အနှောက်အယှက်ဖြစ်မယ်လို့ သူက ကြိုမြင်ထားတာ၊ ဒါကြောင့် ဗိမ္ဗိသာရမင်းကြီးကို လူ့ပြည်မှာ မထားတော့ဖို့အထိ ဖိအားပေးလိုက်တဲ့အတွက် အဇာတသတ်မင်းခမျာ အလိုရမ္မက်နဲ့ အကြောက်တရားတို့ရဲ့ ကြီးမားတဲ့ လွှမ်းမိုးတဲ့ဒဏ်ကို မခံနိုင်တော့ဘဲ နောက်ဆုံးတော့ ဖခင်ရင်းဖြစ်တဲ့ နန်းကျဘုရင်ကြီးကို အသက်ပါဆုံးရှုံးတဲ့အထိ ကျူးလွန်မိသွားတယ်။

လူငယ်များကို ယဉ်ကျေးလိမ္မာသင်တန်း ဟောပြောခဲ့စဉ်က 'ဗိမ္ဗိသာရမင်းကိုသတ်တဲ့ တရားခံအစစ်ဟာ ဘယ်သူလဲ' ဆိုတာကို စဉ်းစားခိုင်းကြည့်တယ်၊ ဘာသာရေးနဲ့ ပတ်သက်လာရင် သူများပါးစပ်နဲ့သာ လမ်းဆုံးနေတတ်ကြတဲ့ မိရိုးဖလာဗုဒ္ဓဘာသာတို့ ထုံးစံအတိုင်း 'အဇာတသတ်မင်းက သတ်တာပါ'လို့ ချည်းဖြေကြပါတယ်။

မိမိက 'မဟုတ်သေးဘူးလေကွယ်၊ တကယ်လို့သာ အဇာတသတ်လို့ သတ်မှတ်ခံရတဲ့ကလေးကို အမိဝမ်းမှာကတည်းက မိခင်ရဲ့ ရင်နှစ်ဖြစ်တဲ့ မေတ္တာဓာတ်တွေနဲ့သာ လွှတ်ထုံထားခဲ့ရင်၊ ဖွားမြင်လာတဲ့အခါမှာလည်းပတ်ဝန်းကျင်ကသာ ရန်လိုတဲ့ ဒေါသမျက်လုံးများနဲ့ မကြည့်ခဲ့ဘဲ လူသားတို့ရဲ့ ရင်နှစ်ဖြစ်တဲ့ မေတ္တာကရုဏာ အပြည့်ပါတဲ့ မျက်နှာ

ထားများနဲ့ ဆက်ဆံခဲ့မယ်ဆိုရင်၊

အမှန်က ဒီလိုအခြေအနေမျိုးဖြစ်ဖို့အတွက် ဗိမ္ဗိသာရမင်းကြီးမှာ လုပ်မယ်ဆိုရင် လုပ်နိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်၊ ဗေဒင်ဆရာတွေ နှုတ်ဆော့လို့ မိခင်ရင်းကိုယ်တိုင်က လူ့ပြည်တောင်မရောက်လာသေးတဲ့ ကလေးငယ် အပေါ်မှာ သံသယအားကြီးပြီး အကြောက်လွန်နေကတည်းကသာ ဘုရားရှင်ထံလျှောက်ထားခဲ့မယ်ဆိုရင် ဒီမင်းသားလေးဟာ သောတာပန်ဖြစ်မယ့် အရိယာမျိုးစေ့ကောင်းလေးဆိုတာ အမှန်အတိုင်းသိရပြီး မိခင်အပါအဝင် ပတ်ဝန်းကျင်တစ်ခုလုံးက အမြင်တွေပြောင်းလဲ သွားနိုင်စရာရှိပါတယ်၊ ခုတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ ဒီချွတ်ယွင်းချက်ကြောင့် ဒီကလေးဟာ သံသယရဲ့သားကောင်အဖြစ်နဲ့ တစ်ဘက်မှာ အကြောက်ကြီးလာသလို၊ တစ်ဘက်ကလည်း ဒီအကြောက်ကို လွန်မြောက်ဖို့အတွက် ထိန်းနန်းစည်းစိမ်းရပိုင်ခွင့်ဆိုတဲ့ အလိုရမ္မက်က ဖိစီးထားတယ်၊ ဒီအခြေအနေမှာ ရှင်ဒေဝဒတ်ရဲ့ ဩဇာဟာ အဇာတသတ်ပေါ် လုံးလုံးလျားလျားသက်ရောက်သွားရာက အဇာတသတ်မင်းဟာ တကယ့် အဖသတ်မင်းအဖြစ်ရောက်သွား ရတာမို့လား'လို့ စဉ်းစားပြတော့မှ ကလေးများတရားခံအစစ်ကို ရေးရေးသဘောပေါက်လာကြပုံရပါတယ်၊ 'ဗေဒင်ဆရာက သတ်တာ'တို့ 'ပတ်ဝန်းကျင်က သတ်တာတို့'ဆိုတဲ့ အသံတွေ

ထွက်လာကြတယ်၊ အဲဒီထဲမှာ ထူးထူးခြားခြား လူငယ် တစ်ယောက်ကတော့ အမှန်ကို ကောက်ချက်ချနိုင် သွားတယ် 'အကြောက်တရားနဲ့ အလိုရမ္မက်က သတ်တာ'တဲ့၊ ဟုတ်ပါ တယ် အဇာတသတ်အပေါ်မှာ လွှမ်းမိုးထားတဲ့ ဒီတရားဆိုး နှစ်ခုဟာ အဓိက တရားခံများလို့ ဆိုရမှာပါ။

ဗိမ္ဗိသာရမင်းကြီးမှာ ဆေးဆရာဇီဝကလို့ လူသိ များတဲ့ နောက်ထပ်ထင်ရှားတဲ့ မြေးသားတစ်ဦးလည်းရှိတယ်၊ ပြည်တန်ဆာဖြစ်တဲ့ မိခင်ရင်းက မွေးဖွားပြီး မြို့တံခါးအထွက် နားမှာ စွန့်ပစ်ထားခဲ့တဲ့ ဒီကလေးကို ဗိမ္ဗိသာရမင်းကြီးရဲ့ သားတစ်ဦးဖြစ်တဲ့ အဘယမင်းသားကတွေ့တော့ အသက် ရှင်နေသေးတယ်ဆိုတာသိလို့ 'ဇီဝက .. မောင်သက်ရှင်'လို့ အမည်ပေးပြီး မွေးစားထားတာ၊ ဘာပဲဖြစ်ဖြစ် ဒီကလေးဟာ မိခင်ရင်းကလဲ ပြည်တန်ဆာတစ်ဦးဖြစ်ပေမယ့် အဇာတသတ် အပေါ် ဝေဒေဟီမိဖုရားကြီးပြုမူသလို သန္ဓေတည်စက တည်းက တစ်မျိုးတစ်မည်လုပ်မပစ်ဘဲ လစေ့အောင်လွယ်ပြီး မွေးဖွားပေးတာဖြစ်လို့ ဝမ်းတွင်းမှာ မေတ္တာရင်နှစ်မခမ်း ခြောက်ခဲ့ဘူးလို့ ဆိုရမှာပါ၊ အပြင်ရောက်တော့လဲ အဘယ မင်းသားက မေတ္တာစိတ်နဲ့ မွေးစားစောင့်ရှောက်ခဲ့တာဖြစ်လို့ ရင်နှစ်သားလို့ပဲ ဆိုရပါလိမ့်မယ်။ မနှစ်ဆီက ဗုဒ္ဓဂါယာ ဘုရားဖူးသွားတော့ ရာဇဂြိုဟ် မြို့ရောက်တဲ့အခါ ဒီသား နှစ်ယောက် (အဇာတသတ်နဲ့ ဇီဝက) တို့ရဲ့ လူသိနည်း

သေးတဲ့ ဓာတ်လမ်းတစ်ပိုင်းကိုလဲ ကြားသိခဲ့ရတယ်။

'တောင်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်'ဆိုတဲ့ မြို့ဟောင်းအနီးမှာ ရာဇဂြိုဟ်မြို့သစ်ဆိုတဲ့ နေရာကို ရောက်တော့ ဘုရားဖူး လိုက်ပို့တဲ့ ဆရာတော်က 'ဒီရာဇဂြိုဟ်မြို့သစ်က အဇာတသတ်မင်းကြီးတည်ခဲ့တဲ့ မြို့လဲဖြစ်တယ်'လို့ ပြောပြပါတယ်၊ ဒီအကြောင်းအရာက အိန္ဒိယမှာ ပညာလာသင်ရင်းနေခဲ့တဲ့ ဂျပန်ဘုန်းတော်ကြီးတစ်ပါးက အိန္ဒိယ ရာဇဝင်သမိုင်းများကို အခြေခံပြီးရေးတဲ့ (RAJAGRI)ဆိုတဲ့ စာအုပ်ထဲမှာ အသေးစိပ်ပါတယ်လို့ အစချီပြီး အဲဒီဆရာတော် ပြောပြတာကတော့ ...

အရွယ်ရောက်တဲ့အခါ ဆေးပညာမှာ ပါရဂူမြောက်တဲ့ ဆရာဇီဝကဟာ ဘုရားရှင်ရဲ့ ကျန်းမာရေးကိစ္စအဝဝကို စောင့်ရှောက် ကုသပေးနေတဲ့ သောတာပန်အရိယာကျောင်းဒကာတစ်ဦးဖြစ်သလို ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတွင်းသမားတော်ကြီးလည်းဖြစ်ပါတယ်။ အဇာတသတ်မင်းသားက ခမည်းတော်ကြီးကို ဖယ်ရှားပြီး ထီးနန်းစည်းစိမ်းကိုသိမ်းပိုက်တဲ့ အခါကျတော့လည်းနန်းတွင်းသမားတော်တာဝန်ကို ဆက်လက်ထမ်းဆောင်နေရပါတယ်၊ ရှင်ဘုရင်က တာဝန်ပေးလို့သာ အမှုတော်ထမ်းနေရပေမယ့် ဆရာဇီဝကရဲ့ စိတ်ထဲမှာ "အဇာတသတ်ဟာ အလွန်ကျေးဇူးကန်းတယ်၊ ခမည်းတော်အရင်းကိုဖယ်ရှားပြီး အချိန်မကျသေးဘဲနဲ့

ထီးနန်းအာဏာကို မတရားသိမ်းပိုက်ထားတဲ့ မင်းဖြစ်တယ်" ဆိုတဲ့ စိတ်ထားနဲ့ အဇာတသတ်မင်းအပေါ်မှာ အမြင် မကြည်လင်ဘူး၊ စကားတောင်မှ "မေးပြော ခေါ်ထူး" သဘော မျိုးပဲနေခဲ့တာတဲ့၊ (သာမညဖလသုတ် အဋ္ဌကထာမှာလဲ ဆရာဇီဝကဟာ သူ့ကိုအမည်တပ်ပြီး မမေးသေးသမျှ အဇာတသတ်မင်းကြီးကညီလာခံမှာမေးနေတာတွေကိုဘာမျှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေ နေတယ်လို့ဆိုပါတယ်။)

တစ်နေ့တော့ အဇာတသတ်မင်းကြီးက ရာဇဂြိုဟ် မြို့ထဲမှာ မီးလောင်မှု ခဏခဏဖြစ်လွန်းလို့ "မီးလောင်မှု ဖြစ်ပွားသူ ဘယ်သူမဆို မြို့ပြင်ထွက်နေရမယ်" လို့ အမိန့် ထုတ်ပြန်လိုက်ပါသတဲ့၊ မကြာခင်မှာပဲ အဇာတသတ်မင်းရဲ့ နန်းတော်ဝင်းထဲမှာ မီးလောင်မှုဖြစ်တဲ့အခါ အဇာတသတ် မင်းကြီးက "ငါထုတ်ပြန်ထားတဲ့အမိန့်အရ ငါ့နန်းတော်ကို မြို့ပြင်ထုတ်စေ"လို့ဆုံးဖြတ်ပြီး မြို့သစ်ကိုတည်စေခဲ့တယ်တဲ့၊ အဇာတသတ်မင်းရဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ ကြားလိုက်ရော ဆရာဇီဝကစိတ်ထဲမှာ "ဒီမင်းသားဟာ ဖခင်အရှင်းခေါက် ခေါက်ကြီးကိုသတ်မိတဲ့အထိ မိုက်လုံးကြီးခဲ့ပေမယ့် သူ့အမိန့် သူတော့ လေးစားနာခံဖော်ရပေသားပဲ၊ ဒီလိုဆိုရင်တော့လည်း မဆိုးလှပါဘူး၊ ပြုပြင်လို့ရနိုင်တဲ့ စိတ်ဓာတ်ကောင်းတော့ ရှိပေသားပဲ"လို့ တွေးပြီး အဇာတသတ်မင်းအပေါ် အမြင် ပြန်ကြည်သွားပါသတဲ့၊ ဒါကြောင့် သာမညဖလသုတ်ကို


နာယူခွင့်ရမည့်ညမှာ အဇာတသတ်မင်းကို ဘုရားရှင်ထံ ရောက်အောင် ဆရာဇီဝကကိုယ်တိုင် စီစဉ်ပေးတာဖြစ်မှာပါ၊ ဘုရားရှင်နဲ့တွေ့ပြီးလို့ သာသနာတော်ရဲ့ ကျေးဇူးကိုသိခွင့် ရပြီးချိန်မှာတော့ အဇာတသတ်ဟာ အပြစ်တွေ ပြေရာ ပြေကြောင်းအတွက် အများကြီးကျိုးစားခဲ့ပါတယ်၊ ပထမ ဦးဆုံး သံဂါယနာတင်ပွဲကြီးအောင်မြင် ပြီးမြောက်ခဲ့တာဟာ အဇာတသတ်မင်းကြီးက ဥပသကာအဖြစ်တာဝန်ယူခဲ့လို့ ပါပဲ၊ ဒါပေမယ့် သူကျူးလွန်ခဲ့တာက “အဖသတ်ကံ” ဆိုတဲ့ အပြစ်ကြီးဖြစ်လို့ ရင်နှစ်သည်းချာ”လို ပြန်လည် သတ်မှတ် နိုင်လောက်အောင်အထိတော့ ပြေပျောက်မသွားခဲ့ပါဘူး။

ဒီဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး ကာလမိဘများ အနေနဲ့လည်း မိမိတို့၏ရင်သွေးများအပေါ် ရင်နှစ်မေတ္တာ တွေ အပြည့်အဝ ပေးကြမယ်၊ ရင်သွေးများကလည်း မိဘတို့ အပေါ်မှာ ‘ရင်နင့် အသည်းနာ’ ဖြစ်အောင်မပြုမူကြဘဲ ရင်နှစ်မေတ္တာများနဲ့သာ တုံ့ပြန် ဆက်ဆံကြမယ်ဆိုရင်တော့ အိမ်တိုင်းအိမ်တိုင်းဟာ တကယ့်ကျက်သရေတွေနဲ့ ပြည့်နေ တဲ့ ‘သီရိဂေဟာ’ စစ်စစ်များဖြစ်ကြမှာ မလွဲပါဘူး။

**ရင်နှစ်သည်းချာ သားသမီးရတနာများ ဖြစ်နိုင်ကြပါစေ။**

**အလင်းတန်းရျာနယ်**

**၁၅ . ၁၀ . ၂၀၀၈**



# မခံနိုင်စိတ်နဲ့
# မခံချင်စိတ်

# မခံနိုင်စိတ် နဲ့ မခံချင်စိတ်

စင်ကာပူကိုသွားပြီး ပညာသင်နေတဲ့ တပည့်တစ်ယောက်က အင်တာနက်ကနေ လျှောက်ထားချင်လို့ပါ ဆိုတာနဲ့ သွားပြီး နားထောင်လိုက်ပါတယ်။

သူ့မှာ အကုသိုလ်တွေများနေလို့တဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ စာမေးပွဲဖြေခါနီးရက်တွေမှာ သက်သတ်လွတ်လည်း စားတယ်၊ ပုတီးလည်း စိပ်တယ်၊ ဒါနဲ့တောင် စာမေးပွဲ ဖြေတဲ့အခါ သူနဲ့အတူ ဖြေသူတွေက ဂုဏ်ထူးတွေနဲ့အောင်ကြပြီး သူ့မှာတော့ တစ်ဘာသာတောင် ထပ်ပြီး ဖြေရဦးမှာတဲ့။

ဒါကြောင့် ဂေဇက်ကြည့်ပြီးတဲ့အခါ သက်သတ်လွတ်တွေ၊ ပုတီးတွေကလည်း ဘာမှမစွမ်းဘူးဆိုပြီး ပြစ်မှားမိတယ်၊ သူများတွေ ဂုဏ်ထူးရလျှက်နဲ့ ကိုယ်ကတစ်ဘာသာကျတာကိုလည်း အရမ်းဝမ်းနည်းပြီး မခံချင်စိတ်တွေလည်း ဖြစ်တယ်တဲ့။

အဲဒါကြောင့် သူ့မှာ အကုသိုလ်တွေ များနေပြီး ဆောက်တည်ရာ မရသလိုဖြစ်နေတယ် ဆိုတဲ့အကြောင်း ငိုချင်းရှည်ကြီးနဲ့ ရောပြီးလျှောက်ထားနေပါတော့တယ်။

မိမိက 'ဒီမှာ – အခုမင်းငိုတာတွေကို ခဏရပ်ထားလိုက်ဦး၊ ဒီကပြောမှာကို သေသေချာချာနားထောင်ဦး၊ ပြီးတော့ မေးတာကိုလဲ ဖြေးဖြေး စဉ်းစားပြီးမှ ဖြေနော်၊ မင်းပြောသွားတဲ့အထဲမှာ စာမေးပွဲနီးကတည်းက သက်သတ်လွတ်လည်း စားတယ်၊ ပုတီးလည်း စိပ်တယ်လို့ပဲ ပြောတယ်၊ စာကို အေးအေးဆေးဆေးကြည့်တယ်လို့ မပါဘူးနော်။

အေး .. စာမေးပွဲက သက်သတ်လွတ်နဲ့ ပုတီးအကြောင်းမေးတဲ့ စာမေးပွဲ ဟုတ်ပုံမရဘူးကွ၊ သူပြဋ္ဌာန်းထားတဲ့ ဘာသာရပ်တွေကိုပဲ မေးတဲ့ စာမေးပွဲမျိုးဖြစ်မယ်၊ ဟုတ်တယ်မို့လား၊ မင်းက ပြဋ္ဌာန်းတဲ့ ဘာသာရပ်ကိုတော့ မကြိုးစားဘဲ မပြဋ္ဌာန်းတာ သွားကြိုးစားနေရင်တော့ ဘယ်ဖြေနိုင်မလဲ၊ ဒါဟာ ဘယ်သူ့အပြစ်လဲ ဆိုတာကို မင်း စဉ်းစားကြည့်ရင် သိမှာပါ။

မဖြေနိုင်တဲ့အခါကျတော့ သက်သတ်လွတ်နဲ့ ပုတီးကိုလည်း ပြစ်မှားတယ်၊ ဟုတ်လား ... ၊

ငါ .. ပြောမယ်နော် စဉ်းစားပြီးနားထောင်ဦး၊ သက်သတ်လွတ်တို့ ပုတီးတို့ .. အေး .. မင်းတို့ပြောသလို ပုတီးပဲထားလိုက်ပါတော့ကွာ၊ အမှန်ကတော့ ဘုရားဂုဏ်ကို

အာရုံပြုတာပါ၊ အဲဒီမှာမင်းတို့ ခံယူပုံက အခြေခံကစပြီး လွဲနေကြတာ၊ သက်သတ်လွတ် ဆိုတာ သတ္တဝါတွေအပေါ် ကြင်နာသနားတဲ့ စိတ်နဲ့ 'စားသူနည်းရင် သေတာနည်းပါစေ' ဆိုပြီး သူတို့အကျိုးကို ရှေးရှုရှောင်ကြဉ်တာ ဆိုရင်တော့ ဘာမှအထူး ပြောစရာမရှိပါဘူး။ ကိုယ်ကျိုးဖြစ်၊ စီးပွားဖြစ် ရှောင်တယ်ဆိုရင်တော့ မင်းစေတနာကိုက မှန်မှမမှန်ဘဲဟာ၊ ဘာအကျိုး ထူးမှာလဲကွာ။

ပြီးတော့ ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီး ပုတီးစိတ်တယ်တဲ့နော်၊ အေး .. မင်းတို့ ဘုရားကို တကယ် ကြည်ညိုတယ်ဆိုရင် လေးလေးနက်နက် သိထားရမှာက မြတ်စွာဘုရားဆိုတာ လေးစားကြည်ညိုဖို့၊ ဒုက္ခလွတ်မြောက် ရေးအတွက် အားကိုးဖို့သာဖြစ်တယ်၊ မန်းမှုတ် ကယ်တင် ခိုင်းဖို့မဟုတ်ဘူး၊ အဲဒါမြဲမြဲ မှတ်ထားရမယ်။

ကြည်ညိုတယ်ဆိုတာကတော့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့ပြီး ရိုသေလေးစားမှု ပြုတာပဲ၊ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေနဲ့ ပတ်သက်ပြီး ကိုယ်ဉာဏ်မီ သလောက် နှလုံးသွင်းအာရုံပြု ကြည်ညိုရတာပေါ့။

ဒုက္ခလွတ်မြောက်ရေးအတွက် အားကိုးဖို့ဆိုတာ ကိုယ်ကြုံတွေ့ရတဲ့ ဒုက္ခတွေက လွတ်မြောက်ရာ လွတ် မြောက်ကြောင်း ဘုရားရှင်ပေးတဲ့ နည်းလမ်းတွေကို သင်ယူ လေ့လာပြီး လိုက်နာကျင့်သုံးဖို့ ပြောတာနော်၊ ဒုက္ခတွေက

လွတ်မြောက်အောင် ကယ်တင်ခိုင်းဖို့ မဟုတ်ဘူး။

တို့ရဲ့ ဂေါတမမြတ်စွာဘုရား ဆိုတာ ကယ်တင်ရှင်ဘုရားမဟုတ်ဘူး၊ လမ်းညွှန် နည်းပြဘုရားသာဖြစ်တယ်၊ ဘုရားဂုဏ်တော်တွေထဲမှာ 'သတ္ထာဒေဝ မနုဿာနံ = နတ်လူတို့ရဲ့ လမ်းညွှန်နည်းပြ ဩဝါဒပေးဆရာ ဖြစ်တော်မူပါပေ၏' ဆိုတာ ပါသားပဲ။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကလဲ ဓမ္မပဒ (၂၇၆)မှာ ...

'သင်တို့က ကိုယ့်တာဝန်ကို ကျေပွန်အောင် ကြိုးစားအားထုတ်ရမယ်၊ မြတ်စွာဘုရားတို့ဆိုတာ လမ်းညွှန်ပုဂ္ဂိုလ်များသာ ဖြစ်တယ်၊ လိုက်နာကျင့်သုံးသူသာ ဒုက္ခကလွတ်မြောက်မယ် 'လို့ ဟောထားပါတယ်။

မင်းဖြစ်ပုံကို ဆရာတစ်ယောက်အနေနဲ့ အကြိုက်ကိုမငဲ့ဘဲ အကျိုးကိုငဲ့ပြီး ပြောရမယ်ဆိုရင်တော့ ဘုရားရှင်ကို ရိုသေလေးစားပြီး အားကိုးတဲ့သဘောမျိုး မဟုတ်ဘူး၊ ကိုယ်က အပင်ပန်း မခံချင်တဲ့အတွက် ဘုရားရှင်ကို ကိုယ်လိုချင်တာတွေရအောင် အလုပ်ခိုင်းတဲ့ သဘောမျိုး ဖြစ်နေတယ်။

ဒါကလဲ တို့ဗုဒ္ဓဘာသာဝင်တွေ အတော်များများ

မှားလေ့ရှိတဲ့ အမှားကြီးပါပဲ၊ အန္တရာယ်ကင်းအောင်၊ ရာထူးဂုဏ်သိန် တိုးတက်အောင်၊ စီးပွားဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဓိဋ္ဌာန်ဝင်တယ်၊ ပွဲထိုးတယ်၊ ပုတီးစိပ် တယ်ဆိုတာ သေချာစဉ်းစားကြည့်လေ၊ ကိုယ်လိုချင်တာ တွေကို ကိုယ်စွမ်းကိုယ်စနဲ့ မကြိုးစားချင်ဘဲ ဖြတ်လမ်းက အချောင်ရချင်လို့ ဘုရားရှင်ကို မရိုမသေ အလုပ်ခိုင်းနေတဲ့ သဘောပဲ မဟုတ်ဘူးလား။

ခိုင်းတာမှ ရိုးရိုးခိုင်းတာတောင် မဟုတ်ဘူး၊ ဖြတ်လမ်းကနေ ပေါ ချောင် ကောင်းနဲ့ရအောင် အမြန်ကို ရှာခိုင်းနေတာပဲ၊ ငါပြောတာ ကြမ်းလွန်းတယ် ထင်ရင် မင်းလုပ်ခဲ့တဲ့ သက်သတ်လွတ်စားတာနဲ့ ပုတီးစိပ်တယ် ဆိုတဲ့ အခါမှာ မင်းထားတဲ့ ရည်ရွယ်ချက်နဲ့ စေတနာကို ပြန်ပြီးသုံးသပ်ကြည့်ပေါ့နော်။

အေး .. မင်းက ' ဘုရားဂုဏ်တော် အာရုံပြုတာ ရိုးရိုးသားသားကြည်ညိုလို့ပါ 'ဆိုရင်လဲ စာမေးပွဲကျတဲ့အခါ ဘာဖြစ်လို့ ပြစ်မှားစရာလိုမလဲပေါ့။

မင်း နောက်ဆို မြဲမြဲ မှတ်ထားနော် ၊ ရတနာ သုံးပါးနဲ့ ပတ်သက်ရင် ယုံကြည်ချက် ခံယူချက်နဲ့သာလုပ်ပါ၊ မျှော်လင့်ချက်နဲ့ လုံးဝမလုပ်မိစေနဲ့၊ မျှော်လင့်ချက်နဲ့ လုပ်မိရင် မျှော်လင့်တဲ့အတိုင်းဖြစ်မလာတဲ့အခါ ပြစ်မှားမိတတ်တယ်၊ မင်းမှာ အခုကြုံရတာဟာ အဲဒီ ပြဿနာပဲ။

သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ တရားထိုင်လုပ်ကြလို့ အူကြောင်ကြောင်ဖြစ်သွားကြသူတွေ ဆိုတာ အဲဒီလို မျှော်လင့်ချက်နဲ့ လုပ်သူတွေပေါ့။

ယုံကြည်ချက်၊ ခံယူချက်နဲ့သာ လုပ်မယ်ဆိုရင် တို့ဘုရားအလောင်းဟာ ဒီပင်္ကရာမြတ်စွာဘုရားရဲ့ စကားတော်ကို အခိုင်အမာ ယုံကြည်ခံယူပြီးကတည်းက ဘုရားဖြစ်ဖို့ကြိုးစားခဲ့တာ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကြာလို့ နောက်ဆုံးဘုရားဖြစ်မယ့် ဘဝမှာ အရိုးပေါ်အရေသာကျန်တဲ့အထိ ခြောက်နှစ်ကြီးများတောင် အပြင်းအထန် ကြိုးစားအားထုတ်ခဲ့ပေမယ့် ရှုံးဖို့နေနေသာသာ ကြောက်ရွံ့တဲ့စိတ် နောက်တွန့်တဲ့ စိတ်ကလေးတောင် တစ်ချက်မှ မဖြစ်ခဲ့ပါဘူးတဲ့၊ အဲဒါ စဉ်းစားကြည့်ပေါ့ကွာ။

ပြီးတော့ ခုနမင်းပြောတဲ့ စကားထဲမှာ 'မခံချင်စိတ်တွေဖြစ်လို့ တနေ့လုံးဘယ်သူ့နဲ့မှ အတွေ့မခံဘဲ အိပ်ရာထဲမှာ ငိုနေရတယ်'လို့ ပြောတယ်နော်၊ အဲဒါလည်း သေသေချာချာ စဉ်းစားဖို့လိုတဲ့ ကိစ္စပဲကွ၊ လူတော်တော်များများဟာ **'ရှက်နေတာနဲ့ ရှက်တတ်တာ၊ နာနေတာနဲ့ နာတတ်တာ၊ မခံနိုင်စိတ်နဲ့ မခံချင်စိတ်'** ဆိုတာတွေကို ကွဲကွဲပြားပြား သဘောမပေါက်ကြဘူးနဲ့တူတယ်၊ မင်းလည်း အခုဖြစ်တာ ဘာစိတ်လဲ ဆိုတာ ကိုယ့်ဟာကိုယ် သဘောပေါက်ပုံမရဘူး၊ မှတ်ထား .. အခုမင်းမှာ ဖြစ်နေတဲ့စိတ်

တွေဟာ မခံချင်စိတ်တွေမဟုတ်ဘူး မခံနိုင်စိတ်တွေ ဖြစ်နေတာ .. ကြားလား၊ အေး .. ဒါဆိုရင် မခံနိုင်စိတ်နဲ့ မခံချင်စိတ်ကို မင်း ကွဲကွဲပြားပြား သဘောပေါက်သွားအောင် အခု ငါဖတ်လက်စဖြစ်တဲ့ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့ရဲ့ အဓိပတိနာယကဆရာတော် 'ဘဒ္ဒန္တ ရာဇဓမ္မာ ဘိဝံသ' ရဲ့ စိန်ရတု အထိမ်းအမှတ် ဩဝါဒတရားတော်များ ထဲက လူငယ်နှစ်ယောက်အကြောင်းကို ပြောပြမယ်၊ သေသေချာချာ နားထောင်နော်။

လူငယ်နှစ်ယောက်မှာ တစ်ယောက်က မောင် ဓွေးလွင်တဲ့၊ သူက လူဝတ်နဲ့(ဦးသူတော် ဘဝတုန်းက) ပထမငယ်တန်း ဝင်ဖြေတာ စာမေးပွဲကျလို့ တစ်ရက်နှစ်ရက် ဆက်ပြီးငိုနေခဲ့တယ်တဲ့။

နောက်တစ်ယောက်က မောင်ခင်တဲ့၊ သူကတော့ သာသနာဘောင်ဝင်ပြီးလို့ ရဟန်းဖြစ်စရောက်တဲ့အခါ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းတွေ ပထမကျော် အထိ အောင်ပြီးပြီ၊ သူလည်း မြန်မာပြည်ပရိယတ္တိစာမေးပွဲ လောကမှာ အခက်ဆုံးလို့ နာမည်ကြီးတဲ့ မန္တလေးမြို့က သကျသီဟစာမေးပွဲမှာ စာသင်တန်းဝင်ဖြေတော့ ပထမဆုံး နှစ်မှာ ကျတယ်။ ကျတော့ သူက သကျသီဟ အသင်း လူကြီးတွေဆီသွားတဲ့ပြီး 'ဦးဇင်း .. ဒကာကြီးတို့အသင်းက ကျင်းပတဲ့ စာသင်တန်းဝင်ဖြေတာ ကျတယ်၊ ဒီနှစ်ကျချင်

ကျပါစေ၊ နောက်နှစ်မှာတော့ ဒကာကြီးတို့ရဲ့ စာမေးပွဲ စာသင်တန်းမှာ ဦးဇင်း ပထမ ရလိမ့်မယ်'ဆိုပြီး ကြုံးဝါး ပြောဆိုခဲ့သတဲ့။

အဲဒီလို ကြုံးဝါးခဲ့တဲ့ ဦးဇင်းငယ်ဟာ နောက်နှစ်မှာတော့ သူကြုံးဝါးတဲ့အတိုင်း တကယ်ပဲ စာသင်တန်းမှာ ပထမစွဲပြီး အောင်တယ်။ အဲဒီနောက်တစ်နှစ်မှာ စာချတန်း ဆိုတာကို ဖြေတော့လည်း သကျသီဟစာမေးပွဲတလျှောက်မှာ တစ်ခါမျှ မကြုံဖူးသေးတဲ့ 'စာသင်တန်း, စာချတန်း ဆက်တိုက်နှစ်ချင်းပေါက် သုံးကျမ်းပြီး' အဖြစ်နဲ့အောင်တယ်၊ ဒီဦးဇင်းရဲ့ ထူးခြားတဲ့ အောင်မြင်မှုကြောင့် အသင်းလူကြီး တွေနဲ့ နာယက ဆရာတော်ကြီးတွေက တိုင်ပင်ပြီး ရိုးရိုး စာချဘွဲ့မျိုးပေးလို့တော့ မတော်ဘူး၊ ဂုဏ်ထူးနဲ့ ထိုက်တန်တဲ့ ဘွဲ့ထူးတစ်ခု သတ်မှတ်ပြီး ပေးသင့်တယ်ဆိုပြီး 'ဝဋံ့သကာ' ဆိုတဲ့ ဘွဲ့ကို သတ်မှတ်ပေးရတယ်တဲ့။ မြန်မာလိုတော့ 'ဦးဆောက်ပန်း'လို့ ခေါ်တာပေါ့၊ 'အထွတ်အမြတ်'ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

အဲဒီ ဦးဇင်းငယ်ဆိုတာ နောက်တော့ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ လို့ ထင်ရှားတဲ့ ကမ္ဘာ့ဂင်းနစ် စံချိန်ဝင် ဆရာတော်ကြီးဖြစ်လာတာပေါ့။

စောစောကပြောတဲ့ မောင်ဒွေးလွင်ဆိုတာလည်း

နောက်တော့ ဆရာသမားများက ဖျောင်းဖျသွန်သင်တဲ့ အတိုင်း မခံနိုင်စိတ်တွေ ပယ်ဖျောက် ပစ်လိုက်နိုင်ပါတယ်၊ သာသနာဘောင်ဝင်ရောက်ပြီးတဲ့အခါမှာတော့ အဲဒီဦးဇင်း ငယ်လည်း သကျသီဟ စာမေးပွဲကြီးမှာ စာသင်တန်း စာချ တန်းတွေ အောင်မြင်သွားရုံမကဘူး၊ ကျမ်းဂန်တွေ အများကြီး ပြုစုခဲ့လို့ လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပထမဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို သက်တော်-ဝါတော်အငယ်ဆုံးနဲ့ ရခဲ့တဲ့ ဘာသာဋီကာကျမ်းပြုအကျော်၊ တောင်မြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး 'အရှင်ဇနကာဘိဝံသ' ဆိုတာ ဖြစ်လာတာပေါ့၊ ဆရာတော်ဘုရားကြီးက သူကိုယ်တိုင်ရေးသားတဲ့ 'တစ်ဘဝသံသရာ' ကိုယ်ရေး အတ္ထုပ္ပတ္တိစာအုပ်မှာ အဲဒီအကြောင်းတွေကို ထည့်ရေးထား ပါသတဲ့။ ဒီလောက်ဆိုရင် မခံနိုင်စိတ်နဲ့ မခံချင်စိတ်တို့ရဲ့ ခြားနားချက်တွေကို မင်း ခန့်မှန်းမိလောက်မယ် ထင်ပါတယ်။

မခံနိုင်စိတ်ရှိသူက မခံနိုင်ဘူးဆိုပြီး ဝမ်းနည်းပူဆွေး ငိုကြွေးတဲ့အတွက် အချိန်ပြုန်း လူနုံးနဲ့ ကျက်သရေတုံး နေမယ်၊ ဘာမှကောင်းကျိုး မပြီးဘူး၊ **'နေမင်းကြီး ဝင်သွား လို့ သင်ထိုင်ငိုနေလျှင် လမင်းကြီးနဲ့လည်း သင် လွဲသွားဦးမှာပါပဲ'** ဆိုတဲ့ စာဆိုကြီးတဂိုးရဲ့ ကဗျာ လေးလိုပေါ့၊ မခံချင်စိတ်ရှိသူက နောက်တစ်ခါဒီလိုမျိုး မခံစားရအောင်ဆိုပြီး စိတ်ဓာတ်ခွန်အားကို မြှင့်တင်ကြိုးစား

တယ်၊ အဲဒီတော့ သူ့မှာ ကောင်းကျိုးချမ်းသာတွေ ကျက်သရေမင်္ဂလာတွေ တိုးသည်ထက်တိုးလာတာပေါ့။

မင်းကိုယ်မင်း ပြန်မေးကြည့်ပေါ့ကွာ 'ကျက်သရေ တုံးနေချင်တာလား၊ ကျက်သရေ တိုးနေချင်တာလား' ဆိုတော့ အဲဒီကလေးက 'ကျက်သရေ တိုးနေချင်တာပါ'တဲ့၊ 'အေး .. ဒီလိုဆိုရင် မခံနိုင်စိတ်တွေကို ဖယ်ရှားပစ်လိုက်ပြီး မခံချင်စိတ်ကိုမွေးပါ' လို့ ပြောလိုက်ပါတယ်။

'မှန်ပါ .. အဲဒီလိုဖြစ်အောင် ကြိုးစားပါမယ်၊ ကတိပြုပါတယ်ဘုရား'လို့ ပြန်ပြောပါတယ်၊ 'အေး .. ရည်မှန်းချက်တို့ ကတိစကားတို့ဆိုတာ လုပ်ဆောင်ချက်နဲ့ သက်သေပြမှ ယုံကြည်အားကိုး လေးစားထိုက်သူဖြစ်မယ် နော်' ဆိုတော့ သူက နည်းနည်းရယ်သံပါပြီး 'မှန်ပါ .. စိတ်ချပါ ဘုရား'လို့ ကတိထပ်ပေးပါတယ်။


ပြီးတော့ နည်းနည်းထပ်ပြောရဦးမယ်၊ မင်းရဲ့ ရည်မှန်းချက်တွေထဲမှာ စာမေးပွဲအောင်ဖို့၊ အလုပ်အကိုင်တွေ ရပြီး စည်းစိမ်ဥစ္စာတွေနဲ့ ပျော်မွေ့နေဖို့လောက်တင် ရပ်မနေနဲ့ ဦး၊ လူဖြစ်ကျိုးနပ်တဲ့ ကျက်သရေဆိုတာ အလုပ်အကိုင်တွေ ရာထူးတွေ စည်းစိမ်တွေကို ဆိုလိုတာမဟုတ်ဘူး၊ တကယ့် ကျက်သရေအစစ်ဆိုတာ ယုံကြည်ထိုက်သူ၊ အားကိုးထိုက် သူ၊ လေးစားထိုက်သူဖြစ်အောင် လောကအကျိုး မွေ့အကျိုး တွေကိုလဲ စွမ်းနိုင်သမျှ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး

ဆောင်ရွက်တဲ့ ဂုဏ်သိက္ခာကို ခေါ်တာ၊ 'မင်းလည်း ဘာပဲ လုပ်လုပ် ရာထူးတိုးဖို့၊ စီးပွားဖြစ်ဖို့ဆိုတဲ့ စိတ်ဓာတ်ကို အဓိကမထားဘဲ ဂုဏ်သိက္ခာရှိဖို့ ကျက်သရေရှိဖို့ ဆိုတာကို အဓိကထားရမယ်နော်' လို့ပြောလိုက်တော့ 'လုံး၀ စိတ်ချပါ ဘုရား' လို့တော့ ပြောတာပဲ။ 'လုံး၀'တင် ရပ်မနေဘဲ စိတ်ချရ သူများ ဖြစ်ကြပါစေလို့သာ ဆုတောင်းလိုက်ရပါတော့တယ်။

**ယုံကြည်,လေးစား,အားကိုးထိုက်တဲ့**
**ကျက်သရေရှင်များ ဖြစ်ကြပါစေ။**

အလင်းတန်းဂျာနယ်

၂၉ - ၉ - ၂၀၀၈



အမတမော်ကွန်း

# အမှတ မော်ကွန်း

လောကကျက်သရေလေးတွေကို ရေးလာခဲ့တာ အတော်လေးထောင့်စုံသွားပြီလို့ထင်ပါတယ်။ တစ်ဘဝပြီး တစ်ဘဝ ဖြတ်သန်းနေရတဲ့ လောကသံသရာခရီးဆိုတာ တစ်နှစ်ပြီး တစ်နှစ်ဖြတ်သန်းနေရတဲ့ တစ်ဘဝခရီးနဲ့ ဘာမှ သိပ်မထူးလှပါဘူး။

တစ်နှစ်ဆိုတဲ့ ခရီးပေါက်ဖို့အတွက် နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ ဥတုသုံးပါးကို ဖြတ်သန်းရမြဲဖြစ်သလို တစ်ဘဝဆိုတဲ့ ခရီးပေါက်ဖို့ အတွက်လဲ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်းဆိုတဲ့ အရွယ်သုံးခု ဥတုသုံးပါးကို ဖြတ်သန်း ရမှာကတော့ ရှောင်လွှဲလို့ မရတဲ့ နိယာမတရားကြီးပဲ ဖြစ်ပါတယ်။

တကယ်တမ်း စဉ်းစားကြည့်မယ်ဆိုရင် လောက မှာ 'ကျက်သရေ မင်္ဂလာများ' ရယ်လို့ မှတ်ယူပြောဆိုနေကြတဲ့ အတွေ့အကြုံတို့၊ ဗဟုသုတတို့၊ အသိပညာတို့ဆိုတာဟာ

အရွယ်သုံးခု၊ ဥတုသုံးလီကို မညည်းမညူ ကျော်လွှားခဲ့သူတွေ အတွက်သာ ရနိုင်တဲ့ဆုလာဒ်တွေပါ။ အချိန်အရွယ်ကို မဖြတ်သန်းဘဲ အတွေ့အကြုံတို့၊ ဗဟုသုတတို့၊ အသိပညာ တို့ ဆိုတာကို ရရှိုးထုံးစံ မရှိနိုင်ပါဘူး။

ဘဝတစ်ခုကို 'တစ်နှစ်'တာကာလလို သဘောထားပြီး မွေးခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို ဥတုသုံးပါးလို သဘောထားနိုင်ပြီဆိုရင်တော့ သတ္တဝါတိုင်းက ကြောက်စရာအကောင်းဆုံးလို့ထင်နေတဲ့ 'သေခြင်း'ဆိုတာဟာ ဘာမှအဆန်း မဟုတ်တော့လောက်ပါဘူး၊ ဘဝရဲ့ မှတ်တိုင်ကလေးတစ်ခုလောက်ပါပဲ၊ ဒါကြောင့်လဲ ဘုရားရှင်က ပရိနိဗ္ဗာန်ပြုဖို့ လပိုင်းလောက်လိုတော့တဲ့ အချိန်တုန်းက အရှင်အာနန္ဒာကို **'အနစ္ဆရိယံ ခေါ ပနေတံ အာနန္ဒ ယံ မနုဿဘူတော ကာလံ ကရေယျ = အာနန္ဒာရဲ့ လူ ရယ်လို့ ဖြစ်လာပြီးသူတိုင်း သေရတယ်ဆိုတာ ဘာမှဆန်းတဲ့ကိစ္စမဟုတ်ဘူး'** လို့ မိန့်ကြားခဲ့တာဖြစ်မှာပါ။

နို့ .. သေတာကမဆန်းရင် ဘာကဆန်းသလဲ၊ အဖြေကရှင်းရှင်းကလေးပါ၊ 'သေတာမဆန်းပါဘူး' ဆိုမှတော့ 'နေတာက ဆန်းတယ်'ပေါ့၊ ဟုတ်လည်း ဟုတ်ပါတယ်၊ သက်ရှင်နေထိုင်စဉ်ကာလဟာ ဆန်းလည်းဆန်း အရေးလည်းကြီးပါတယ်၊ သက်ရှင်နေထိုင်သမျှတွေထဲမှာလည်း

လူ့ဘ၀မှာ လူအဖြစ်နဲ့ အသက်ရှင်နေထိုင်ရတာဟာ 'အထက်မှာ ဘ၀ဂ်လွန်အထိနဲ့ အောက်မှာ အဝီစိတိုင်အောင် ကိုယ်ဦးတည်လျှောက်လှမ်းရာ ကံများနဲ့ တန်ရာတန်ရာ ရောက်နိုင် စွမ်းရှိတဲ့အတွက် ပိုပြီးဆန်းလည်းဆန်း၊ အရေးလည်းကြီးတဲ့ အခွင့်ထူးကြီးတစ်ခု (**မနုဿတ္တ ဘာဝေါ ဒုလ္လဘော**)လို့ မြတ်စွာဘုရားရှင်ကလဲ ဟောညွှန် သတိပေးခဲ့ပါတယ်။

ဒီလို အရေးပါဆန်းကျယ်တဲ့ လူ့ဘ၀မှာနေရခိုက် အတွင်း အဆန်းတကြယ်အရေးပါအောင် ဘယ်နည်း ဘယ်ပုံနေရမှာလည်းဆိုတဲ့ ကိစ္စကအရေးကြီးပြီး အလေး ထားသင့်တဲ့ပြဿနာပါ၊ ဒီပြဿနာရဲ့ အဖြေနဲ့ပတ်သက် လို့တော့ ကဗျာကဝိ ဆရာကြီးဇော်ဂျီရဲ့ 'သင်သေသွားသော်' ဆိုတဲ့ အကြံပြုတိုက်တွန်းကဗျာဟာ အလေးထားလိုက်နာ စရာ ဘ၀လမ်းညွှန် ကဗျာတစ်ခုလို့ ဆိုချင်ပါတယ်။

ဆရာကြီးက

**' လူ့ပြည်လောက၊ လူ့ဘ၀ကား၊**
**အိုရ,နာရ၊ သေရဦးမည်၊**
**မှန်ပေသည်တည်း'** တဲ့။

ဒါကတော့ 'သေတာဟာ အဆန်းမဟုတ်ပါဘူး' ဆိုတဲ့ ဘုရားရှင်ရဲ့ စကားတော်ကို မငြင်းမဆန် သဘောတူ လက်ခံလိုက်တာပါ။

ပြီးတော့မှ မသေမီနေရခိုက်ကလေးမှာ လောကနဲ့လည်း အံဝင်၊ ဓမ္မနဲ့လည်း မဆန့်ကျင်အောင် နေထိုင်တတ်ကြဖို့အတွက် ...

'သို့တပြီကား၊ သင် သေသွားသော်၊
သင် ဖွားရာမြေ၊ သင်တို့မြေသည်၊
အခြေတိုးမြင့်၊ ကျန် ကောင်းသင့်၏'တဲ့။

လူတစ်ယောက်အနေနဲ့ လူဆန်ဆန်ပြုမူ နေထိုင်ခဲ့ကြောင်း ပတ်ဝန်းကျင်တစ်လောကလုံးက သိသာမြင်သာပြီး တစ်ဘဝခန္ဓာကို စွန့်ခွါသွားရဦးတော့ မျိုးနွယ်အဆက်ဆက်တို့ရဲ့ ရင်ထဲ အသိထဲမှာ မသေဘဲကျန်ရစ်မယ့် 'အမတမော်ကွန်း'ကို ထိုးခဲ့တဲ့အနေနဲ့ မိမိမွေးဖွားရာမြေဖြစ်တဲ့ နိုင်ငံအကျိုး၊ ဝန်းကျင်ဒေသနဲ့ ရပ်ရွာအကျိုးတွေတိုးတက်ရာ တိုးတက်ကြောင်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ဖို့တာဝန်ရှိကြောင်း ဆရာကြီးက သတိပေးခဲ့တာပါ။

ဒီနေရာမှာ ပိဋကတ်တော်ကပြောတဲ့ 'လာခြင်းကောင်းသူ (သွာဂတ)' နဲ့ 'လာခြင်းဆိုးသူ (ဒွါဂတ)' ပုဂ္ဂိုလ်တို့ကိုလဲ သိထားသင့်ပါတယ်။

'လာခြင်းကောင်းသူ'ဆိုတာ ရောက်လာပြီး အတူတူ ကြုံတွေ့ရရင် ဝမ်းသာကြည်နူးမှုကို ဖြစ်စေပြီး ခွဲခွါရရင် ဝမ်းနည်းစရာကောင်းတဲ့ ပုဂ္ဂိုလ်မျိုးပါ။

အနီးကပ်ဉပမာပြုရရင်တော့ အမေရိကန်တို့ရဲ့

ဂျော့ဝါရှင်တန်တို့၊ လင်ကွန်းတို့၊ အိန္ဒိယရဲ့ မဟတ္တမဂန္ဒီတို့ .. နေရူးတို့၊ မြန်မာတို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ မင်းကွန်း ဆရာတော်တို့စတဲ့ ပုဂ္ဂိုလ်မျိုးတွေကို ဆိုရမှာပေါ့။

စာရေးဆရာကြီး ဘားနဒ်ရှောပြောတဲ့ **'ဒီလို သူငယ်ချင်းမျိုးတစ်ယောက်ကို ကျွန်တော်သေသွား လို့သာ ဆုံးရှုံးချင် ဆုံးရှုံးရပါစေ၊ သူကွယ်လွန်လို့ ဆုံးရှုံးရတာမျိုးတော့ အဖြစ်မခံနိုင်ပါ'** ဆိုသလို အများက လေးစားသိမှတ်ရတဲ့ ပုဂ္ဂိုလ်မျိုးပါ။

မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ဆက်စပ်ရာ ဝန်းကျင်တစ်ခုလုံး က ဒီလိုအသိအမှတ်ပြုရလောက်အောင် ပြုမူကျင့်သုံးနေထိုင် သွားသူဟာ သက်တမ်းကုန်လို့ ဘဝတစ်ခုကူးပြောင်းသွား ရစေဦးတော့ ကျန်ရစ်သူမျိုးနွယ်အဆက်ဆက်တို့ရဲ့ နှလုံးသားထဲမှာ မသေမပျောက်စေတဲ့အတွက် အမတ မော်ကွန်းကို ရေးထိုးခဲ့သူများလို့လည်း ဆိုနိုင်ပါလိမ့်မယ်၊ သေတဲ့အထိ တ,နေရတဲ့လူမျိုးပေါ့၊ ဒီနေ့မြန်မာပြည် အရပ်ရပ်က မြို့ကြီးများမှာတွေ့ရတဲ့ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဦးဝိစာရ အဝိုင်းစတာတွေဟာ ဒီလိုပုဂ္ဂိုလ်မျိုးတွေရဲ့ အမတမော်ကွန်း များလို့ ဆိုရပါလိမ့်မယ်။

ဒီလိုနိုင်ငံအဝှမ်းနဲ့ မဟုတ်စေဦးတော့ မိမိကျင်လည် ရာ ဝန်းကျင်တစ်ခုအတွင်းမှာ မိမိစွမ်းနိုင်သလောက် လောက

အကျိုးအတွက် ဆောင်ရွက်ခဲ့သူများဟာလည်း တစ်နိုင်တစ်ပိုင် အမတ မော်ကွန်း စိုက်ထူခဲ့သူများပဲ ဖြစ်ပါတယ်။

မိမိတို့ဒေသမှာ ခရီးဝေးလှည်းသမားများ တစ်ထောက်နားနေရာ စခန်းထောက်များအဖြစ် ခုအထိ သိမှတ်ပြောဆိုနေကြတဲ့ 'ဘုန်းကြီးကန်' တို့ 'ဖိုးရွှေဘော် သရက်တော' တို့ 'ဦးလူတုတ်ဇရပ်'တို့ဆိုတာတွေဟာလဲ သူ့အရပ်နဲ့ သူတော့ အမတမော်ကွန်းတွေလို့ပဲ ဆိုရမှာပါ။

ဆရာဇော်ဂျီ ဖြစ်စေချင်တဲ့ လူမျိုးဟာလည်း ဘုရားရှင်က 'လာခြင်းကောင်းသူ'လို့ အသိအမှတ်ပြုရတဲ့ အဲဒီလိုလူမျိုးတွေပဲ ဖြစ်ပါလိမ့်မယ်။

ဒီလိုပုဂ္ဂိုလ်များရဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ ကတော့ ရောက်လာပြီး အတူကြုံတွေ့နေထိုင်ရရင် စိတ်ပျက် ဝမ်းနည်းစရာကောင်းပြီး ခွဲခွါမှ စိတ်ချမ်းသာခွင့်ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးပါ၊ မသေနိုင်တဲ့အတွက် တ,နေရတဲ့ ပုဂ္ဂိုလ်မျိုးပေါ့၊ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်လို့ ပိဋကတ်တော်များမှာလည်း ရှင်ဒေဝဒတ်တို့၊ စိဉ္စမာနတို့ဟာ ထင်ရှားသလို ကမ္ဘာ့သမိုင်း မှာလဲ ဟစ်တလာတို့၊ မူဆိုလိုနီတို့ဆိုဟာ ထင်ရှားပါတယ်။

မိသားစုတစ်ခု၊ ဒေသတစ်ခုအနေနဲ့ မသေလို့ တ,ရတဲ့ လာခြင်းဆိုးပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်လို့တော့ တိပိဋကဓရ(ယော)ဆရာတော် မိန့်ကြားတဲ့ 'ကံကောင်း' အကြောင်းကလဲ သတိထား အသိပွားစရာပါပဲ၊ ဆရာတော်

မိန့်ကြားတာကတော့ ...

ဒေါ်အေးမြဆိုတဲ့ ဒကာမကြီးမှာ သမီးသုံးယောက် ဆက်တိုက် ဖွားမြင်ပြီးနောက် သားကလေးတစ်ယောက် ထွန်းပေါက်လာတဲ့အခါ အတိတ်ကောင်း နိမိတ်ကောင်း ယူပြီး 'ကံကောင်း'လို့ အမည်ပေးလိုက်သတဲ့၊ ကံကောင်း လူမှန်းသိတတ်စအရွယ်မှာပဲ ဖခင်ကြီးက နိုင်ငံတာဝန် ထမ်းဆောင်ရင်း ဆုံးပါးသွားပေမယ့် နေစရာတိုက်ခန်းတို့ စားစရာဈေးဆိုင်တို့နဲ့ ပြည့်ပြည့်စုံစုံထားရစ်ခဲ့လို့ ဒေါ်အေးမြ ဟာ နာမည်နဲ့လိုက်အောင် အေးအေးမြမြပါပဲတဲ့။

အရွယ်ရောက်လို့ ကျောင်းနေချိန်မှာတော့ ဖိုးကံကောင်းဟာ ပညာကအလယ်တန်းလောက်ရောက်တဲ့ အချိန်မှာပဲ မကောင်းမှုက ဘွဲ့လွန်အဆင့်အရောက်နေပြီ၊ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာတို့လောက်သာမကဘဲ ကာလပေါ်ဆေးဝါးတွေပါ စွဲနေပြီ။

သူ့ညှင်းဆဲတဲ့ ဒဏ်မခံနိုင်တော့လို့ အမတွေလည်း အိမ်ထောင်တွေ စောစောပြုပြီး ခွဲခွါသွားကြပြီတဲ့၊ ဖိုးကံကောင်း က နာမည်နဲ့လိုက်အောင် ကံကောင်းတွေကို မပြုဘဲ ကံဆိုးတွေကို ဆက်တိုက်ပြုလုပ်လာတဲ့အတွက် နောက်ဆုံး တော့ ကာလပေါ်ဆေးဝါးများရဲ့ အကျိုးဆက်တစ်ခုအဖြစ်နဲ့ ကာလပေါ်ရောဂါဆိုးပါ စွဲကပ်လာတဲ့အခါမှာတော့ မိခင်ကြီးခမျာမှာလည်း နာမည်နဲ့လိုက်အောင် မအေး မမြနိုင်

ရှာပဲ သားဆိုးရဲ့ ဆေးမရှိတဲ့ ရောဂါကြီးအတွက် ထုခွဲရောင်းချ ကုသပေးနေရာက ခုနှစ်နှစ်လောက် ကြာတဲ့အခါ နေရာ တိုက်ခန်းရော ဈေးဆိုင်ခန်းလေးများပါ အားလုံး ထုခွဲ ရောင်းချလိုက်ရလို့ ကုန်တော့မှပဲ ဖိုးကံကောင်းရဲ့ ကံဆိုးများနဲ့ ဘဝဆိုးက အဆုံးသတ်သွားတော့တယ်၊ နေစရာရော စားစရာပါ အားလုံးခြေမဲ့လက်မဲ့ဖြစ်သွားတဲ့ ဒေါ်အေးမြရဲ့ ဘဝကတော့ နာမည်နဲ့ဆန့်ကျင်စွာပဲ ခရီး ဆက်ရဦးမည့်အနေအထားပါ၊ ဒါကြောင့်လည်း ဒေါ်အေးမြ ခမျာ သားဆိုးရဲ့ အလောင်းဘေးမှာ ထိုင်တဲ့ပြီး 'ကံကောင်း ရယ် .. နင်အသေနှောင်းတာ ငါရင်နာသဟဲ့'လို့ အော်ငိုလိုက် ပါသတဲ့။

ဆရာဇော်ဂျီရဲ့ ကဗျာမွန်က ဒီလိုလာခြင်းဆိုးသူ အဖြစ်နဲ့ မွန်မြတ်တဲ့ လူ့ဘဝကြီးကို အချည်းနှီးအဆုံးမသတ် ကြဘဲ စွမ်းနိုင်သမျှ အမတမော်ကွန်းများ ရေးထိုးမိကြစေဖို့ အချိန်မီသတိပေးထားတာပါ။ ဆရာကြီးရဲ့ ကဗျာမွန်မှာ ဒေသအရေး၊ နိုင်ငံအရေးအတွက်သာမကပါဘူး စာပေ အနုပညာနဲ့ပတ်သက်လို့လဲ ...

'သင်၏မျိုးသား၊ စာ စကားလည်း၊
ကြီးပွား တက်မြင့်၊ ကျန်ကောင်းသင့်၏'လို့

သတိပေးခဲ့ပါသေးတယ်၊ ဆရာကြီးများဟာ 'ပြောသလို လုပ်ပြီး၊ လုပ်သလိုပြောကြတဲ့ တိဟိတ်ယောက်ျားမြတ်ကြီး

များပီပီ သူတို့ကိုယ်တိုင်လည်း နိုင်ငံအရေးရော စာပေ , ယဉ်ကျေးမှု , အနုပညာအရေးနဲ့ အမျိုးသားတို့ရဲ့ နှလုံးသည်းပွတ်လို့ဆိုရမယ့် ပညာရေးမှာပါ အဘက်ဘက်က အမတ မော်ကွန်းကြီးတွေ ထင်ထင်ရှားရှား စိုက်ထူခဲ့သူများ ဖြစ်ကြတာကိုတော့ အထူးပြောနေဖို့ မလိုတော့ပါဘူး။

'မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှု'လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် 'သခင်ကိုယ်တော်မှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ လူထုဒေါ်အမာ'စတဲ့ မှတ်တိုင်ကြီးတွေဟာ ထီးထီးမားမားရော၊ ညီညီညွတ်ညွတ်ပါ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါတယ်။

မြင့်မြတ်တဲ့ ဇာတ်လမ်းတစ်ခုဆိုတာ လောကအမြင်ရော ဓမ္မအမြင်ပါ နှစ်ဘက်မြင်လှပမှ ပြည့်စုံပါတယ်၊ လောကအမြင်သာ လှပပြီး ဓမ္မအမြင် မလှပသေးတဲ့ တစ်ဘက်လှဘဝမျိုးဟာ ပြည့်စုံမြင့်မြတ်တဲ့ ဘဝတစ်ခုလို့ မဆိုနိုင်သေးပါဘူး။

ဘဝတစ်ခုကို နှစ်ဘက်အမြင်လှအောင် သရုပ်ဆောင်တတ်ဖို့ဆိုတာကလည်း သာသနာတော်ကြီးနဲ့ ကြုံကြိုက်ခွင့်ရမှသာ ကြည့်တတ် မြင်တတ် သရုပ်ဆောင်တတ်တာမျိုးပါ၊ အခုခေတ်အခါကြီးဟာ သာသနာတော် မြတ်ကြီးနဲ့ပါ ကြုံကြိုက်ခွင့်ရနေခိုက်ဖြစ်လို့ ဘဝကို နှစ်ဘက်မြင်လှပအောင်နေကြဖို့ကိုလည်း ဆရာကြီးက မမေ့ခဲ့ပါဘူး၊

ဒါကြောင့်လည်း သူ့ရဲ့ကဗျာနောက်ဆုံးပိုဒ်မှာ ...

**'သင်ဦးချ၍၊**

**အမျှဝေရာ၊ စေတီသာနှင့်၊**

**သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊**

**ပြောင်လျှက်ဝင်းလျှက်၊ ကျန်စေသတည်း'**လို့

သတိပေးခဲ့တာပါ။

စကားတစ်ခုကို နှစ်ပိုဒ် သုံးပိုဒ်စသည် ပြောတဲ့အခါ နောက်နောက်ပြောတဲ့ အပိုဒ်ကို အနှစ်ချုပ်အနေနဲ့ အလေးအနက်မှတ်ယူရမယ် ဆိုတဲ့အတိုင်း ဆရာကြီးကဗျာထဲက ဒီနောက်ဆုံးအပိုဒ်ဟာ အရေးအကြီးဆုံး အမတမော်ကွန်းထိုးခဲ့နိုင်ရေးအတွက် အထူးသတိပေးချက်လို့ မှတ်ယူရမှာဖြစ်ပါတယ်။

**'သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျှက် ဝင်းလျှက်၊ ကျန်စေသတည်း'**ဆိုတာ မြတ်ဗုဒ္ဓရဲ့ သာသနာကြီးအရောင်အဝါ တိုးတက်ထိန်ဝါရေးအတွက် ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုတာပါ။ သာသနာ တည်တန့်ရေးတာဝန်ဆိုတာ သင်ယူခြင်း၊ သင်ကြားခြင်း၊ လိုက်နာကျင့်သုံးခြင်း၊ လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်များကို ကိုယ်စိတ်နှစ်ရပ် အနှောက်အယှက်မပေးခြင်း၊ စွမ်းနိုင်သမျှ ထောက်ပံ့ကူညီခြင်းစတဲ့ တာဝန်များဖြစ်ပါတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးကို ဘုရားရှင်ကလည်း လောက,

သာသနာ နှစ်ဖြာလုံးနဲ့ မဆန့်ကျင်သူ ပုဂ္ဂိုလ်များဖြစ်ရုံမက၊ သာသနာတော်ရဲ့ အမြင့်မြတ်ဆုံး အဆင့်အတန်းဖြစ်တဲ့ အရဟတ္တဖိုလ်ပေါက် ရောက်နိုင်သူများလို့ သတ်မှတ်တော်မူခဲ့ပါတယ်။ (အံ၊ ၁၊ ၃၈၈)

အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ အဆင့်ဆိုတာကတော့ လောကမှာသာမက ဓမ္မမော်ကွန်းများထဲမှာပင် မပျက်မပြယ် တင့်တယ် ကျက်သရေရှိတဲ့ တကယ့် အမတမော်ကွန်းအစစ်ကြီးဖြစ်လို့ သံသရာအဆက်ဆက် သေနေရတဲ့ အသေဇာတ်လမ်းဆိုးကြီး တစ်ခန်းရပ်စေတဲ့ မော်ကွန်းမြတ်ကြီးလည်း ဖြစ်ပါတယ်။

**စွမ်းနိုင်သမျှ အမတမော်ကွန်း ထိုးနိုင်ကြပါစေသော်။ ။**

**လောကအားလုံး ကျက်သရေရှိကြပါစေ။**

ဓမ္မဘောရီအရှင်ဝီရိယ(တောင်စွန်း)

အလင်းတန်းဂျာနယ်

၂၂ ‧ ၉ ‧ ၂၀၀၈